# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၉)၊ အမှတ် (၂၁၀)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ အမြင်ကျယ်စေချင်ကြောင်း၊ စိတ်ခိုင်မာစေချင်ကြောင်း၊ ဝီရိယကောင်းစေချင်ကြောင်း၊ သွေးစည်းစေချင်ကြောင်း သတင်းစကားပါး




နေပြည်တော် မေ ၂၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ အမြင်ကျယ်စေချင်ကြောင်း၊ စိတ်ခိုင်မာစေချင်ကြောင်း၊ ဝီရိယကောင်းစေချင်ကြောင်း၊ သွေးစည်းစေချင်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

ဒီကနေ့ COVID ရောဂါရှင်တစ်ဦး ကွယ်လွန်အနိစ္စ ရောက်သွားပါတယ်။ အသက် (၆၀) ကျော် ရောဂါအခံရှိသူ အမျိုးသားတစ်ဦး ဖြစ်ပါတယ်။

COVID ရောဂါသာမက၊ ဘယ်ရောဂါကိုမဆို၊ ကာကွယ်ဖို့ရာ ကျန်းမာရေးအခြေခံကောင်းခြင်းက အရေးပါပါတယ်။ ဒါကြောင့် ပြည်သူတွေအတွက် အမိဝမ်းထဲ ရှိစဉ်ကစ၍ အသက်ထက်ဆုံး၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ဖို့ ကြိုးစားနေရတာပါ။

ကြုံတုန်း ပြောပါရစေ။ မနေ့က video တွေ့ဆုံပွဲအပြီးမှာ မန္တလေး ကန်တော်နဒီဆေးရုံကြီး ပြုပြင်ရေးအတွက် အလှူရှင်ရှိနေပြီဆိုတာ သိရပါတယ်။ ပြည်သူ့ကျန်းမာရေးအတွက် အထောက်အကူပါ။ ကျေးဇူးတင်ပါတယ်။

COVID နဲ့ နွှယ်တဲ့ ပြဿနာတွေကို စဉ်းစားတဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့ မြောက်မြားလှစွာသော အခြားစိန်ခေါ်မှုတွေကိုလည်း မြင်လာကြလိမ့်မယ်လို့ ထင်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံရဲ့ ထွန်းသစ်စ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး တိုးတက်မှုတွေ မယိမ်းယိုင်သွားအောင် ထိန်းသိမ်းထားရေး၊ များပြားလှစွာသော ကျွန်မတို့ ပြည်တော်ပြန် အလုပ်သမားများအရေး၊ ပြည်တွင်းစစ်နဲ့ နွှယ်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း၊ အနယ်နယ် အရပ်ရပ်ရှိ IDP စခန်းများအတွင်း၊ COVID ရောဂါ ကာကွယ်ရေး၊ မတည်ငြိမ်သေးတဲ့ မြောက်ပိုင်းရခိုင် အရေး။

COVID ရောဂါပေါ်လာလို့ အခြားစိန်ခေါ်မှုတွေက မပျောက်သွားပါဘူး။ COVID အလွန်အတွက်လည်း အခုကတည်းက ပြင်ဆင် ထားရပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ ပြည်သူတွေကို အမြင်ကျယ်စေချင်တယ်၊ စိတ်ခိုင်မာစေချင်တယ်၊ ဝီရိယကောင်းစေချင်တယ်၊ သွေးစည်းစေချင်တယ်။

ပြည်သူတွေဟာ အဓိက မဟုတ်ပါလား။

> “COVID ရောဂါသာမက၊ ဘယ်ရောဂါကိုမဆို၊ ကာကွယ်ဖို့ရာ ကျန်းမာရေး အခြေခံကောင်းခြင်းက အရေးပါပါတယ်။ ဒါကြောင့် ပြည်သူတွေအတွက် အမိဝမ်းထဲ ရှိစဉ်ကစ၍ အသက်ထက်ဆုံး၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ဖို့ ကြိုးစားနေရတာပါ။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း


စာ ၃


## စိတ်ခွန်အားဖြင့် ကိုဗစ် - ၁၉ ကို တာဝန်ကိုယ်စီ ပါဝင်ကူညီ တိုက်ထုတ်မည်


ဆောင်းပါး စာ ၆





# သွေးစည်းကြရမည့် သည့်ချိန်ခါ

ကိုဗစ်-၁၉ သည် လူတစ်ဦးချင်းစီကိုရော ကမ္ဘာကြီးကိုပါ အပြောင်းအလဲများစွာဖြစ်ပေါ်စေသည်။ သို့ရာတွင် အပြောင်းအလဲများက အစီအစဉ်တကျမဟုတ်ဘဲ မျှော်လင့်မထားသည့်ပုံစံများ၊ ကမောက်ကမများသာဖြစ်သည်။ လူသားတို့ မတွေ့ကြုံခဲ့ဖူးသော မာယာများပြီး နားလည်ရခက်သည့်ကပ်ရောဂါအတွက် ကာကွယ်ဆေးရာ ကုသဆေးပါ မတွေ့ရှိနိုင်သေးသည့်အခါ ရှေးရိုးစဉ်လာ နည်းလမ်းများဖြစ်သည့် အလုံပိတ်တားဆီးခြင်း၊ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း စသည့်နည်းလမ်းများကို တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးတို့တွင် ကျင့်သုံးကြရသည်။ ကူးစက်မြန်သည့် ကမ္ဘာ့ကပ်ရောဂါက ချမ်းသာသည့်နိုင်ငံ၊ ဆင်းရဲသည့်နိုင်ငံမရွေး၊ နိုင်ငံကြီးနိုင်ငံငယ်မရွေး မည်သူ့ကိုမျှ မျက်နှာသာမပေး။ ရောဂါဝေဒနာအပြင် အခြားသော စိန်ခေါ်မှုများစွာတို့ကိုပါ ယူဆောင်လာခဲ့ခြင်းဖြစ်သည်။

"ထိုင်းနိုင်ငံက ကျွန်မတို့ပြည်သူတွေ COVID ရောဂါပြဿနာကြောင့် ဒီအပတ်အတွင်းမှာ သောင်းဂဏန်းနဲ့ချီပြီး ပြန်လာကြပါတော့မယ်။ အခက်အခဲကြုံနေလို့ အမိမြေကို အားကိုးတကြီးပြန်လာကြတာကို ကျွန်မတို့ ဂုဏ်ယူရမှာပါ။ အတတ်နိုင်ဆုံး ကျန်းမာရေးအစီအစဉ်တွေနဲ့ ကြိုဆိုရမှာပါ။ ငါတို့အမိမြေပြန်ရောက်ပြီ၊ ငါတို့လုံခြုံပြီလို့ ခံစားစေချင်တယ်။ အရေးကြီးလို့ သွေးစည်းကြရအောင်" ဟူ၍ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် ပြည်သူတို့ထံ သတင်းစကားပါးခဲ့သည်။ ထိုင်းနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် မြန်မာ့ရွှေ့ပြောင်းအလုပ်သမားအများစု သွားရောက် အလုပ်လုပ်ကိုင်ခဲ့ကြသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည်။ ပုံမှန်ကူးသန်းသွားလာခြင်းမဟုတ်ဘဲ ကပ်ရောဂါဖြစ်ပွားခြင်း၊ စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းရခြင်း စသည့်အကြောင်းများကြောင့် လူအစုလိုက်အပြုံလိုက် ပြန်လည်ဝင်ရောက်လာကြမည်ဖြစ်ရာ ရောဂါကူးစက်ပျံ့နှံ့မှုများ မဖြစ်ပွားစေရန်အတွက် လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်းကပင် ကြိုတင်ပြင်ဆင်စီမံမှုများကို ပြုလုပ်နေခဲ့ရခြင်း ဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူအားလုံးမှာ နိုင်ငံတော်က သတ်မှတ်စီမံထားသည့် စောင့်ကြည့်ရေးစခန်းများတွင် ၂၁ ရက်ကြာ စောင့်ကြည့်မှုကို ခံယူသွားကြရမည်ဖြစ်ရာ ပြန်လည်ဝင်ရောက်လာမည့်သူများကို စနစ်တကျပြန်လည်လက်ခံရေး၊ နေရာထိုင်ခင်း၊ စားဝတ်နေရေးအပါအဝင် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့အတွက် စီမံဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် အမိမြေက နွေးထွေးစွာ ကြိုဆိုစောင့်ရှောက်နိုင်ရေး၊ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းနေခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတည်ဆောက်ရေးအတွက် အားသွန်ကြိုးပမ်းနေရသည့် အချိန်နှင့်တစ်ပြိုင်တည်းမှာပင် အခြားသော မဖြစ်မနေရင်ဆိုင်ဖြေရှင်းစရာ စိန်ခေါ်မှုများစွာတို့ကလည်း စောင့်ကြိုနေသည်။

မည်သည့်ဘေးအန္တရာယ်၊ မည်သို့သော စိန်ခေါ်တို့ကို မဆို မိမိတို့၏ စုပေါင်းအင်အားဖြင့်သာ ရင်ဆိုင်ကြရမှာဖြစ်သည်။ စုပေါင်းအင်အားသည် သွေးစည်းမှု၊ စည်းလုံးညီညွတ်မှုမှ ထွက်ပေါ်လာသည့် အင်အားဖြစ်ပြီး အောင်မြင်မှုဆီသို့ ဆောင်ကြဉ်းပေးသွားမည့် အင်အားလည်းဖြစ်သည်။ သမဂ္ဂါနံ တပေါ သုခေါ ဟူသော ဘုရားဟောဒေသနာနှင့်အညီ ညီညွတ်မှုကသာ ချမ်းသာခြင်းကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် တိုင်းရင်းသားဘာသာစကား အသံဖိုင်များပါဝင်သည့် Hand Speaker များ လှူဒါန်း

**ရန်ကုန် ဧပြီ ၂၉**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ် ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီတို့ အသုံးပြုရန်အတွက် တိုင်းရင်းသားဘာသာစကား အသံဖိုင်များပါဝင်သည့် Hand Speaker များ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) တွင် ကျင်းပသည်။



အခမ်းအနားတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ် ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက နှုတ်ခွန်းဆက် အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဒေါက်တာသန်းစိုးက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေါက်တာသန်းစိုးနှင့် ဇနီးဒေါ်တင်သူဇာတို့က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ် ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီတို့ အသုံးပြုရန်အတွက် Hand Speaker အလုံး ၂၀ ကို လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဒေါက်တာသန်းစိုးက "Hand Speaker နဲ့အတူ အသံဖိုင်ပါ တွဲသုံးလို့ ရတာတွေကို လာလှူတာပါ။ အသံဖိုင်တွေကလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်တွေကို မူတည်ပြီးတော့ ထုတ်ထားတာပါ။ ရည်ရွယ်ချက်ကတော့ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ Hand Speaker တွင် ကိုဗစ်-၁၉ အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များနှင့် တိုင်းရင်းသားအနုပညာရှင်များက မေတ္တာဖြင့် ပါဝင်ကူညီပေးထားသည့် အသံဖိုင်များ ပါဝင်ကြောင်း သိရသည်။

"အသံဖိုင်တွေမှာ တိုင်းရင်းသားဘာသာစကားအနေနဲ့ ရှမ်းဆိုရင် အောက်စဖို့ဒ် ဆရာတော်ကြီးက မိန့်မှာပေးထားတယ်။ ပိုးကရင်၊ စကောကရင် နှစ်ဘာသာနဲ့ ပြောပေးထားသလို တမီးလ်၊ ဟိန္ဒူ၊ ဂေါ်ရခါး၏ တရုတ်ပညာရှင်တွေကလည်း သူတို့ဘာသာစကားအလိုက် ကူညီပေးထားကြတယ်" ဟု ဒေါက်တာသန်းစိုးက ပြောသည်။

ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးက "Hand Speaker တွေ လာလှူတာ အဓိကက အဲဒီအထဲမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ တစ်ဦးချင်း ကာကွယ်လိုက်နာရမယ့် ကိစ္စတွေ၊ သတင်းစကားတွေ၊ ထုတ်ပြန်ချက်တွေကို တိုင်းရင်းသားဘာသာ စကားတွေအပါအဝင် ဘာသာစကား ၁၀ မျိုး ထည့်သွင်းပေးထားပါတယ်။ ကော်မတီကို စဖွဲ့ပြီလို့ သတင်းရတဲ့အချိန်မှာပဲ အခုလို ဆက်သွယ် လှူဒါန်းတာပါ။ အဲဒါတွေကို တိုင်းရင်းသား ဒေသတွေဆီ ဖြန့်ခွဲပေးသွားဖို့ ရှိပါတယ်" ဟု ပြောသည်။

**ညွှန့်ကိုကို၊ ဓာတ်ပုံ-ဖိုးထောင်**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၉** - မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ကို (အင်္ဂလိပ်/ မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန် ဖြစ်သည်။

၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံး အသုံးပြုသူများသာမက အများပြည်သူ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု၊ ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ဒုတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၉) အကောင်အထည်ဖော် ဆောင်ရွက်မှုများဟူ၍ အပိုင်း (၄) ပိုင်း ခွဲခြား၍ လည်းကောင်း၊ နောက်ဆက်တွဲများ၊ ပုံပြကားချပ်များဖြင့် လည်းကောင်း ပြုစုထားပါသည်။ တရားရုံး နှစ်စဉ် အစီရင်ခံစာနှင့် ပတ်သက်၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် scunionoff.dydgtir@mptmail.net.mm သို့ ပေးပို့နိုင်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**နေပြည်တော်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးဝန်ကြီးဌာန (၁၄) ကြိမ်မြောက် ပညာရေးနှင့် နည်းပညာ၊ သက်မွေးပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ETVSCG) အွန်လိုင်းအစည်းအဝေး တက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၂၉

**ပညာရေးဝန်ကြီးဌာန (၁၄) ကြိမ်မြောက် ပညာရေးနှင့် နည်းပညာ၊ သက်မွေးပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Education & TVET Sector Coordination Group – ETVSCG) အွန်လိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်၍ Video Conferencing စနစ်ဖြင့် ချိတ်ဆက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ အွန်လိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံးကို ကြိုဆိုပါကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ဝင်များမှာ မိမိတို့ ခေတ္တပြန်လည်ရောက်ရှိနေသည့် အချိန်ကာလ မတူညီသော တိုင်းပြည်များမှ တက်ရောက်ဆွေးနွေးရသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ETVSCG ၏ Co-Facilitator အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဩစတြေးလျနိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်းနှင့် အသစ်တာဝန်ထမ်းဆောင်မည့် ဖင်လန်နိုင်ငံအား ကြိုဆိုပါကြောင်း၊ ယနေ့အချိန်အခါသည် ပညာရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ကပ်ရောဂါစိန်ခေါ်မှုကာလကို ရင်ဆိုင်ကျော်ဖြတ်နေချိန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို လာမည့်လများတွင် အရေးပေါ်ပြန်လည်တုံ့ပြန်နိုင်ရေးအတွက် မိမိတို့ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့် ဆရာအတတ်ပညာသင်တန်းများ၊ သင်ယူမှုအခွင့်အလမ်းများကို မြန်မာဒစ်ဂျစ်တယ်ပညာရေးစနစ်ဖြင့်လည်း ဖြည့်ဆည်း ဆက်လက်အကောင်အထည်ဖော်ရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် လာမည့်သုံးလအတွင်း ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ် ၃ ရပ်ကို တင်ပြဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အဆိုပါဦးစားပေးလုပ်ငန်းစဉ်များကို ထိရောက်သော ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုလျက် အချိန်တိုကာလအတွင်း ပြီးမြောက်အောင် ပူးပေါင်းအကောင်အထည်ဖော်ကြမည်ဖြစ်ပါကြောင်း၊ ပထမဦးစားပေးလုပ်ငန်းမှာ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ၊ ဆရာမများအားလုံးအတွက် သင်ရိုးသစ် Grade-4, Grade-7, Grade-10 သင်ကြားသင်ယူမှု သင်တန်းများနှင့် ပညာရေးကောလိပ်များအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများကို ပညာရေးဝန်ကြီးဌာနက မြန်မာဒစ်ဂျစ်တယ်ပညာရေးစနစ် (Myanmar Digital Education Platform – MDEP) တည်ဆောက်ပံ့ပိုးဆောင်ရွက်မည့် အစီအစဉ်ဖြစ်ပါကြောင်း၊ လာမည့်စာသင်နှစ်တွင် ကျောင်းသားကျောင်းသူများနှင့် မိဘများသည် MDEP စနစ်၏ အကူအညီဖြင့်လည်း သင်ယူခြင်းကို အားဖြည့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း အိုင်စီတီနှင့် အလှမ်းဝေးသော ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများသို့ တိုးချဲ့ပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဖြစ်နိုင်လျှင် DBE Box၊ TV Education Channel၊ ဒီဗွီဒီ၊ ကွန်ပျူတာ၊ လက်တော့၊ Tablet ကဲ့သို့သော အထောက်အကူပြုပစ္စည်းများဖြင့် e-Learning အစီအစဉ်များ စတင်နိုင်ရေး စီစဉ်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် ပညာရေးဝန်ကြီးဌာနသည် မိုဘိုင်းဖုန်းအသုံးပြုပြီး Online Training၊ e-Learning Training များကို ပို့ချရန် ဆက်သွယ်ရေးကုမ္ပဏီများနှင့် ညှိနှိုင်းရန် စီစဉ်လျက်ရှိပါကြောင်း၊ ဒုတိယဦးစားပေးလုပ်ငန်းအနေဖြင့် MDEP Platform အောက်တွင် အခမဲ့အွန်လိုင်းစာကြည့်တိုက် (Free Online Library) တစ်ခု တည်ထောင်ရန်ဖြစ်ပါကြောင်း။

ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ ဖတ်ရှုလေ့လာလိုသည်များကို e-Library Website နှင့် App တို့မှတစ်ဆင့် မိမိလက်ကိုင်ဖုန်းဖြင့် သင်ယူခြင်း ပြုလုပ်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ တတိယဦးစားပေးလုပ်ငန်းမှာ ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ အတူတကွပူးပေါင်း၍ ကဏ္ဍအလိုက် ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအစီအစဉ် (၂၀၂၀-၂၀၂၁) COVID-19 Response and Recovery Plan (2020 – 2021) ကို ပြုစုစီစဉ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍအားလုံးကို ခြုံငုံမိစေပြီး ကာလတို၊ ကာလလတ်၊ ကာလရှည် ပိုင်းခြား၍ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပူးပေါင်းပြုစုကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ဖော်ပြပါ ဦးစားပေးလုပ်ငန်းစဉ် ၃ ရပ် အောင်မြင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များက သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းပူးပေါင်း ပံ့ပိုးပေးနိုင်ရန်နှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Comprehensive Education Development Plan) အရ ပညာရေးလိုအပ်နေသော ဒေသများကို ဝိုင်းဝန်းပူးပေါင်းဖြည့်ဆည်းပေးနိုင်ရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် Co-Facilitator ဖြစ်သူ H.E. Ms. Riikka Laatu, Ambassador of Finland to Myanmar က ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ် ၃ ရပ်ကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များဖြင့် ပူးပေါင်းပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ကိုဗစ်-၁၉ တုံ့ပြန်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်များကို PowerPoint Slides များဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က ဆွေးနွေးတင်ပြပြီး ယူနက်စကိုမှ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim က ရှေ့လုပ်ငန်းစဉ်အကျဉ်းချုပ်ကို ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီးအဝင်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စစ်ဆေးရေးဂိတ်လေးခု တည်ဆောက်မည်

**ပုသိမ် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ မေ ၂၈ ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကိုဗစ်-၁၉ ရောဂါ စနစ်တကျကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် စနစ်တကျစစ်ဆေးနိုင်ရေးအတွက် အခြားတိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဧရာဝတီတိုင်းဒေသကြီးသို့ ဝင်ရောက်လာမည့်သူများအား စစ်ဆေးသည့် ညောင်တုန်းမြို့နယ် မယ်ဇလီဂိတ်၊ ဒေးဒရဲမြို့နယ်အဝင် ဒေးဒရဲဂိတ်၊ မအူပင်-တွံတေးလမ်းရှိ ခတ္တိယဂိတ်နှင့် ဟင်္သာတခရိုင် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ဘက်ရဲဂိတ် စုစုပေါင်း စစ်ဆေးရေးဂိတ်လေးခုကို အဆင့်မြှင့်တင်ပြီး အမြန်တည်ဆောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူထံမှ သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**

# အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ကိုဗစ်-၁၉ ဆိုင်ရာ အထူးအစည်းအဝေး ကျင်းပ

## မြန်မာနိုင်ငံအနေဖြင့် အထူးအစည်းအဝေးက ထုတ်ပြန်မည့် ပူးတွဲကြေညာချက်ပါ ကိုဗစ်-၁၉ ၏ သက်ရောက်မှုများ လျှော့ချရေးလုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် မေ ၂၇

**အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ကိုဗစ်-၁၉ ဆိုင်ရာ Video Conference အထူးအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံမှ ဥက္ကဋ္ဌနှင့် အင်ဒိုနီးရှားနိုင်ငံမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။**






အထူးအစည်းအဝေးကို ကိုဗစ်-၁၉ ကြောင့် အဖွဲ့ဝင်နိုင်ငံများ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်မှု အခြေအနေများ သက်သာလျော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သုံးသပ်အကဲဖြတ် စာတမ်း ရေးသားထုတ်ဝေရန်နှင့် အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ် (Joint Statement) ကို ထုတ်ပြန်ရန် ကျင်းပခြင်းဖြစ်သည်။

### အကြံပြုဆွေးနွေး

အစည်းအဝေးတွင် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများက ကိုဗစ်-၁၉ ကြောင့် အာဆီယံခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများ၊ ဖြစ်ပေါ်လာမည့် ဆိုးကျိုးများ လျှော့ချနိုင်ရေးမူဝါဒများ၊ ပြန်လည်ထူထောင်ရေးမဟာဗျူဟာများ၊ အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အာဆီယံအရေးပေါ် အခြေအနေ ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ အထူးအစည်းအဝေးအား Video Conferencing ဖြင့် အချိန်နှင့်တစ်ပြေးညီ ကျင်းပသွားရန်၊ အာဆီယံဝက်ဆိုက်တွင် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားအကြံပြုချက်များကို စုစည်းလွှင့်တင်သွားရန်၊ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်းခရီးသွားလုပ်ငန်းကို ဦးစွာမြှင့်တင်သွားရန်၊ ကိုဗစ်-၁၉ ကာလအလွန်တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံအချင်းချင်း အပြန်အလှန် လည်ပတ်ရေးကို မြှင့်တင် ဆောင်ရွက်သွားရန်၊ အနာဂတ်တွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်း ခေါင်းဆောင်များ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အထူးအစည်းအဝေးက ထုတ်ပြန်မည့် ပူးတွဲကြေညာချက်ပါ ကိုဗစ်-၁၉ ၏ သက်ရောက်မှုများ လျှော့ချရေးလုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

### ပူးပေါင်းဆောင်ရွက်မည်

ပူးတွဲကြေညာချက်အရ အဓိကအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားဧည့်သည်များနှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများအားလုံးအတွက် ကိုဗစ်-၁၉ ဆိုင်ရာ တိကျမှန်ကန်သော သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့် ဖွဲ့စည်းထားရှိသော အာဆီယံခရီးသွားလုပ်ငန်း အရေးပေါ်အခြေအနေ ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ အပြင် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် ကပ်ဘေးများကြောင့် အကျိုးသက်ရောက်မှုများ လျှော့ချရေးအတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည့်စုံ၍ ပွင့်လင်းမြင်သာမှုရှိသည့် ဆောလျင်စွာတုံ့ပြန်နိုင်သော ပူးပေါင်းဆောင်ရွက်မှုအစီအမံများ ချမှတ်ဆောင်ရွက်သွားရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ ဆိုးကျိုးသက်ရောက်မှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများ၊ အတွေ့အကြုံကောင်းများနှင့် သတင်းအချက်အလက်များ ပြန်လည်မျှဝေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ အာဆီယံသို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များအကြား ဘေးကင်းလုံခြုံစိတ်ချမှုကို မြှင့်တင်ရန်၊ ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်သူများအတွက် ပြည့်စုံလုံလောက်သည့် အကာအကွယ်များ ရရှိစေမည့် လုပ်ငန်းခွင်စံနှုန်းနှင့် လမ်းညွှန်ချက်များ ရေးဆွဲဆောင်ရွက်ရန်၊ အာဆီယံ၏ ပေါင်းစည်းဈေးကွက်ဖြစ်ပေါ်လာရေး ရည်မှန်းချက်နှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု၍ ကိုဗစ်-၁၉ အလွန် ပြန်လည်ထူထောင်ရေးစီမံချက် ရေးဆွဲအကောင်အထည်ဖော်ရန်၊ အကြီးစား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းငယ်များနှင့် အခြားထိခိုက်မှုရှိသော လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေး၊ အခွန်အခနှင့် ဒစ်ဂျစ်တယ်အခြေခံ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ အကူအညီပေးရေးမူဝါဒများ ရေးဆွဲဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ အလွန်ကာလအတွက် အာဆီယံကို ရေရှည်တည်တံ့၍ အားလုံးပါဝင်မှုရှိသော ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာရေး မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

### ပူးတွဲကြေညာချက်အတည်ပြု

အထူး အစည်းအဝေးတွင် အာဆီယံ ခရီးသွားလုပ်ငန်းများအပေါ် ကိုဗစ်-၁၉ ဆိုင်ရာ သက်ရောက်မှုများ သုံးသပ်အကဲဖြတ်စာတမ်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်တို့ကိုလည်း အတည်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူ လူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀) ပြည့်နှစ်၊ ဧပြီလ (၂၈) ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်-

**COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၈-၄-၂၀၂၀) ရက်နေ့၊ (၁၆:၃၀) နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ရာဇဌာနီကျောက်မျက်ကုမ္ပဏီ | 500.00 |
| ၂။ | နန်းထိုက်ပြည့်ပိုင် ကျောက်မျက်ကုမ္ပဏီ | 500.00 |
| ၃။ | ရှောရတနာ ကျောက်မျက်ကုမ္ပဏီ | 500.00 |
| ၄။ | ထွန်းတောက်ဇမ္ဗူ ကျောက်မျက်ကုမ္ပဏီ | 500.00 |
| ၅။ | မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအသင်း | 335.00 |
| ၆။ | SUN Pharma | 200.00 |
| ၇။ | (1980-83) BE(Civil) RIT Alumni Group | 85.50 |
| ၈။ | ၁၉၈၂ ခုနှစ် စီးပွားရေးတက္ကသိုလ် ပထမနှစ်ဝင် ကျောင်းသား/သူများ (1982 YUE intake) | 82.00 |
| ၉။ | အထက-၆၊ ဗိုလ်တထောင်(စိန်ပေါလ်) ကျောင်းသားဟောင်းများ | 70.00 |
| ၁၀။ | ရွှေမြန်မာ | 50.00 |
| ၁၁။ | ဦးတင်ကိုလေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | 50.00 |
| ၁၂။ | Agri Best Friend Foundation (ABFF) မှစိုက်ပျိုးရေးကျောင်းဆင်းများနှင့် အလှူရှင်များ | 30.00 |
| ၁၃။ | မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်များအသင်း | 30.00 |
| ၁၄။ | ဦးထွန်းဦး+ဒေါ်လှမြိုင်(ရွှေကမ္ဘာ)မိသားစု | 20.00 |
| ၁၅။ | မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း | 10.00 |
| ၁၆။ | Win Pharmacy Co.ltd | 10.00 |
| ၁၇။ | Libert Group Trading Co.ltd | 10.00 |
| ၁၈။ | Saw Lwin Trading Co.ltd | 10.00 |
| ၁၉။ | First Prime Co.ltd | 10.00 |
| ၂၀။ | ဒေါက်တာဖြိုးအောင်ကျော် + ဒေါက်တာချောစုလှိုင် သမီး ဆသျှာဖြိုး ခေတ္တ UK | 10.00 |
| ၂၁။ | ဦးခင်မောင်တင်+ ဒေါ်စောရွှေ ရန်ကုန် | 10.00 |
| ၂၂။ | သြစတြေးလျနေ ဆရာတော် ဦးသုနန္ဒ | 10.00 |
| ၂၃။ | ဦးတင်အောင်ကျော်+ဒေါ်တင်နု၊ သမီး မကေဇင်လင်း | 7.00 |
| ၂၄။ | Kyaw Htet Aung Co.,Ltd | 5.00 |
| ၂၅။ | ဦးမျိုးအောင် (Myanmar Jick Young Co.ltd) | 5.00 |
| ၂၆။ | ဦးအောင်မင်း (Aung Cho Tun Co. ltd) | 5.00 |
| ၂၇။ | ဒေါက်တာဝင်းကြိုင်+ ဒေါ်ကြူကြူလွင် (Ye' Ta Khon Co-op ltd) | 5.00 |
| ၂၈။ | Zaurit Medicine, Med Equip & general trading Co-op society ltd | 5.00 |
| ၂၉။ | Shwe Htay Min Co.ltd | 5.00 |
| ၃၀။ | မူပိုင်ခွင့်ဌာနဝန်ထမ်းများ | 4.28 |
| | **စုစုပေါင်း** | **3,073.78** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**



# အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး တာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)

# ကရင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ဘားအံ ဧပြီ ၂၉**

ကရင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဧပြီလကုန်ရက်များတွင် ထိုင်းနိုင်ငံမှ နေရပ်ပြန်ပြည်သူများ ဒုတိယအသုတ် ပြန်လည်ဝင်ရောက်လာကြမည်ဖြစ်ပြီး အသွားအလာကန့်သတ်စောင့်ကြည့်မည့်နေရာများလည်း ကြိုတင်ပြင်ဆင်ထားကြောင်း၊ တစ်ရက်လျှင် ၂၅၀၀ ထက် မပိုသော အင်အားကိုသာ ဝင်ရောက်စေမည်ဖြစ်ပြီး မေ ၁ ရက်မတိုင်မီ ပြင်ဆင်မှုများ အားလုံးပြီးစီးအောင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေ၊ မီး၊ မိလ္လာ စသည်ဖြင့် လိုအပ်ချက်များရှိပါက အလှူရှင်များလည်း ပေါ်ပေါက်လာသည့်အတွက် နေရာထိုင်ခင်း၊ စားဝတ်နေရေး လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြစေလိုကြောင်း၊ လိုအပ်သည်များအားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးချင်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ပထမအသုတ်ကို မတ် ၂၃ ရက်မှ စတင်လက်ခံခဲ့ပြီး ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာမရှိဘဲ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လာမည့်သူများကို မေ ၁ ရက်ဟု ခန့်မှန်းထားသော်လည်း ထိုင်းနိုင်ငံတွင်း မူဝါဒနှင့် သွားလာရေးအခက်အခဲကြောင့် မေ ၂ ရက်မှသာ ပြန်လည်ဝင်ရောက်ကြမည်ဟု သုံးသပ်ရပါကြောင်း၊ မြဝတီမြို့ရှိ စောင့်ကြည့်ရေးစခန်းများကို နောက်ဆုံးမှသာ လက်ခံစေမည်ဖြစ်သည့်အတွက် မေ ၂ ရက်တွင် ဘားအံ၌ လူ ၁၀၀၀ ခန့် ဝင်ရောက်လာမည့်




ကရင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပစဉ်။

အနေအထားတွင်ရှိကြောင်း၊ ယခုပြန်လည်ဝင်ရောက်လာသူများသည် တစ်ဖက်နိုင်ငံတွင် ရောဂါပိုးတွေ့လူနာ လျော့ကျသွားသော်လည်း မိမိတို့အနေဖြင့် စိုးရိမ်ရသည့် အနေအထားတွင်ရှိနေသေးကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးက ကော်မတီ၏ ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များနှင့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း တာဝန်ခံများက စခန်းတစ်ခုချင်းစီအလိုက် လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များ၊ စေတနာ့ဝန်ထမ်းများ၊ NGO များ၊ စေတနာရှင်၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ပေါင်းစပ်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၌ ရေနက်တွင်းများ တူးဖော်ပေး

**နေပြည်တော် ဧပြီ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ညှိနှိုင်းတောင်းဆိုလာမှုအရ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ပေနက်တွင်းတူးစက် အကူအညီရယူကာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေ ရှားပါးပြတ်လပ်နေသော ကျေးရွာများအတွက် ရေနက်တွင်းတူးဖော်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ရေနက်တွင်း တူးဖော်ခြင်း လုပ်ငန်းစဉ်များအနက်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈ ဒသမ ၄၃ သန်းဖြင့် သန့်ရှင်းသော သောက်သုံးရေ လိုအပ်လျက်ရှိသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့ အခြေခံကျန်းမာရေး တက္ကသိုလ် အတွင်း၌ အနက်ပေ ၄၀၀ စက်ရေတွင်း တစ်တွင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်လုပ်ငန်းကို ဧပြီ ၁၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၄ ရက်တွင် ရေတွင်းတူးဖော်ခြင်း လုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုနှင့် ကျန်ဆက်စပ်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများက ဧပြီ ၂၈ ရက်တွင် မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မကွေးတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေရှားပါးသည့် ကျေးရွာများ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာခြောက်ရွာတို့၌ အဝီစိ ရေနက်တွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် တောင်ဇင်း ကျေးရွာအုပ်စု မန်ကျည်းစောက် ကျေးရွာတို့တွင်လည်း ဆက်လက်တူးဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် – ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဧပြီ ၂၉**

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် (၁၇) ဦး စုစုပေါင်း (၆၀) ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# စိတ်ခွန်အားဖြင့် ကိုဗစ် ၁၉ကို တာဝန်ကိုယ်စီပါဝင်ကူညီ တိုက်ထုတ်မည်

ဒေါက်တာအေးမြတ်လွင် (ဟသ်ာတ)

ကျွန်မတို့ ငယ်ငယ်က စာသင်တဲ့အထဲမှာ “ပေါက်ပင် ဘာလို့ ကိုင်းရတယ်၊ ဖျိုင်းနားလို့ ကိုင်းရတယ်၊ ဖျိုင်းဘာလို့နားရတယ်၊ ငါးပေါ်လို့ နားရတယ်၊ ငါးဘာလို့ပေါ်ရတယ်၊ ကျွဲလူးလို့ပေါ်ရတယ်၊ ကျွဲဘာလို့ လူးရတယ်၊ ဖြုတ်ကိုက်လို့ လူးရတယ်၊” ဆိုတဲ့ ကဗျာလေးလိုပါပဲ။ ခုချိန်မှာ ကပ်ရောဂါအသွင် ဖြစ်ပေါ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါနဲ့ ပတ်သက်လို့ ကြည့်ရင်လည်း အကြောင်းကြောင်းကြောင့် ပေါ်လာတဲ့ ရလဒ်ဟာ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ ဗဟုသုတ၊ ကိုယ်လိုက်နာကျင့်သုံးရမယ့် အပေါ်မှာထားတဲ့ ကိုယ်ခံယူတဲ့ အတွေးအခေါ်၊ ကိုယ်တန်ဖိုးထားသလောက်သာ ပြဋ္ဌာန်းတဲ့ အပြုအမူပုံစံတွေ၊ ကာကွယ်ရန်အတွက် သန့်ရှင်းသော လူနေမှုပုံစံအမျိုးမျိုးတို့ကို အကြောင်းပြုလို့ ဆင့်ကဲဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ကူးစက်မှုကလည်း မြန်ဆန်သလို၊ လူတိုင်းမှာ စိတ်ဖိစီးမှုတွေလည်း ဆက်တိုက်ဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။




သည် ကပ်ရောဂါနဲ့ ပတ်သက်လာရင် သံသယ အရှိခံရသူ၊ ပိုးတွေ့သူ၊ သူတို့ရဲ့ မိသားစုဝင်တွေ၊ စောင့်ရှောက်မှုပေးသူအားလုံးနဲ့ သူတို့ရဲ့ မိသားစုဝင်တွေ၊ ပတ်ဝန်းကျင်မှာ နေထိုင်နေသူတွေ၊ ပြည်သူလူထု အားလုံးတွေမှာ စိုးရိမ်ကြောက်လန့်တာတွေ၊ ထိတ်လန့်တာတွေ၊ ပူဆွေးသောက ရောက်ကြရတာတွေ၊ တုန်လှုပ်ချောက်ချားကြရတာတွေ၊ လမ်းစပျောက်ကြရတာတွေ၊ စသဖြင့် ဖြစ်ပေါ်ခံစားကြရပါတယ်။

တစ်ခါမှ မကြားဖူးတဲ့ ကူးစက်မြန်ရောဂါလည်းဖြစ်၊ ကပ်ရောဂါလည်း ဖြစ်တဲ့အတွက် လူတွေရဲ့ ပုံမှန်နေထိုင်မှုကို ပြုပြင်ပြောင်းလဲရတဲ့အပေါ်မှာပဲဖြစ်ဖြစ်၊ သတင်းမျိုးစုံ ကြားရကြည့်ရတဲ့အပေါ် လိုက်ပါတွေးတောလာတဲ့ အခါမှာပဲဖြစ်ဖြစ် စိတ်ဖိစီးမှုတွေ ရှိလာကြတာကို တွေ့မြင်နေရပါတယ်။

**စိတ်ခွန်အားပေးရန် ဆောင်ရွက်ကြခြင်း**

ဘယ်အကြောင်းကြောင်းကြောင့်ဖြစ်ဖြစ်၊ ယခု ကိုဗစ်-၁၉ မှာပဲဖြစ်ဖြစ် ပေါ်လာတဲ့ သည်စိတ်ဖိစီးမှုတွေကလည်း ဝုန်းခနဲ တောက်လောင် ဖိစီးသူတွေရှိကြသလို၊ တမြည့်မြည့် တောက်လောင်နေသူတွေလည်း ရှိကြပါတယ်။ ရေတို၊ ရေရှည် ခံစားကြရပါတယ်။ ယခုအခါ အားပေးကူညီပေးသူနဲ့ ကူညီခံရသူကြားမှာ နီးကပ်နွေးထွေးစွာ ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ အကာအကွယ်တွေ မပါမဖြစ် အသုံးပြုဆောင်ရွက်လာကြရပါတယ်။ တယ်လီဖုန်း နဲ့ အားပေးရတာတွေလည်း ရှိလာပါတယ်။

ဒါကြောင့် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကို ကမ္ဘာနဲ့အဝန်း၊ နိုင်ငံနဲ့အဝန်းမှာ ကာကွယ် ထိန်းချုပ်တားဆီးရေး လုပ်ငန်းတွေကို ဘက်စုံ ထောင့်စုံကနေ အရှိန်အဟုန်မြှင့်ပြီး တာဝန်ရှိသူတွေက ကျရာတာဝန်ကို မညည်းမညူနဲ့ ထမ်းဆောင်ကြချိန်မှာ လူတိုင်းနီးပါးရဲ့ စိတ်သောကတွေ၊ လူမှုရေးအခက်အခဲတွေအတွက် စိတ်ပိုင်းဆိုင်ရာ အားပေးစောင့်ရှောက်သူတွေက စနစ်တကျ နှစ်သိမ့်အားပေးမှုတွေလည်း ပါဝင်နေပါတယ်။

ကျွန်မတို့နိုင်ငံမှာ ခေါင်းစဉ်ပေါင်းများစွာနဲ့ စိတ်လူမှုထောက်ပံ့သူတွေ၊ ကောင်ဆယ်လာတွေကို မွေးထုတ်ခဲ့ကြသလို သင်တန်းရပြီးတဲ့အခါမှာလည်း သက်ဆိုင်ရာအခက်အခဲမျိုးစုံ၊ စိတ်ခံစားချက်မျိုးစုံအတွက် နေရာအနှံ့မှာ စနစ်တကျ အားပေးဆောင်ရွက်နေကြပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းတွေက စိတ်လူမှုစောင့်ရှောက်ရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်ကြပါတယ်။ ကျန်းမာရေးနယ်ပယ်မှာ အေအိုင်ဒီအက်စ်ကစလို့ မျိုးဆက်ပွား ကျန်းမာရေးအတွက်၊ စိတ်ကျန်းမာရေးအတွက်၊ တီဘီရောဂါအတွက်၊ ကင်ဆာရောဂါအတွက်၊ မူးယစ်ဆေးဖြတ်ဖို့အတွက် စသဖြင့်တွေကို အပြုအမူပြောင်းလဲခြင်းတွေပါဝင်တဲ့ စိတ်လူမှုထောက်ပံ့မှုတွေကို လုပ်ဆောင်ခဲ့ရာမှာ ယခုလည်း ကိုဗစ်-၁၉ အတွက် ဆက်လက်ဆောင်ရွက်နေကြပါတယ်။

သည်လိုပါပဲ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာလည်း ဖြစ်ရပ်စီမံခန့်ခွဲသူ ဝန်ထမ်းများဟာ အကြမ်းဖက်ခံရသူတွေ၊ လူကုန်ကူးခံရသူတွေ၊ ဘေးအန္တရာယ်မျိုးစုံကျရောက်ခံရသူတွေ၊ ဆယ်ကျော်သက်ဆိုင်ရာ၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုင်ရာတွေ အားလုံးအတွက် စိတ်လူမှုစောင့်ရှောက်ခြင်း၊ အားပေးကူညီခြင်း၊ ကောင်းဆဲလင်းပြုလုပ်ခြင်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နေကြပါတယ်။

အစိုးရဌာနတွေအပြင် သက်ဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေ၊ ပြည်တွင်း ပြည်ပလူမှုရေး အသင်းအဖွဲ့တွေ၊ ပြည်သူလူထုအခြေပြု လူမှုရေးအသင်းအဖွဲ့တွေကလည်း စိတ်လူမှု အားပေးခြင်း၊ ကောင်းဆဲလင်း ပြုလုပ်ခြင်းတွေအတွက် လိုအပ်တဲ့ သင်တန်းတွေပေးပြီး လိုအပ်တဲ့နေရာတွေကို အချိန်နဲ့တစ်ပြေးညီ အားဖြည့်နိုင်ခဲ့ကြပါတယ်။ နေရာဒေသတိုင်းမှာ ကြီးငယ်မဟူ လိုအပ်သူတွေကို လိုအပ်တဲ့ အချိန်အခါတိုင်းမှာ စောင့်ရှောက်အားပေးနေကြပါတယ်။

> **“အမျိုးမျိုးသော ဝန်ဆောင်မှုပေးသူအားလုံးဟာ တစ်ခါမှမဖြစ်ဖူးတဲ့ သည်ကူးစက်မြန်ရောဂါ ကပ်ဆိုးကြီးကို ဘက်စုံထောင့်စုံကနေ စီမံထိန်းချုပ် ကာကွယ်တားဆီးနေကြရပါတယ်။ တစ်ဖက်မှာလည်း ကျွန်မတို့အပါအဝင် အများပြည်သူများက ဖြစ်ပေါ်ခံစားနေရတဲ့ စိတ်သောကတွေ၊ စိုးရိမ်ပူပန်မှုတွေကို အားပေးသူများနဲ့ ဆွေးနွေးတိုင်ပင်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ဖြေရှင်းရင်း သည်ရောဂါဆိုးကြီးကို ကာကွယ်ထိန်းချုပ်ကျော်လွှားပြီး အေးချမ်းတဲ့ဘဝတွေကို ကိုယ်တိုင်ပြန်လည်ရယူ ပိုင်ဆိုင်နိုင်ဖို့လည်း လိုအပ်ပါတယ်”**

**လေ့ကျင့်ဆွေးနွေးသည့်ပုံစံ ပြောင်းလဲခြင်း**

ယခုလည်း သည်ရောဂါ ကပ်ဆိုးကြီးပေါ်ပေါက်လာတဲ့အခါ ဘက်စုံထောင့်စုံက ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ၊ တာဝန်ရှိသူများက ဆောင်ရွက်နေကြလို့ ပြည်သူတွေအနေနဲ့ ရောဂါပိုးအကြောင်းကို သိလာကြပါတယ်။ ဘယ်လိုကူးစက်တတ်တယ် ဆိုတာကိုလည်း တော်တော်များများ သိရှိနေကြပြီးဖြစ်ပါတယ်။

အလုပ်လုပ်ရင်း ရင်ဆိုင်ရင်းနဲ့ပဲ စိတ်ပူပင်မှုတွေ၊ စိတ်ဖိစီးမှုတွေဟာ တာဝန်သိသူ၊ တာဝန်ယူသူတွေ အပါအဝင် ပြည်သူတွေကြားမှာ ခိုအောင်းတွယ်ကပ်နေကြပါတယ်။

ကျွန်မက နှစ်သိမ့်ဆွေးနွေးခြင်းနဲ့ စိတ်လူမှုထောက်ပံ့တဲ့ အလုပ်တွေကို အဖွဲ့အစည်း တော်တော်များများနဲ့ စဉ်ဆက်မပြတ် လုပ်ဆောင်နေသူဖြစ်ပါတယ်။ လိုအပ်ချက်ပေါ်မူတည်ပြီး အကြောင်းအရာတွေ ပြောင်းတိုင်း (အေအိုင်ဒီအက်စ်၊ မျိုးဆက်ပွား၊ အကြမ်းဖက်၊ လူကုန်ကူး၊ သဘာဝဘေး စသည်ဖြင့်) ကို နည်းဗျူဟာ၊ နည်းပညာ၊ နည်းစနစ် စသည်တို့ကို ကိုက်ညီတဲ့ ပုံစံတွေကို ရည်ညွှန်းကိုးကားချက်များစွာနဲ့ အမှားမပါအောင်၊ အကျိုးသက်ရောက်မှုများအောင် ပြန်ပြောင်းဖန်တီးရပါတယ်။

ယခင်က လေ့ကျင့်ဆွေးနွေးပေးတဲ့ပုံနဲ့ ယခု ကိုဗစ်-၁၉ ဆိုင်ရာ စိတ်လူမှုသင်တန်းပေးနိုင်ဖို့ကို လေ့ကျင့်ဆွေးနွေးပေးတဲ့ ပုံစံတွေကို ပြင်ဆင်ရာမှာ ကူးစက်မြန်ရောဂါရဲ့ သဘောသဘာဝ၊ တွေ့ကြုံရတဲ့ စိတ်ဖိစီးမှု အခက်အခဲတွေအပေါ် မူတည်လို့ လေ့ကျင့်ပုံ၊ လုပ်ဆောင်ပုံတွေလည်း အထူးပြုမှုတွေ လုပ်ဆောင်ရပါတယ်။

ယခုအခါမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်ရှိ တိုင်းဒေသကြီးအသီးသီး၊ ပြည်နယ်အသီးသီးမှ ဝန်ထမ်း ၆၄ဦးကို အွန်လိုင်းသင်တန်းပေးဖို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လမ်းညွှန်မှုပေးခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အစီအမံနဲ့ ကိုဗစ်- ၁၉ ဆိုင်ရာ စိတ်လူမှုအားပေးထောက်ပံ့ခြင်း၊ ကောင်းဆဲလင်း အခြေခံသဘောတရား၊ တယ်လီဖုန်း ကောင်းဆဲလင်း အကြောင်းတွေအပြင် အချင်းချင်း ပြန်လည်စောင့်ရှောက်နိုင်ရန်ပါထည့်သွင်းပြီး အွန်လိုင်းသင်တန်းနဲ့ ကျွန်မတို့ လေ့ကျင့်ဆွေးနွေး အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

ကျွန်မတို့ အားလုံးအတွက် အချိန်တိုကာလအတွင်း Zoom application ကို အသုံးပြုနိုင်ဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ဂျပန်နိုင်ငံအခြေစိုက် နီပွန်ဖောင်ဒေးရှင်းတို့ရဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ သတင်းအချက်အလက် ဆက်သွယ်ရေး သင်ကြားလေ့ကျင့်ရေးစင်တာ၏ နည်းပညာပံ့ပိုးမှုတွေကို ရယူရပါတယ်။

ဘာသာရပ်ဆိုင်ရာနဲ့ ပတ်သက်ပြီး အွန်လိုင်းပေးနိုင်မယ့်ဗျူဟာ၊ ပြန်လည် ဆင့်ပွားနိုင်အောင် လုပ်ဆောင်ရမယ့် နည်းလမ်းများ၊ တယ်လီဖုန်းနဲ့ အားပေးတတ်အောင် လေ့ကျင့်တဲ့ အစီအစဉ်တွေကို အချိန်နဲ့တစ်ပြေးညီ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ နိုင်ငံနှင့်အဝန်းအတွက် စိတ်လူမှုထောက်ပံ့ခြင်းတွေကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအနေနဲ့လည်း ကိုဗစ်-၁၉ ဖြစ်ပြီး သိပ်မကြာခင်မှာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက သူတို့ဝန်ထမ်းတွေနဲ့ နီးနွယ်အဖွဲ့တွေအတွက် ကိုဗစ်-၁၉ဆိုင်ရာ စိတ်လူမှုထောက်ပံ့ခြင်း သင်တန်းပေးပေးပါဆိုလို့ ဆင့်ပွားနိုင်အောင်အထိ ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်စီမံခန့်ခွဲသူများအပါအဝင် သက်ဆိုင်ရာဝန်ထမ်းများ၊ ဆက်စပ်ဆောင်ရွက်နေကြသော ဆေးလူမှုဆက်ဆံရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူငယ်ကော်မတီအဖွဲ့ဝင်များ၊ တခြားသော လူမှုရေးအသင်းအဖွဲ့များကို ကနဦးကာလမှာ (Social Distancing) အနေအထားနဲ့ ဆရာဖြစ် သင်တန်းပေးနိုင်ခဲ့ပါတယ်။ ယခုအခါမှာ ဆင့်ပွားသင်တန်းများလည်း ပေးကြပြီး ဆက်လက်အားပေးနှစ်သိမ့်နေကြပြီး ဖြစ်ပါတယ်။

**ကိုဗစ်-၁၉ ကို တုံ့ပြန်သည့် စိတ်ခွန်အားပေးမှု**

ဘေးအန္တရာယ်အမျိုးမျိုး တုံ့ပြန်ဆောင်ရွက်တဲ့အခါမှာ များသောအားဖြင့် ဝန်ဆောင်မှုပေးသူတွေနဲ့ ခံယူသူတို့ကြားမှာ နီးကပ်နွေးထွေးစွာ ဆောင်ရွက်လို့ရကြပါတယ်။ သို့သော်လည်း ယခုဖြစ်ပေါ်နေတဲ့ ကပ်ရောဂါကိုတော့ နီးနီးကပ်ကပ် ပြုစုအားပေးဖို့ဆိုတာ ပြည့်စုံလုံလောက်တဲ့ အကာအကွယ်တွေကို ဦးစွာ စဉ်းစားစီစဉ်ပြီးမှ အနီးကပ်ဆောင်ရွက်ကြပါတယ်။ စိတ်လူမှုစောင့်ရှောက်သူတွေ အနီးကပ်နေမပေးလို့ အားပေးခံရသူကလည်း ဝမ်းမနည်းစေချင်ပါဘူး။ တခြားသော ဆက်သွယ်မှုတွေနဲ့ အားပေးသူမှာ ပိုလို့ အရေးပေးအလေးထားကြပါတယ်။

အမျိုးမျိုးသော ဝန်ဆောင်မှုပေးသူအားလုံးဟာ တစ်ခါမှ မဖြစ်ဖူးတဲ့ သည်ကူးစက်မြန်ရောဂါ ကပ်ဆိုးကြီးကို ဘက်စုံထောင့်စုံကနေ စီမံထိန်းချုပ်၊ ကာကွယ်တားဆီးနေကြရပါတယ်။ တစ်ဖက်မှာလည်း ကျွန်မတို့အပါအဝင် အများပြည်သူများက ဖြစ်ပေါ်ခံစားနေရတဲ့ စိတ်သောကတွေ၊ စိုးရိမ်ပူပန်မှုတွေကို အားပေးသူများနဲ့ ဆွေးနွေးတိုင်ပင်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ဖြေရှင်းရင်း သည်ရောဂါဆိုးကြီးကို ကာကွယ်ထိန်းချုပ်ကျော်လွှားပြီး အေးချမ်းတဲ့ဘဝတွေကို ကိုယ်တိုင်ပြန်လည်ရယူ ပိုင်ဆိုင်နိုင်ဖို့လည်း လိုအပ်ပါတယ်။

**မိမိတာဝန် မိမိယူရင်း စိတ်ခွန်အားများမြှင့်တင်ပါ**

ဒါကြောင့် မိမိကို မကူးစက်အောင် မိမိတို့ကိုယ်တိုင် အလေးအနက်ထားပြီး လိုက်နာကျင့်သုံး ကိုယ်တိုင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မိမိအမူအကျင့် (ခဏခဏ စနစ်တကျလက်ဆေးတဲ့ အကျင့်၊ Mask တပ်ဖို့ အကျင့်၊ လူစုလူဝေး ရှောင်ဖို့အကျင့်)တွေကို ပြုပြင်နိုင်ဖို့ စိတ်လူမှုစောင့်ရှောက်သူများနဲ့ တခြားသော ဝန်ဆောင်မှု ပေးသူတွေက စဉ်ဆက်မပြတ် ပြောပေးနေကြပါတယ်။

မိမိအမြဲနေထိုင်တဲ့ လူနေမှုပုံစံတွေကို ရောဂါပိုးကူးစက်နိုင်လို့ ပြုပြင်ရတဲ့အခါမှာ မိမိရဲ့အတွေးအခေါ်၊ သဘောထား တန်ဖိုးထားမှုတွေနဲ့ ပတ်သက်နေလို့ မိမိကိုယ်တိုင် ဆင်ခြင်သုံးသပ်ဖို့လိုပါတယ်။ လူတိုင်းကြိုးစားပြုပြင်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါတင် မလုံလောက်ပါဘူး။ မိမိကိုယ်မိမိ တာဝန်ယူပြီးရင် ကိုယ်တိုင်ဦးဆောင်ကာ မိမိရဲ့ မိသားစုဝင်၊ မိမိပတ်ဝန်းကျင် စသည်တို့ကို ရှေ့ဆောင်လမ်းပြပြီး ဆပွားတာဝန်ယူဆောင်ရွက်နိုင်ရင် အားလုံးဟာ စိတ်ဖိစီးမှုတွေ လျော့နည်းသွားပြီး ကူးစက်မှုတွေ နည်းသွားတာနဲ့အမျှ ကျွန်မတို့နိုင်ငံမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကပ်ရောဂါကနေ ကျော်လွှားနိုင်ကြမှာ ဖြစ်ပါတယ်။

“ဖြုတ်မကိုက်ရင် ကျွဲမလူးပါ။ ကျွဲမလူးရင် ငါးမပေါ်ပါ။ ငါးမပေါ်ရင် ဖျိုင်းမနားပါ။ ဖျိုင်းမနားရင် ပေါက်ပင်မကိုင်းပါ။” ကျွန်မတို့ ပြည်သူတွေလည်း ကိုယ်တိုင်၊ ပတ်ဝန်းကျင်၊ ပြည်သူလူထု စသည်တို့အပေါ်မှာ ရောဂါပိုး မတွယ်ကပ်နိုင်အောင် ကာကွယ်တဲ့နည်းလမ်းတွေကို လိုက်နာလုပ်ဆောင်ကြရပါမယ်။ ကာကွယ်တဲ့နည်းလမ်းတွေကို လိုက်နာလုပ်ဆောင်နိုင်ဖို့ဆိုတာ ဒါကို ငါ့အနေနဲ့ မဖြစ်မနေလုပ်ရမှာပါလားလို့ စဉ်းစားဖို့ လိုပါတယ်။ မဖြစ်မနေလုပ်နိုင်ဖို့ဆိုတာ မိမိရဲ့ အတွေးအမြင်၊ အသိခံယူချက်တွေ မှန်ကန်ဖို့ လိုပါတယ်။ မိမိရဲ့ အတွေးအမြင်၊ အသိခံယူချက်တွေ မှန်ကန်ဖို့ဆိုတာ ကိုယ်တိုင် အာရုံစူးစိုက်ပြီး ဆင်ခြင်တုံတရားထားတတ်ဖို့ လိုပါတယ်။ သည်လိုသာ ကွင်းဆက်တိုင်းကို စဉ်းစားဆောင်ရွက်ဖို့ ပြည်သူပြည်သားတိုင်း တစ်ဦးချင်း တာဝန်ယူမယ်ဆိုရင် စိတ်သောကရောက်မှုတွေ၊ စိတ်ဖိစီးမှုတွေ ကင်းရှင်းစွာနဲ့ ကပ်ရောဂါဆိုးကြီး အမြန်တွန်းလှန်တိုက်ထုတ်နိုင်မှာ အမှန်ဖြစ်ပါတယ်။

**ကပ်ရောဂါဘေးမှ မိမိအသိမိမိသတိဖြင့်လည်း ကာကွယ်တားဆီး တိုက်ထုတ်နိုင်ကြပါစေ။** ။

# ဟားခါး၊ ဖလမ်းနှင့် တီးတိန်မြို့နယ်ဆေးရုံတို့အတွက် တံတားဦးစီးဌာန တံတားစီမံကိန်းအဖွဲ့(၁)မှ ဆေးနှင့်ဆေးရုံသုံးပစ္စည်းများလှူဒါန်း



ဟားခါး ဧပြီ ၂၉

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ဆေးရုံများတွင် အသုံးပြုနိုင်ရန်အတွက် တံတားဦးစီးဌာန၊ တံတားစီမံကိန်း အဖွဲ့(၁)မှ ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ ဆေးနှင့်ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ရုံးခန်း၌ ကျင်းပသည်။

အစီအစဉ်အရ ရေးဦးစွာ တံတားဦးစီးဌာန၊ တံတားစီမံကိန်းအမှတ်(၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ထွေးက ချင်းပြည်နယ်အတွင်း ဟားခါး၊ ဖလမ်း၊ တီးတိန်မြို့ ပြည်သူ့ဆေးရုံများအတွက် အသုံးပြုနိုင်ရန် Oxygen Concentrator စက် လေးလုံး အပါအဝင် ဆေးနှင့်ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးနှင့်ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်မပျက်စေရေး အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၉

လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အဖွဲ့ဝင်များက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ လည်းကောင်း၊ ကျန်အဖွဲ့ဝင်များက သက်ဆိုင်ရာဒေသများမှ လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် CMP စနစ်ဖြင့် ဆောင်ရွက်မည့် အိတ်ချုပ်လုပ်ငန်းများ၊ အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းများ၊ Roof Sheet, Deck Sheet, Steel Angel ထုတ်လုပ်သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတစ်ခုတို့ကို အတည်ပြုပေးခဲ့သည်။

အတည်ပြု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏစုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၅ ဒသမ ၈၂၁ သန်းနှင့် မြန်မာကျပ်ငွေ ၁၂၅၅ ဒသမ ၀၅ သန်း ဖြစ်ပြီး လုပ်ငန်း ငါးခုတို့မှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၉၀၀ အတွက် ဖန်တီးပေးနိုင်ခဲ့သည်။

အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၄ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ဆန်းကျော်ဦး(ပြန် / ဆက်)

# တရုတ်နိုင်ငံမှ နေရပ်ပြန် ၃၁၄ ဦး သီပေါအထွက်ဂိတ်၌ ကျန်းမာရေးစစ်ဆေး

သီပေါ ဧပြီ ၂၉

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည့် အမျိုးသား ၂၁၃ ဦးနှင့် အမျိုးသမီး ၁၀၁ ဦး ပေါင်း ၃၁၄ ဦးတို့သည် ယနေ့ မွန်းလွဲ ၃ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့အဝင်/အထွက် မန်ဟဲတိုးဂိတ်သို့ လူစီးမှန်လုံယာဉ် ခြောက်စီးဖြင့် ရောက်ရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အလုပ်လုပ်ပြီးနေရပ်သို့ ပြန်လာသူများအား မြို့နယ် ကိုဗစ်-၁၉ မြို့အဝင်/အထွက် ကာကွယ်၊ ထိန်းချုပ်စစ်ဆေးကုသရေး အဖွဲ့ခေါင်းဆောင် မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်သီသီသိန်းနှင့် အဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်း၊ ရေနှင့် ပိုးသတ်ဆေးပါသော ဆပ်ပြာဖြင့် လက်ဆေးခြင်းစသည့် လုပ်ငန်းများနှင့် သောက်ရေသန့် ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပြီး ခရီးဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

စိုင်း(သီပေါ)

## ၂၉-၄-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၄၈၈၃၄ | ၁၄၄၃၅၂ | ၆၀၄၄၀ |
| ၂။ | စပိန် | ၂၃၆၈၉၉ | ၁၃၂၉၂၉ | ၂၄၂၇၅ |
| ၃။ | အီတလီ | ၂၀၃၅၉၁ | ၇၁၂၅၂ | ၂၇၆၈၂ |
| ၄။ | ပြင်သစ် | ၁၆၅၉၁၁ | ၄၆၈၈၆ | ၂၃၆၆၀ |
| ၅။ | အင်္ဂလန် | ၁၆၅၂၂၁ | စိစစ်ဆဲ | ၂၆၀၉၇ |
| ၆။ | ဂျာမနီ | ၁၆၀၄၇၉ | ၁၂၀၄၀၀ | ၆၃၇၄ |
| ၇။ | တူရကီ | ၁၁၇၅၈၉ | ၄၄၀၂၂ | ၃၀၈၁ |
| ၈။ | ရုရှား | ၉၉၃၉၉ | ၁၀၂၈၆ | ၉၇၂ |
| ၉။ | အီရန် | ၉၃၆၅၇ | ၇၃၇၉၁ | ၅၉၅၇ |
| ၁၀။ | တရုတ် | ၈၂၈၅၈ | ၇၇၅၇၈ | ၄၆၃၃ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၇၁၈ | ၁၅၀ |
| **ပြန်လည်သက်သာသူ** | **သေဆုံးသူ** |
| ၂၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၀၁၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၁၆ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၆ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| စုစုပေါင်း | | ၁၅၀ | ၆ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၉-၄-၂၀၂၀ ရက် ည (၈:၀၀) နာရီ

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉-၄-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုးကင်းစင်သူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၅၆၄၁ | ၁၁၈၈ | ၁၄ |
| အင်ဒိုနီးရှား | ၉၇၇၁ | ၁၃၉၁ | ၇၈၄ |
| ဖိလစ်ပိုင် | ၈၂၁၂ | ၁၀၂၃ | ၅၅၈ |
| မလေးရှား | ၅၉၄၅ | ၄၀၈၇ | ၁၀၀ |
| ထိုင်း | ၂၉၄၇ | ၂၆၆၅ | ၅၄ |
| ဗီယက်နမ် | ၂၇၀ | ၂၂၂ | ၀ |
| မြန်မာ | ၁၅၀ | ၁၆ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၂၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၇ | ၀ |

# COVID-19 ရောဂါတုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ စေတနာ့ဝန်ထမ်း(Volunteer)အစီအစဉ်တွင် ပါဝင်ဆောင်ရွက်လိုသူများသို့ အသိပေးနှိုးဆော်ခြင်း

COVID–19 ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်မှာ ပြည်သူလူထု၏ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများသည် Community Based Facility Quarantine ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ရမည့်သူများဖြစ်ပါသည်။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်း မရှိသော်လည်း ရောဂါပိုးကို သယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်း မရှိစေရန် ရောဂါပျိုးချိန် (၂၈) ရက်တာ ကာလအတွင်း စောင့်ကြည့်စောင့်ရှောက်မှု ခံယူရခြင်းဖြစ်ပါသည်။ ဤအစီအစဉ်တွင် (၂၁) ရက် ပြီးမြောက်ပါက မိမိ၏နေအိမ်တွင် (၇) ရက်ထပ်မံ၍ Home Quarantine ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

Community Based Facility Quarantine လုပ်ငန်းစဉ်အတွင်း ပါဝင်သူများအတွက် လိုအပ်သော စောင့်ရှောက်ကူညီမှုများကို စနစ်တကျ လေ့ကျင့်ထားသော စေတနာ့ဝန်ထမ်း(Volunteer)များက ပံ့ပိုးကူညီရမည် ဖြစ်ပါသည်။ အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအရ ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းသည် မိမိဒေသရှိ Community Based Facility Quarantine Center တွင် လိုအပ်ချက်အလိုက်၊ မိမိပါဝင်ဆောင်ရွက်နိုင်သည့် အတိုင်းအတာအလိုက် အတွင်းစည်း (သို့မဟုတ်) အပြင်စည်းတွင် နေ့စဉ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလ (၂၁) ရက်ပြည့်အောင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ထပ်မံ၍ (၇) ရက်ကို သတ်မှတ်ပေးထားသော နားနေရန်နေရာတွင် အနားယူ အပန်းဖြေနေထိုင်ခြင်းပြုရမည်ဖြစ်ပြီး စုစုပေါင်း (၂၈) ရက်အပြည့် အနည်းဆုံး (၁) ကြိမ်ဆောင်ရွက်ရန် ဖြစ်သည်။ မိမိ၏ ဆန္ဒအရ တစ်ကြိမ်ထက်ပိုပြီး ဆက်လက်၍ ပါဝင်ဆောင်ရွက်နိုင်ပါသည်။

စေတနာ့ဝန်ထမ်း (Volunteer) အဖြစ် မိမိ၏အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်စသည်များကို အခကြေးငွေမယူဘဲ ဤလုပ်ငန်းစဉ်တွင် သတ်မှတ်အချိန်ကာလအပြည့် မိမိတစ်ဦးချင်းအနေဖြင့် ဆန္ဒအရပါဝင်ရန် ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။ လက်ရှိသက်ဆိုင်ရာ ဒေသအလိုက် Community Based Facility Quarantine Center များ၌ စေတနာ့ဝန်ထမ်း (Volunteer) များအဖြစ် ဆောင်ရွက်လျက်ရှိသူများကိုလည်း စာရင်းကောက်ယူမှတ်တမ်းတင်လျက် ရှိပါသည်။

ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများပေးခြင်း၊ လုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာကိစ္စများအတွက် စနစ်တကျ ပံ့ပိုးကူညီခြင်း၊ လုံလောက်သောအနားယူအပန်းဖြေမှု ရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလို၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ (National Volunteer Steering Unit) ကို ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ဤစေတနာ့ဝန်ထမ်း (Volunteer)အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအတွင်း ပါဝင်လိုသူများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ Facebook စာမျက်နှာဖြစ်သော Ministry of Social Welfare, Relief and Resettlement Myanmar သို့ ဝင်ရောက်၍ သတ်မှတ်ထားသော Volunteer Registration ပုံစံကို ဖြည့်စွက်ပြီး (၅-၅-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀)နာရီနောက်ဆုံးထား စာရင်းပေးသွင်းကြရန် နှိုးဆော်အပ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်သူလူထုအတွက် ယခု COVID–19 ကာလအတွင်း ထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်ပေးနေကြသော ပရဟိတအသင်းများ၊ ပရဟိတသမားများအားလုံးကိုလည်း အထူးကျေးဇူးတင်ဂုဏ်ယူပါသည်။ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီက ဦးဆောင်၍ ကိုဗစ်-၁၉ ကာကွယ်ရေး နေအိမ်၌နေထိုင်ရေးအစီအစဉ်တွင် ပါဝင်သော တောင်ကြီးမြို့နယ်အတွင်းရှိ ပြည်သူများအစားအသောက် အဆင်ပြေစေရေး တောင်ကြီးမြို့နယ်အတွင်း ရပ်ကွက်များသို့ လှည့်လည်ကာ ဈေးကားများဖြင့် ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို ဧပြီ ၂၉ ရက်က အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးစဉ်။
စိုင်းသန်းကျော် (တောင်ကြီး)

## ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်နေသူများအား နေ့စဉ်အာဟာရ လှူဒါန်း

**သီပေါ ဧပြီ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် မြို့ဝင်ပေါက်များ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်စစ်ဆေးရေးအဖွဲ့ဝင်များသည် အသိပညာပေးရေးလုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးကို အလေးထားဆောင်ရွက်နေကြသော စောင့်ကြပ်စစ်ဆေးရေးအဖွဲ့များကို မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအောင်စည်မိသားစုတို့က ခေါက်ဆွဲကျော်ထုပ်များကို လည်းကောင်း၊ အကောင်းကြိုက်မြန်မာထမင်းဆိုင်မိသားစု၊ ထွန်းကွန်ပျူတာမှ ဦးစိုင်းထွန်းအေး၊ ဒေါ်ခင်ခင်အေးနှင့်သစ်လုပ်ငန်းဌာနမှ ကိုဇော်ထိုက်ဦးမိသားစုတို့က ထမင်းထုပ်နှင့်ဟင်းလျာများကိုလည်းကောင်း အဖွဲ့ခေါင်းဆောင် မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်သီသီသိန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ထိုင်းမှ နေရပ်ပြန်လိုသူ ၁၆၀၀၀ ကျော်ရှိနေပြီး ပဲခူးတိုင်းဒေသကြီးအတွင်းနေထိုင်သူ အများဆုံးပါဝင်

**နေပြည်တော် ဧပြီ ၂၉**

ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာအလုပ်သမားများအနက် ၁၆၃၂၄ ဦးခန့်မှာ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် အွန်လိုင်းမှတစ်ဆင့် ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိရုံးသို့ စာရင်းပေးသွင်းထားကြောင်း သိရှိရသည်။ အဆိုပါအလုပ်သမားများသည် ထိုင်း-မြန်မာနယ်စပ် မြဝတီ-မဲဆောက်မှတစ်ဆင့် လာမည့် မေ ၁ ရက်တွင် စတင်၍ နေရပ်များသို့ပြန်လာရန်အတွက် စာရင်းပေးသွင်းထားကြခြင်းဖြစ်သည်။

“အွန်လိုင်းကနေတစ်ဆင့် စာရင်းပေးသွင်းထားကြသူတွေ ဖြစ်ပါတယ်။ အားလုံးကို လိုအပ်တဲ့အချက်အလက်တွေ တောင်းခံထားပါတယ်။ အလုပ်အကိုင် အမျိုးအစား၊ ပြန်မယ့် လိပ်စာတွေနဲ့ အခြားအချက်အလက်တွေကို စာရင်းဖြည့်သွင်းပေးကြတာပါ။ ဧပြီ ၂၈ ရက် ည ၈ နာရီအထိ စုစုပေါင်း စာရင်းပေးသွင်းသူ ၁၆၃၂၄ ဦးရှိနေပါတယ်” ဟု အလုပ်သမားသံအရာရှိ ဦးဇော်မင်းထွေးက အတည်ပြုပြောကြားသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသူများထဲတွင် အမျိုးသား ၁၁၁၇၈ ဦးရှိပြီး အမျိုးသမီး ၅၁၄၆ ဦး ပါဝင်ကြောင်း သိရသည်။ နေရပ်ပြန်လိုသည့် အလုပ်သမားများသည် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်သူ ၉၀၀၀ နီးပါးပါဝင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်သူ ၂၂၀၊ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂၇၃ ဦးနှင့် ရေလုပ်သား စုစုပေါင်း ၁၀၀၊ အခြားအလုပ်သမား ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

နေရပ်ပြန်လိုသည့် အလုပ်သမားအများစုသည် ပဲခူးတိုင်းဒေသကြီးအတွင်း နေထိုင်ခဲ့သူများဖြစ်ပြီး လက်ရှိ စာရင်းပေးသွင်းသူ၏ ၂၇ ဒသမ ၃ ရာခိုင်နှုန်း၊ လူဦးရေ ၄၄၆၃ ဦးခန့်ရှိနေကြောင်း အလုပ်သမားသံအရာရှိက ပြောသည်။

ဒုတိယအများဆုံး နေရပ်ပြန်အလုပ်သမားများ ပြန်လိုသည့်ဒေသသည် မကွေး တိုင်းဒေသကြီးဖြစ်ပြီး ပြန်လိုသူ၏ ၁၅ ဒသမ ၆ ရာခိုင်နှုန်း၊ လူဦးရေ ၂၅၄၄ ဦးဖြစ်ပြီး တတိယအများဆုံး နေရပ်ပြန်အလုပ်သမားများ ပြန်လိုသည့်ဒေသမှာ မွန်ပြည်နယ်ဖြစ်ကာ နေရပ်ပြန်လိုသူ အားလုံး၏ ၁၂ ရာခိုင်နှုန်း၊ လူဦးရေ ၁၉၆၇ ဦးရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေသို့ ပြန်လိုသူ ၄၆၀၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ ပြန်လိုသူ ၈၆၀၊ တနင်္သာရီတိုင်းဒေသကြီးသို့ ပြန်လိုသူ ၆၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးသို့ ပြန်လိုသူ ၁၁၃၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးသို့ ပြန်လိုသူ ၆၂၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးသို့ ပြန်လိုသူ ၁၁၀၄ ဦး၊ ကချင်ပြည်နယ်သို့ ပြန်လိုသူ ၁၂၅ ဦး၊ ကယားပြည်နယ်သို့ ပြန်လိုသူ ၈၀၊ ချင်းပြည်နယ်သို့ ပြန်လိုသူ ၂၆ ဦး၊ ကရင်ပြည်နယ်သို့ ပြန်လိုသူ ၁၃၀၆ ဦး၊ ရခိုင်ပြည်နယ်သို့ ပြန်လိုသူ ၂၆၉ ဦးနှင့် ရှမ်းပြည်နယ်သို့ ပြန်လိုသူ ၇၂၈ ဦးခန့်ရှိကြောင်း သိရသည်။

“အများစုကတော့ သူတို့ရဲ့ သဘောဆန္ဒအရ ပြန်လာကြတာတွေ ဖြစ်ပါတယ်။ လူဦးရေရဲ့ ၈၀၁၃ ဦးက ကိုယ့်သဘောနဲ့ကိုယ်ပြန်လာဖို့ ဆန္ဒပြုကြတာဖြစ်ပြီး စက်ရုံတွေပိတ်လို့ ပြန်ကြသူတွေက ၁၄၄၄ ဦး၊ အလုပ်ထုတ်ခံရသူ စုစုပေါင်းက ၁၁၆၄ ဦး၊ လုပ်ခလစာမရတဲ့အတွက် ပြန်လိုသူက ၅၀၄ ဦး၊ စာအုပ်သက်တမ်း ကုန်ဆုံးလို့ပြန်လိုသူက ၁၇၅၆ ဦး၊ အထောက်အထားမရှိဘဲ ပြန်လိုသူက ၄၇၂ ဦး၊ တရားမဝင်အလုပ်သမားအဖြစ်ကနေ ပြန်လိုသူက ၂၀၂ ဦးနဲ့ အခြားကတော့ ၂၆၈၈ ဦးရှိပါတယ်။ အွန်လိုင်းကနေ စာရင်းပေးသွင်းသူတွေအားလုံးရဲ့ ထက်ဝက်ကျော်ပေ့ါလေ၊ ၅၃ ရာခိုင်နှုန်းကျော်ကတော့ ထိုင်းကို ပြန်သွားကြဖို့ စိတ်မကူးကြဘဲ လူဦးရေ ၇၆၂၆ ဦးကတော့ ထိုင်းနိုင်ငံကို ပြန်လည်ဝင်ရောက်လိုကြတာ ရှိပါတယ်” ဟု အလုပ်သမားသံအရာရှိက ပြောကြားသည်။

နေရပ်ပြန်လိုသည့် အလုပ်သမား ၁၆၃၂၄ ဦးတွင် အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ချုပ်ဆိုပြီး သွားရောက်ခဲ့သည့် အလုပ်သမားများအနက်မှ ၈၇၉၃ ဦးက ပြန်လိုကြခြင်းဖြစ်သည်။ အချို့အလုပ်သမားများသည် CI၊ PV၊ Border Pass၊ PJ စသည့် အမျိုးအစားများဖြင့် သွားရောက်ကြသူများဖြစ်ပြီး ယင်းအနက်မှ ၁၆၉၇ ဦးမှာမူ အထောက်အထားများမရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလိုသည့်ရက်ကို အွန်လိုင်းမှတစ်ဆင့် အဆိုပြုကြရာတွင် မေ ၁ ရက်တွင် ပြန်လိုသူ ၅၀၂၅ ဦး၊ မေ ၂ရက်တွင် ၂၄၃၉ ဦး၊ မေ ၃ ရက်တွင် ၁၃၃၉ ဦး၊ မေ ၄ ရက်တွင် ၄၀၁ ဦး၊ မေ ၅ ရက်တွင် ၁၃၂၄ ဦး၊ မေ ၆ ရက်တွင် ၆၀၇ ဦး၊ မေ ၇ ရက်တွင် ၃၃၉ ဦး၊ မေ ၈ ရက်တွင် ၁၇၂ ဦး၊ မေ ၉ ရက်တွင် ၈၉ ဦး၊ မေ ၁၀ ရက်တွင် ၂၇၆ ဦး၊ မေ ၁၁ ရက်တွင် ၇၅ ဦး၊ မေ ၁၂ ရက်တွင် ၇၂ ဦး၊ မေ ၁၃ ရက်တွင် ၁၅ ဦး၊ မေ ၁၄ ရက်တွင် ၁၃ ဦးနှင့် မေ ၁၅ ရက်တွင် ၁၈၂ ဦးစသည်ဖြင့် အဆိုပြုထားကြပြီး အခြားသူများက ကျန်ရှိသည့်ရက်များတွင် စာရင်းပေးသွင်းထားကြောင်း သိရသည်။

မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှလည်း မြန်မာနိုင်ငံ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ ထိုင်းနိုင်ငံ အရေးပေါ်အခြေအနေ ကာလကုန်ဆုံးမည့် ဧပြီ ၃၀ ရက် နောက်ပိုင်းတွင် နေရပ်ပြန်ကြမည့် မြန်မာအလုပ်သမားများအား မြဝတီ–မဲဆောက်မြို့များတွင် ပြန်လည်စိစစ်လက်ခံကြိုဆိုခြင်းနှင့် အချက်အလက်များ ကောက်ယူခြင်းများကို တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

“ကိုဗစ် – ၁၉ ကပ်ရောဂါရဲ့ အန္တရာယ်ဟာ ကျွန်တော်တို့တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်ဖြစ်တဲ့အတွက် MOEAF အဖွဲ့ချုပ်က ပူးပေါင်းကူညီရန် တာဝန်ရှိပါတယ်။ ဒါကြောင့် မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်အဖွဲ့ကို ထပ်မံဖွဲ့စည်းတာဝန်ပေးအပ်ခဲ့တာဖြစ်ပါတယ်။ ကိုယ်စားလှယ်အဖွဲ့ဟာ လိုအပ်တဲ့ ကျန်းမာရေးထောက်ပံ့ပစ္စည်းများကို စုဆောင်းပြီး မြဝတီမြို့ကို ဧပြီ ၃၀ ရက်အရောက် သွားရောက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အလညှ၊ အလုပ်သမား သံအရာရှိများနဲ့ စိစစ်လက်ခံကြိုဆိုရေး၊ အချက်အလက်ကောက်ယူရေး၊ MOEAF ၏ နှင်းဦးဝေ Facility Quarantine စင်တာတွင် လိုအပ်သောကိစ္စအရပ်ရပ်များကို ပူးပေါင်းစီမံဆောင်ရွက်သွားမှာဖြစ်ပါတယ် ” ဟု ဦးမင်းလှိုင်က ပြောကြားသည်။

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် နိုင်ငံတော်က ဦးစီး၍ မြဝတီခရိုင်အတွင်း Quarantine Center ၁၀ နေရာ စီစဉ်ထားပြီးဖြစ်ကြောင်း သိရှိရပြီး နေရပ်ပြန်ရောက်ချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် လူထုအခြေပြုကုသစောင့်ရှောက်မှုပေးခြင်း (Community Based Facility Quarantine) ၂၁ ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း (Home Quarantine) ၇ ရက် စုစုပေါင်း ၂၈ ရက် မပျက်မကွက် လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ကိုဗစ်–၁၉ ကြောင့် ထိုင်းနိုင်ငံအတွင်းရှိ အလုပ်အကိုင်အများစု ရပ်တန့်သွားခဲ့သဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အလုပ်အကိုင်ဆက်လက်လုပ်ကိုင်ရန် အခက်အခဲများစွာရှိနေသဖြင့် နေရပ်ပြန်လိုသူများ ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း ထိုင်းမြန်မာအခြေစိုက် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း–FED အမှုဆောင်ဒါရိုက်တာ ဦးထူးချစ်ထံမှ သိရသည်။

ချင်းမိုင်ပြည်နယ်၊ လန့်ဖွန်းပြည်နယ်၊ လန်ပန်းပြည်နယ်၊ ဥတ္တရာဒစ်ပြည်နယ်၊ ဖရယ့်ပြည်နယ်၊ နမ်ပြည်နယ်၊ ဖယောင်းပြည်နယ်၊ ချင်းရိုင်ပြည်နယ်နှင့် မယ်ဟောင်ဆောင်ပြည်နယ်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများသည် လိုအပ်သည့်အကူအညီများကို အလုပ်သမားသံအရာရှိ ဦးဇော်မင်းထွေး ဖုန်းနံပါတ် +၆၆၀၉၉၀၅၉၂၃၅၂ သို့ ဆက်သွယ်နိုင်သည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် အရေးပေါ်အကူအညီများတောင်းခံလိုပါက ကောင်စစ်ဝန်၊ ပထမအတွင်းဝန် ဦးဇော်မျိုးထက် + ၆၆၀၆၃၆၆၅၃၉၅၅ နှင့် သံအရာရှိ ဒေါ်မြသီဂီ +၆၆၀၉၈၇၃၉၅၄၇၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ရုံးမှ သိရသည်။ **ခင်ရတနာ**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့ မြို့တော်ခန်းမတွင်ဖွင့်လှစ်ထားရှိသည့် ဖျားနာရောဂါကုဆေးခန်းသို့ သွားရောက်ကြည့်ရှုအားပေး

**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မေ ၂၉ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားရှိသော Community Fever Clinic, Bago ဖျားနာရောဂါကုဆေးခန်းသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့အား မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပဲခူးတိုင်းဒေသကြီး) အတွင်းရေးမှူး ဒေါက်တာနေမျိုးက ဖျားနာရောဂါကုဆေးခန်း အတွင်း ဆောင်ရွက်ထားရှိပုံအဆင့်ဆင့်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ပြီး **(အောက်ပုံ)** ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကိုဗစ်-၁၉ ရောဂါ အကာအကွယ်ပြုနိုင်သည့် မျက်နှာစည်း (Face Cover) အခု ၅၀ ပါ ပုံးတစ်ပုံးအား ဒေါက်တာနေမျိုးထံ ပေးအပ်ခဲ့သည်။

Community Fever Clinic, Bago ဖျားနာရောဂါကုဆေးခန်းအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွား/သေဆုံးမှု အနည်းဆုံးဖြစ်စေရန်၊ ရောဂါကာကွယ် ၊ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ကိုဗစ်-၁၉ ရောဂါအား စောစီးစွာ ရှာဖွေဖော်ထုတ်၍ ကုသပေးနိုင်ရန်နှင့် ကူးစက်ပြန့်ပွားမှုကို အချိန်မီ ကာကွယ်ထိန်းချုပ်နိုင်ရန်၊ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ပဲခူးမြို့ပေါ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ပဲခူးမြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ပဲခူးမြို့ အထွေထွေရောဂါကုဆရာဝန်များနှင့် မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး မေ ၂၉ ရက်မှစတင်ကာ တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ် နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျားနာရောဂါကုဆေးခန်းတွင် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူခက်ခဲခြင်း စသည့်ဝေဒနာများကို အခမဲ့ကုသပေးသွားမည်ဖြစ်ရာ ဆေးခန်းသို့ လာရောက်ပြသကြမည့် လူနာများ အနေဖြင့်လည်း ကား/ သုံးဘီးဆိုင်ကယ်တို့ဖြင့် စုပေါင်းလာရောက်ခြင်းမပြုဘဲ မိမိတစ်ဦးချင်းအစီအစဉ်ဖြင့်သာ လာရောက်ပြသကြရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များ သိရှိလိုပါကလည်း ဖုန်းနံပါတ် ၀၉-၈၈၇၇၈၈၀၁၀ သို့ ဆက်သွယ်ရန် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**






## ကယားပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ဆန်၊ ဆီ နှင့် ကြက်ဥများ ထောက်ပံ့

**လွိုင်ကော် မေ ၂၉**

ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအား ထိရောက်အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆိုပါ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ဝန်ထမ်း ၁၆၀၈ ဦးတို့အတွက် ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့ပေးနိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များ ပံ့ပိုးမှုဖြင့် စီမံဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများသို့ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိနှင့်အတူ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်ဖြူ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုံ့မော်တို့က ပြည်နယ်အတွင်းရှိ ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူသည်။ **(အပေါ်ပုံ)**

အဆိုပါ လွိုင်ကော်ခရိုင်အတွင်းရှိ မြို့နယ်နှင့် မြို့များရှိ ကျန်းမာရေးဝန်ထမ်း တစ်ဦးအတွက် ဆန် ငါးပြည်၊ ဆီ တစ်ပိဿာနှင့် ကြက်ဥ ၁၀ လုံး နှုန်းဖြင့် ထောက်ပံ့ခြင်းကို ယမန်နေ့ ညနေ ၃ နာရီက လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းလေး (ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

Royal-Dတို့ကို အများပြည်သူ ဝင်ထွက်သွားလာရာ နေရာများဖြစ်သည့် ခရိုင်ပြန်/ဆက်ရုံး၊ ခရိုင်ထွေ/အုပ်ရုံး၊ မြို့နယ်ထွေ/အုပ်ရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်များသို့ ဦးညိုသိန်းထွန်း ဦးဆောင်သော မြို့နယ်ကြက်ခြေနီလူငယ်များက စနစ်တကျ သွားရောက်လှူဒါန်းခဲ့သည်။

ထို့ပြင် အ.ထ.က(ဖာပွန်) ၌ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခံနေသူများထံသို့ လည်းကောင်း၊ ခရိုင် ခုတင် ၁၀၀ ပြည်သူ့ ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသူများထံသို့လည်းကောင်း သွားရောက်လှူဒါန်းခဲ့ကြောင်း၊ အသိပညာပေး ပိုစတာများကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ ချိတ်ဆွဲပြသပေးခဲ့ကြောင်း သိရသည်။

**စိုင်းကျော်ဝဏ္ဏ၊ တိုးဝေဇင်(ပြန်/ဆက်)**

# ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ IDPစခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မေ ၂၅ ရက်မှ ၂၈ ရက်အထိ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ ကာမိုင်းမြို့နယ်၊ ဖားကန့်မြို့နယ်၊ မြစ်ကြီးနားမြို့နယ်တို့ရှိ နှစ်ခြင်း IDP စခန်း၊ RC IDP စခန်း၊ လိုင်နောင်နှစ်ခြင်း IDP စခန်း၊ နန်စီအင်ထွယ်ဆန် IDP စခန်း၊ လဝါး IDP စခန်း၊ မော်ဖောင်းခါနန် IDP စခန်း၊ မော်ဖောင်းလော်ဝေါ် IDP စခန်း၊ နန်းကွေ့စိန်ယောဟန် IDP စခန်း၊ နောင်နန်းတြီနတီ IDP စခန်း၊ နောင်နန်းဂျော်မဆပ် IDP စခန်းများသို့ သွားရောက်၍ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာ နှစ်ခဲနှင့် နှာခေါင်းစည်း နှစ်ခုနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၇၅၅ စုအတွက် ဆပ်ပြာခဲ ၁၅၁၀ ၊ နှာခေါင်းစည်း ၁၅၁၀၊ လက်ဆေးစင် ခုနစ်ခု၊ Infrared Thermometer ခုနစ်ခုနှင့် ဗီနိုင်း ၁၀ ချပ်တို့ကို ထောက်ပံ့ခဲ့သည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ အေးလင်းမြတ်ရှင် IDP စခန်းနှင့် မြတ်ပန်းဝတ်မှုံ IDP စခန်းတို့ရှိ စုစုပေါင်းအိမ်ထောင်စု ၈၇၁ စုအတွက် လက်ဆေးစင် ၁၈ ခုနှင့် Infrared Thermometer နှစ်ခုတို့ကို ထောက်ပံ့ခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မော်သီညွာ IDP စခန်း၊ ဒါးပိုင် IDP စခန်း၊ အုန်းတောကြီးတောင် IDP စခန်း၊ အုန်းတောကြီးမြောက် IDP စခန်း၊ အုန်းတောချေ IDP စခန်း၊ ဘောဒူဖ(၁) IDP စခန်းနှင့် ဘောဒူဖ(၂) IDP စခန်းတို့ရှိ အိမ်ထောင်စု ၁၀၆၃၂ စုအတွက် ဆပ်ပြာတောင့် ၁၀၆၃၂ တောင့်၊ နှာခေါင်းစည်း ၁၁၇၅၄ ခု၊ လက်ဆေးစင် ၁၀ ခုနှင့် Infrared Thermometer သုံးခု ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ (၅) ရပ်ကွက်နှစ်ခြင်း အသင်းတော် IDP စခန်း၊ (၆) ရပ်ကွက်မူကြိုကျောင်း IDP စခန်း၊ နမ့်ဖတ်ကာနှစ်ခြင်း အသင်းတော် IDP စခန်း၊ နမ့်ဖတ်ကာနယ်မြေ (၄) IDP စခန်းနှင့် ပန်ကူ IDP စခန်းတို့ရှိ အိမ်ထောင်စု ၂၀၁ စုအတွက် ဆပ်ပြာတောင့် ၉၂ တောင့်၊ နှာခေါင်းစည်း ၁၈၄ ခု၊ လက်ဆေးစင်လေးခုနှင့် Infrared Thermometer သုံးခုထောက်ပံ့ခဲ့သည်။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID–19 ကူးစက်ရောဂါဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက် ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID–19 ကူးစက်ရောဂါ ဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID–19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ မုန်တိုင်းဖြစ်ပေါ်နိုင်သည့် ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID–19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့်ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်–
  - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏ အိမ်နီးချင်းများကိုလည်း အသိပေးနှိုးဆော်ပါ။
  - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
  - COVID–19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက် နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
  - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများအရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေအကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့်နှာခေါင်းစည်းများ ကြိုတင်စုဆောင်း ယူဆောင်သွားပါ။ COVID–19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
  - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာမရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
  - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တပြက် ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
  - လှေများ၊ အသက်ကယ်ဖောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
  - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ် အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
  - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံး သိရှိပါစေ။
  - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကို အသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID–19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot–line ဖုန်းများဖြစ်သော ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံနိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် နေအိမ်များ ပျက်စီးမှုဖြစ်ပေါ်

**မိုးညို**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်အတွင်း မေ ၂၈ ရက် ညနေ ၅ နာရီက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ နေအိမ်အချို့ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်မှုကြောင့် ထန်းပင်ကုန်းအုပ်စု ဥဩတန်းရွာမှ နေအိမ်တစ်လုံး အမိုးလန်ခြင်း၊ သာယာကုန်းအုပ်စု မှက္ကတန်ရွာတွင် နေအိမ်နှစ်လုံး ပြိုလဲခြင်းနှင့် နေအိမ်နှစ်လုံး အမိုးအကာ ပျက်စီးခြင်း၊ အင်းတွော်လုပ်အုပ်စု မကျီးကုန်းရွာတွင် နေအိမ်တစ်လုံးပြိုလဲခြင်း၊ တက်ဆွဲအုပ်စု တက်ဆွဲရွာတွင် နေအိမ်သုံးလုံးပြိုလဲခြင်း၊ နေအိမ်နှစ်လုံး အမိုးအကာလန်ခြင်း၊ နွားတင်းကုပ်တစ်လုံး အမိုးလန်ခြင်း၊ ဘုရားငူအုပ်စု သရက်ကုန်းရွာတွင် နေအိမ်တစ်လုံး ပြိုလဲခြင်း၊ မိုးညိုမြို့ ရွှေပြည်သာရပ်ကွက်တွင် နေအိမ်သုံးလုံး အမိုးလန်ခြင်းနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။



လေပြင်းတိုက်မှုကြောင့် ထိခိုက်ပျက်စီး နေအိမ် ၁၅ လုံးတွင် မိသားစု ၁၅ စု၊ လူဦးရေ ၆၄ဦး နေထိုင်ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ကိုမင်း(မိုးညို)

**မြန်အောင်**

မြန်အောင်မြို့နယ် ညောင်ဝိုင်းအုပ်စု ဆင်ကျွန်းကျေးရွာတွင် ယနေ့ နံနက်ပိုင်းက မိုးရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် လူနေအိမ် သုံးလုံးနှင့် တိရစ္ဆာန် အသက်ကယ်ကုန်းအဆောက်အဦး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ မိုးရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် အိမ်ထောင်စုသုံးစု၊ အမျိုးသားခြောက်ဦး၊ အမျိုးသမီးခုနစ်ဦး ပေါင်း ၁၃ ဦး လေဘေးသင့်ခဲ့ကာ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ဝင်းဗိုလ်( မြန်အောင်)

## မိတ္ထီလာခရိုင်အတွင်း လေပြင်းတိုက်မှုဒဏ်ခံရသည့် အိမ်ထောင်စု ၁၃၀ ကျော်အား ထောက်ပံ့

**မိတ္ထီလာ မေ ၂၉**

မိတ္ထီလာခရိုင်အတွင်း မေ ၂၅ ရက်က လေပြင်းတိုက်ခတ်မှုဒဏ်ခံရသည့် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များမှ အိမ်ထောင်စု ၁၃၀ ကျော်နှင့် ဘုန်းကြီးကျောင်းနှစ်ကျောင်းအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး အပါအဝင် တန်ဖိုးငွေကျပ် ၈၄ သိန်းကျော်ကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"အမိုးလန်အိမ်တွေအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၆၈၀၀၀၀၀၊ တစ်ပတ်စာ ဆန်ဖိုးငွေကျပ် ၁၂၈၉၄၀၀၊ ပြိုကျအိမ်ခုနစ်လုံးအတွက် တန်ဖိုးငွေကျပ် ၂၆၄၇၂၀ ကျပ် တန်ဖိုးရှိတဲ့ စောင်၊ ခြင်ထောင်၊ အမျိုးသား အမျိုးသမီး ဝတ်လုံချည်တွေ၊ တီရှပ်အင်္ကျီ၊ ဒယ်အိုးစတဲ့ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးတွေကို ထောက်ပံ့ပေးအပ်ခဲ့တာပါ။ ထောက်ပံ့မှုအားလုံးရဲ့ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၄၃၄၉၂၀ ဖြစ်ပါတယ်။ ဘေးအန္တရာယ်ဒဏ်ခံရတဲ့ ဒေသခံပြည်သူတွေကို လတ်တလော သက်သာချောင်ချိမှုရရှိစေရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါတယ်"ဟု ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီသီချိုက ပြောသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် မိတ္ထီလာမြို့နယ်တွင် လူနေအိမ်ခြေ ၄၂ လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးခြင်း၊ မလှိုင်မြို့နယ်တွင် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခြင်း၊ သာစည်မြို့နယ်တွင် လူနေအိမ် ၂၉ လုံး အမိုးလန်ပျက်စီးခြင်း၊ ဝမ်းတွင်းမြို့နယ်တွင် လူနေအိမ်ခုနစ်လုံး ပြိုကျပျက်စီးပြီး လူနေအိမ် ၆၂ လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ( မိတ္ထီလာ)

## မြဝတီမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျူးကျော်ဈေးဆိုင်များ ရှင်းလင်း

**မြဝတီ မေ ၂၉**

ကရင်ပြည်နယ် မြဝတီမြို့ရှိ ကျူးကျော်ဈေးဆိုင်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ယနေ့ နံနက် ၉ နာရီက ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

"မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး ပတ်ပတ်လည်မှာ ပျံကျဈေးသည်တွေ စုစုပေါင်း ၄၀၀ ခန့်ရှိပါတယ်။ အဲဒီပျံကျဈေးသည်တွေကို ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်ရေးကာလအတွင်း မြဝတီမြို့ မြစန္ဒီပန်းခြံထဲကို ယာယီရွှေ့ပြောင်းပေးထားပြီး သူတို့ရောင်းချခဲ့တဲ့ ဘုရင့်နောင်ဈေးကြီး ပတ်လည်မှ လမ်းပေါ်တွေအထိ ကျူးကျော်ဆောက်လုပ်ထားတဲ့ဈေးဆိုင်တွေကို စစ်ဆေးတွေ့ရှိရသလို လမ်းပေါ်ကို ဘာမှသွားလို့မရအောင် ဖြစ်နေတယ်။ အရေးအကြောင်းရှိတဲ့အခါ အရေးပေါ် မီးသတ်ကားတွေတောင် ဝင်လို့မရအောင် ဖြစ်နေတဲ့အတွက် လမ်းမပေါ်ထိ ကျူးကျော်ဆောက်ထားတဲ့ဆိုင်တွေကို ဒီနေ့ ဖယ်ရှားရှင်းလင်းတာ ဖြစ်ပါတယ်။ အဲဒီလို ရှင်းလင်းသွားမှ ကိုဗစ်– ၁၉ ရောဂါကာကွယ်တဲ့ ပိုးသတ်ဆေးတွေကိုလည်း ထိထိရောက်ရောက် ဖျန်းပေးနိုင်မှာဖြစ်ပါတယ်"ဟု မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောရောဘတ်ထူးက ပြောသည်။



မြဝတီမြို့ရှိ ဘုရင့်နောင်ဈေးကြီး ပတ်လည်တွင် ပျံကျဈေးသည်များမှာ လမ်းမများပေါ်ထိ ကျူးကျော်ကာ ဈေးဆိုင်များ ဆောက်လုပ်ထားသဖြင့် ဘုရင့်နောင် ဈေးကြီးပတ်လည်ရှိ မေတ္တာလမ်း၊ သစ္စာလမ်းနှင့် စစ်မှုထမ်းဟောင်းလမ်းများမှာ မည်သည့်ယာဉ်မှ ဝင်ထွက်သွားလာ၍မရတော့သည့်အတွက် အဆိုပါလမ်းများပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသည့်ဈေးဆိုင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယနေ့ဖယ်ရှားရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်တွင် လေပြင်းတိုက်မှုကြောင့် နေအိမ်ပျက်စီးမှုအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**မော်လမြိုင်ကျွန်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါပျက်စီးမှုများတွင် ထီပါလယ်ကျေးရွာ၌ နေအိမ်ငါးလုံး ပြိုလဲပျက်စီးပြီး နေအိမ်တစ်လုံးပြိုလဲခြင်း၊ မဲဇလီပုသိမ်စုကျေးရွာ၌ နေအိမ်တစ်လုံး ပြိုလဲပျက်စီးခြင်း၊ မှန်ကူကနစိုချောင်းကျေးရွာ၌ နေအိမ်တစ်လုံး ပြိုလဲပျက်စီးခြင်း၊ မော်လမြိုင်ကျွန်းမြို့ပေါ် အမှတ်(၁၃)ရပ်ကွက်တွင် နေအိမ်နှစ်လုံး ပြိုလဲပျက်စီးကာ ဘုရားကျောင်းတံခွန်တိုင်ကျေးရွာ ဓမ္မသုခဘုန်းတော်ကြီးကျောင်း တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးမှုများကို ထောက်ပံ့ရန်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ လေဘေးသင့်ပြည်သူ ၃၉ ဦးတို့အား ဆန်ရိက္ခာ ခုနစ်ရက်စာငွေကျပ် ၈၁၉၀၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၉၆၁၉၀၀ အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးနှင့်အတူ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်အောင်(ပြန်/ဆက်)

## မြန်မာ့ရုပ်မြင်သံကြား

၃၀ . ၄ . ၂၀၂၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ – Breakfast News
၇:၃၅ – NRC အစီအစဉ် "မြန်မာ့သနပ်ခါး"
၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (အမျိုးသားလွှတ်တော်)
၉:၃၅ – လှပစုံလင်အာဆီယံတစ်ခွင်
၁၂:၃၀ – "ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု" (အပိုင်း– ၆)

**ညပိုင်း**

၁၆:၃၅ – "RC Plane & Hobby "
၁၇:၀၅ – "မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ဝေခြင်းနှင့် ပတ်သက်သည့်စကားဝိုင်း" (အပိုင်း– ၁)
၁၇:၃၅ – လူမှုစီးပွားမြင်ကွင်းများ
၁၈:၃၀ – မျက်မှောက်ရေးရာအဖြာဖြာ
၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
– **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်ထောင်စုရာထူးဝန်အဖွဲ့)**
– တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအစီအစဉ်များ
– မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## ဖောင်းပြင်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၈ ရက် ညနေပိုင်းက ဖောင်းပြင်မြို့နယ် လွှင်ကြီး–မြောက်လွှင် ကျေးရွာသွားလမ်းတွင် လင်းလင်းအောင် မောင်းနှင်ပြီး ငွေဇော်မြင့် လိုက်ပါလာသော ဆိုင်ကယ်နှင့် ဝင်းထွန်း မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးတို့ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ငွေဇော်မြင့်(၃၂နှစ်)၊ လင်းလင်းအောင်(၂၃နှစ်)၊ ဝင်းထွန်း(၃၂နှစ်)တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ငွေဇော်မြင့်၊ လင်းလင်းအောင်၊ ဝင်းထွန်း တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ နှင့်အတူ တွေ့ရစဉ်။

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၈ ရက်တွင် မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၇၁ စီး၊ သွင်းကုန် ၇၆၃ စီး၊ ရန်ကုန်–မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၁၅၀၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၉၂၂၊ စုစုပေါင်း တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၇၂ သန်း တန်ဖိုးရှိ လျှပ်စစ်အဆီကျဆေး၊ ခါးပတ်နှင့် စားသောက်ကုန်များအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဖားကန့်၌ အမှိုက်သိမ်းယာဉ် ဘရိတ်ပေါက်ပြီး ယာဉ်တစ်စီး၊ လမ်းဘေးခါတ်တိုင်နှင့်အိမ်တစ်လုံးတို့ကို ဆင့်ကဲတိုက်မိ

**ဖားကန့် ဧပြီ ၂၉**

ကချင်ပြည်နယ် ဖားကန့်မြို့ ၄က်ပျော တောရပ်ကွက်တွင် အမှိုက်သိမ်းယာဉ် ဘရိတ်ပေါက်၍ ဆင့်ကဲတိုက်မှု ယနေ့ မွန်းလွဲ ၁ နာရီခန့်က ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ဆိပ်မူကျေးရွာတွင် အမှိုက်သိမ်းပြီး ဖားကန့်အမှိုက်ကျင်းသို့ အမှိုက်များစွန့်ပစ်၍ ပြန်လာသည့် စည်ပင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ လိုက်ပါသည့် အမှိုက်သိမ်းယာဉ်သည် ကုန်းအဆင်း ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ မောင်းနှင်လာသော ယာဉ်တစ်စီးကို ဝင်တိုက်မိပြီး လမ်းဘေးခါတ်တိုင်နှင့် လမ်းဆုံရှေ့တည့်တည့်မှ နှစ်ထပ်နေအိမ် အောက်ထပ်တို့ကို ဆင့်ကဲတိုက်မိခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

ယာဉ်တိုက်မှုဖြစ်စဉ်တွင် ထိခိုက်မိခဲ့သည့် စည်ပင်ယာဉ်မောင်းအား မြစ်ကြီးနားဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးလျက်ရှိပြီး သန့်ရှင်းရေးလုပ်သား ယာဉ်နောက်လိုက်အား ဖားကန့်ပြည်သူ့ဆေးရုံတွင် (မစိုးရိမ်ရ) ကုသပေးလျက်ရှိကြောင်းနှင့် အခြားသူများ ထိခိုက်မှုမရှိကြောင်း သိရသည်။**တာလင်းမောင်(ပြန်/ဆက်)**

❑ *ကျော့ဖုံးမှ*

အူဘာမီယန်အပါအဝင် အိုဖေးလ်၊ ဆိုကရေးတစ်၊ လူးဝစ်နှင့် မူစတာဖီတို့သည် လာမည့်နှစ်တွင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။ နည်းပြ အာတီတာသည် ကစားသမားဝယ်ယူမှုတွင် ဘဏ္ဍာရေးကန့်သတ်ချက်များကြောင့် အသင်းကိုပြုပြင်ရာ၌ အခက်တွေ့နေကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် အူဘာမီယန်၏ နေရာကို ချယ်လ်ဆီးအသင်းမှ ဘရာဇီး တောင်ပံကစားသမား ဝီလီယံဖြင့် အစားထိုးလိုနေသော်လည်း ဝီလီယံ၏ မြင့်မားသော လုပ်ခလစာ တောင်းဆိုမှုကြောင့် အခက်တွေ့နေသည်။ ဝီလီယံသည် ချယ်လ်ဆီးအသင်းက နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ငြင်းဆိုထားသူဖြစ်သည်။ အဆိုပါကစားသမားကို လီဗာပူးနှင့် အင်တာမီလန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည်။

အူဘာမီယန်သည် ၂၀၁၈ ခုနှစ်တွင် ဒေါ့မွန်အသင်းမှ အာဆင်နယ်အသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ၇၅ ပွဲ ကစားထားပြီး ၄၉ ဂိုး သွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

**အောင်ဇော်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဘင်ယက်ဒါကို ခေါ်ယူရန် စိတ်ဝင်စား**

အာဆင်နယ်နှင့် မန်ယူအသင်းတို့သည် မိုနာကိုအသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား ဘင်ယက်ဒါ (၂၉နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**တိုဒီဘိုကို ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး ဘာစီလိုနာအသင်းနှင့် ဆွေးနွေး**

အဲဗာတန်အသင်းသည် လက်ရှိ ရှော်ကေးအသင်းတွင် အငှားကစားလျက်ရှိနေသော ပြင်သစ်လူငယ်ကစားသမား တိုဒီဘို (၂၀နှစ်) ကို ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး ဘာစီလိုနာအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဟာဗက်ဇ်ကို ခေါ်ယူရန် ပစ်မှတ်ထားလာ**

ချယ်လ်ဆီးအသင်းသည် ကော်တင်ဟိုကို ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ယခုအခါ လေဗာကူဆင်အသင်းမှ ဂျာမန်ကွင်းလယ်ကစားသမားကိုင် ဟာဗက်ဇ် (၂၀နှစ်) ကို ခေါ်ယူရန် ပစ်မှတ်ထားလာကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရိုက်စ်ကို ရောင်းချဖွယ်ရှိ**

ဝက်စ်ဟမ်အသင်းသည် အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ရိုက်စ်ကို ရောင်းချဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါကစားသမားကို ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့အပြင် အာဆင်နယ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

**အိုစင်ဟန်ကို ခေါ်ယူရန် စိတ်အားထက်သန်နေ**

လီဗာပူးအသင်းသည် လိုင်လီတိုက်စစ်ကစားသမား ဗစ်တာ အိုစင်ဟန် (၂၁နှစ်) ကို ခေါ်ယူရန် စိတ်အားထက်သန်နေပြီး လက်စတာနှင့် ချယ်လ်ဆီးအသင်းတို့ကလည်း အဆိုပါ နိုင်ဂျီးရီးယားကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ပေါ့ဂ်ဘာနှင့် လင်ဂတ် တို့ကို ရောင်းထုတ်သွားရန် ပြင်ဆင်**

မန်ယူအသင်းသည် ဒေါ့မွန်အသင်းမှ ဆန်ချိုကို ခေါ်ယူနိုင်ရန်အတွက် အသင်းမှ ပြင်သစ်ကစားသမား ပေါ့ဂ်ဘာနှင့် အင်္ဂလန်ကစားသမား လင်ဂတ် တို့ကို ရောင်းထုတ်သွားရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆာလီဆူကို ခေါ်ယူရန် ချိတ်ဆက်မှုပြုလုပ်**

မန်ယူအသင်းသည် ရီးရဲ ဗယ်လာဒိုလစ်အသင်းမှ ခံစစ်ကစားသမား ဆာလီဆူ (၂၁နှစ်) ကို ခေါ်ယူရန် ချိတ်ဆက်မှုပြုလုပ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**စီဘယ်လော့စ် ရီးရဲမက်ဒရစ် အသင်းထံသို့ ပြန်သွားရန် မျှော်လင့်**

စပိန်ကွင်းလယ်ကစားသမား ဒန်နီစီဘယ်လော့စ် (၂၃နှစ်)သည် အာဆင်နယ်အသင်း၌ အငှားစာချုပ်သက်တမ်းကုန်ဆုံးပါက ရီးရဲမက်ဒရစ်အသင်းထံသို့ ပြန်သွားရန် မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## ဒေသန္တရအမိန့် ဖောက်ဖျက်သူများကို ထောင်ဒဏ်များချမှတ်

**နွားထိုးကြီး**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ညောင်ပင်ဇောက်ကျေးရွာနေ မင်းသော်ဦးသည် ဧပြီ ၁၀ ရက်တွင် ရန်ကုန်မြို့မှ ပြန်လည်ရောက်ရှိလာပြီး ၎င်း၏ယာကွက်အတွင်း နေထိုင်သည်ကို ကျေးရွာအုပ်ချုပ်ရေးမှူးက သိရှိသဖြင့် ဧပြီ ၁၂ ရက်တွင် ကျေးရွာပြည်သူများ၏ သဘောထားဆန္ဒအရ ကျေးရွာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် သီးသန့်နေထိုင်ရန် သတ်မှတ်ထားသော (အမကခွဲ)ကျောင်းဆောင်အတွင်း ပြောင်းရွှေ့နေထိုင်ပြီး ကျန်းမာရေးပြုစုစောင့်ရှောက်စစ်ဆေးမှုခံယူရန် တာဝန်ရှိသူများက ပြောဆိုခဲ့သည်။ မင်းသော်ဦးက လိုက်နာမှုမရှိဘဲ တာဝန်ရှိသူများအား မချေမငံပြောဆိုခြင်း၊ကျန်းမာရေးပြုစုစောင့်ရှောက် စစ်ဆေးမှုခံယူရန် ငြင်းဆန်ခဲ့သဖြင့် ဥပဒေအရ အရေးယူပေးရန် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးက တရားလိုပြုလုပ်၍ တိုင်ကြားခဲ့သည်။ မင်းသော်ဦးအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၀(က)အရ အလုပ်နှင့်ထောင်ဒဏ်ခြောက်လ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်**

**ကျုံပျော်**

ကိုဗစ်–၁၉ ကူးစက်ခံရမှုမရှိစေရန်နှင့် အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရ ဒေသန္တရအမိန့်အမှတ် (၂/၂၀၂၀)အား ထုတ်ပြန်ခဲ့ရာ ဖောက်ဖျက်ခဲ့သူ ၁၀ ဦးအား အလုပ်မဲ့ ထောင်ဒဏ်တစ်လစီ ချမှတ်သည်။

အဆိုပါ ညမထွက်ရအမိန့်ကို ဧပြီ ၂၃ ရက်မှ စတင်ထုတ်ပြန်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ညစဉ်ပိတ်ဆို့စစ်ဆေးခြင်း၊ လှည့်ကင်းဝပ်ကင်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၃ ရက် ည ၁၁ နာရီခွဲတွင် အောင်လံစုကျေးရွာလမ်းမပေါ်တွင် ရှစ်ဦး၊ ဧပြီ ၂၆ ရက် ည ၁၀နာရီ ၄၇ မိနစ်က သပြေကွင်းကျေးရွာလမ်းမပေါ်တွင် နှစ်ဦး၊ စုစုပေါင်း ၁၀ ဦးအား သက်ဆိုင်ရာ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ သွားလာနေသည်ကိုတွေ့ရ၍ ဒေသန္တရအမိန့် ဖောက်ဖျက်ကျူးလွန်သဖြင့် မြို့နယ်တရားရုံးက အလုပ်မဲ့ ထောင်ဒဏ်တစ်လစီ ချမှတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ၁၀ ဦးတွင် အမျိုးသားရှစ်ဦး၊ အမျိုးသမီးနှစ်ဦးပါဝင်ပြီး ရေကြည်မြို့နယ်မှ ငါးဦး၊ ကျုံပျော်မြို့နယ်မှ သုံးဦးနှင့် ကျောင်းကုန်းမြို့နယ်မှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## Chinese 8 Ball ဒုတိယမြောက်ပွဲစဉ် ဘုန်းမြင့်ကျော်(ခ) အားတီ ဆက်လက်အနိုင်ရ



Chinese 8 Ball ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ပူးလ်ကစားသမား ဘုန်းမြင့်ကျော်(ခ)အားတီ ယှဉ်ပြိုင်ခဲ့စဉ်။

**ရန်ကုန် ဧပြီ ၂၉**

မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့၌ ကျင်းပလျက်ရှိသော Chinese 8 Ball ပြိုင်ပွဲ၌ သူ၏ ဒုတိယမြောက်ပွဲစဉ်ကို ဧပြီ ၂၉ ရက် **(ယနေ့)** ည ဒေသစံတော်ချိန် ည ၇ နာရီ (မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ) တွင် ကစားခဲ့ရာ ၂၁ ပွဲ – ၁၇ ပွဲဖြင့် အကြိတ်အနယ် ကစားပြီး နိုင်ပွဲဆက်လက်ရရှိခဲ့သည်။

ဘုန်းမြင့်ကျော်(ခ)အားတီသည် အိုးပင်းချန်ပီယံဟောင်းတစ်ဦးဖြစ်သူ Li Bo နှင့် ကစားခဲ့ရာ ပထမပိုင်း၌ ၁၀ ပွဲစီ သရေဖြစ်နေခဲ့သည်။ ဒုတိယပိုင်းတွင် နောက်မှလိုက်ကစားပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။

အားတီသည် ဧပြီ ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော ပွဲဦးထွက်ပွဲစဉ်၌ ၂၀၁၈ ကမ္ဘာ့ချန်ပီယံဟောင်း Yu Hai Tao ကို ၂၁ ပွဲ–၁၇ ပွဲဖြင့် အနိုင်ရခဲ့သည်။

ဘုန်းမြင့်ကျော် (ခ) အားတီသည် လက်ကျန်ပွဲငါးပွဲကို မေလအတွင်း၌ ဆက်လက်ကစားရမည်ဖြစ်ပြီး တတိယနှင့် စတုတ္ထမြောက်ပွဲစဉ်များကို မေလ ၃ ရက်နှင့် ၅ ရက်တို့တွင် ကစားရမည်ဖြစ်သည်။ မေလ ၃ ရက်တွင် Liu Hai Tao၊ မေလ ၅ ရက်တွင် Zheng Yu Bo တို့နှင့် ကစားရမည်ဖြစ်ပြီး ၎င်းပြိုင်ဘက်နှစ်ဦးစလုံး ကမ္ဘာ့ချန်ပီယံဟောင်းများဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# ရုရှား၌ အသွားအလာကန့်သတ်ပိတ်ဆို့မှုကာလ ထပ်တိုးထားချိန် ဗိုင်းရပ်စ်အကာအကွယ်ဝတ်စုံ မလုံလောက်မှုဖြစ်နေကြောင်း ပူတင်ပြော

**မော်စကို မေ ၂၉**
ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှု ဆက်လက်အရှိန်မြင့်နေသည့်အတွက် အသွားအလာကန့်သတ်ပိတ်ဆို့မှုအချိန်ထပ်တိုးထားချိန်တွင် အကာအကွယ်(ပီပီအီး)ဝတ်စုံများ မလုံလောက်မှု ဖြစ်ပေါ်လျက်ရှိကြောင်း ရုရှား သမ္မတဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထုတ်လုပ်မှုနှင့် တင်ပို့မှုများ အကြီးအကျယ် လုပ်ဆောင်နေချိန်မှာပင် အကာအကွယ်ဝတ်စုံ မလုံလောက်မှုကို ရင်ဆိုင်နေရခြင်း ဖြစ်ကြောင်း ၎င်းက ပြောသည်။ ရုရှားနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးအမှတ်သို့ မရောက်ရှိသေးကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ကြံ့ကြံ့ခံ ဆက်လက်ရပ်တည်နိုင်ရေး ပြင်ဆင်ထားရဦးမည်ဖြစ်ကြောင်း သမ္မတပူတင်က သတိပေးခဲ့သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု အခြေအနေကိုထိန်းချုပ်နိုင်ရန် အဝင်အထွက် အသွားအလာကန့်သတ်ပိတ်ဆို့မှုချမှတ်ထားသည့်ကာလကို မေ ၁၁ ရက်မတိုင်မီအထိ အချိန်ထပ်တိုးထားသည်။ လက်ရှိတွင် ရုရှားတစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက် ၉၃၀၀၀ ကျော်ရှိပြီး သေဆုံးသူ အရေအတွက် ၈၆၇ ဦးအထိ ရှိပြီ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ် တိုက်ဖျက်ရာတွင် ရှေ့တန်းစစ်မျက်နှာမှ ရင်ဆိုင်နေကြရသည့် ကျန်းမာရေးဝန်ထမ်းများအတွက် အကာအကွယ်ဝတ်စုံများ ယခုအချိန်အထိ လုံလုံလောက်လောက် မရှိသေးကြောင်း သမ္မတ ပူတင်က ဝန်ခံခဲ့သည်။ အမှန်တကယ် လိုအပ်သည့် အရေအတွက်နှင့်စာလျှင် ရရှိထားသည့် အကာအကွယ်ဝတ်စုံများ ပြည့်စုံမှုမရှိကြောင်း ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် မိန့်ခွန်းအတွင်း ထည့်သွင်းပြောကြားခဲ့သည်။ ရုရှားနိုင်ငံ၌ ယခုလက်ရှိတွင် တစ်ရက်လျှင် ဗိုင်းရပ်စ်အကာအကွယ်ဝတ်စုံ ၁၀၀၀၀ အထိ ထုပ်လုပ်ပေးလျက်ရှိပြီး ပြီးခဲ့သည့်မတ်လအတွင်းက တစ်ရက်လျှင် အစုံ ၃၀၀၀ အထိ ထုတ်လုပ်ခဲ့ရာမှ တိုးမြှင့်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ နှာခေါင်းစည်း ထုတ်လုပ်မှုမှာလည်း ဧပြီလတွင် တစ်ရက်လျှင် အခုရေ ၈ ဒသမ ၅ သန်းအထိ တိုးမြှင့်ထုတ်လုပ်ခဲ့သည်။

**အေအက်ဖ်ပီ**



အဝါရောင်ဗိုင်းရပ်စ်အကာအကွယ်ဝတ်စုံ ဝတ်ဆင်ထားသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ဆေးရုံတစ်ရုံ၌ တွေ့ရစဉ်။

# ဆီးရီးယားအနောက်မြောက်ပိုင်း၌ ကားတစ်စီးပေါက်ကွဲမှုကြောင့် ကလေးငယ် ၁၁ ဦး အပါအဝင် လူ ၄၀ သေဆုံး

**ဒမတ်စကတ် မေ ၂၉**
ဆီးရီးယားအနောက်မြောက်ပိုင်းရှိ တူရကီထိန်းချုပ်ထားရာ အာဖရင်မြို့၌ ဆီသယ်ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၄၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းပေါက်ကွဲမှုကို တူရကီက ကာ့ဒ်စစ်သွေးကြွအဖွဲ့ကို အပြစ်တင်ထားသည်။ လောင်စာဆီတင်ဆောင်ထားသည့် ကားသည် မေ ၂၈ ရက်က တူရကီနယ်စပ်မှ ၂၀ကီလိုမီတာခန့်ဝေးကွာသည့် အာဖရင်မြို့ရှိ ဈေးတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုအတွင်း သေဆုံးခဲ့သူများထဲတွင် ကလေးငယ် ၁၁ ဦးပါဝင်ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာန အာဏာပိုင်များက ပြောသည်။

လတ်တလောတွင် ပေါက်ကွဲမှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မသိရသေးသော်လည်း တူရကီ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကားကို ကာ့ဒ်စစ်သွေးကြွအဖွဲ့ ဖုံးထောင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သံသယဖြစ်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့က ကားမောင်းသူကို ဖမ်းဆီးထိန်းသိမ်းထားပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။

ဝိုင်ပီဂျီဟု လူသိများသည့် ကာ့ဒ်စစ်သွေးကြွအဖွဲ့သည် ၂၀၁၄ ခုနှစ်မှစတင်ကာ အိုင်အက်စ်စစ်သွေးကြွများကို အမေရိကန်ပြည်ထောင်စုနှင့်အတူ ပူးပေါင်းနှိမ်နင်းခဲ့သည်။ ဝိုင်ပီဂျီအဖွဲ့သည် ဆီးရီးယား မြောက်ပိုင်းရှိ ၎င်းထိန်းချုပ်ထားသည့် ဧရိယာကို တူရကီနယ်စပ်ဧရိယာအထိ ချဲ့ထွင်ခဲ့သည်။

တူရကီစစ်တပ်က ဝိုင်ပီဂျီအဖွဲ့ကို တူရကီရှိ ကာ့ဒ်ခွဲထွက်ရေး အုပ်စုနှင့် ကြီးကြီးမားမား ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်း စွပ်စွဲထားသည်။

တူရကီစစ်တပ်သည် ၂၀၁၈ ခုနှစ်တွင် ဆီးရီးယားနယ်စပ်ကိုဖြတ်ကျော်ကာ ဝိုင်ပီဂျီအဖွဲ့ အခြေစိုက်ထားသည့် အာဖရင်မြို့ကို ထိန်းချုပ်ခဲ့သည်။

**အေအက်ဖ်ပီ**



ပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်များ ပျက်စီးမှုကို တွေ့ရစဉ်။

# ကပ်ရောဂါကြောင့် ဗြိတိန်လေကြောင်းလိုင်းက အလုပ်အကိုင် ၁၂၀၀၀ ကျော်လျှော့ချမည်

**လန်ဒန် မေ ၂၉**
ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကြောင့် လေကြောင်းခရီးစဉ်သွားလာမှုလျော့ကျလာသည့်အခြေအနေကြောင့် ဗြိတိန်၏ အဓိကလေကြောင်းလိုင်း တစ်ခုဖြစ်သည့် ဗြိတိန်လေကြောင်းလိုင်းက အလုပ်အကိုင်၁၂၀၀၀ အထိ လျှော့ချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

### ယူရိုငွေ ၅၃၅ သန်းဆုံးရှုံး

ဗြိတိန်လေကြောင်းလိုင်းကို လည်ပတ်ဆောင်ရွက်နေသည့် အင်တာနေရှင်နယ်လေကြောင်းလိုင်းအုပ်စု ကုမ္ပဏီက ပြီးခဲ့သည့် ဇန်နဝါရီလမှ မတ်လအထိ လေကြောင်းလိုင်းလုပ်ငန်းလည်ပတ်မှုမှ ယူရိုငွေ ၅၃၅ သန်း ဆုံးရှုံးခဲ့ကြောင်း မေ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

### အခြေအနေပိုဆိုးနိုင်

ကုမ္ပဏီအနေဖြင့် လာမည့် ဒုတိယသုံးလပတ်တွင် လုပ်ငန်းအရှုံးပေါ်မှု အခြေအနေပိုဆိုးနိုင်သည်ဟု ခန့်မှန်းထားကြောင်း ပြောကြားခဲ့သည်။ လေကြောင်းလိုင်းအနေဖြင့် ပြီးခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ဧပြီလနှင့်မေလအတွက် ခရီးသည်တင်ဆောင်မှုကို ၉၄ ရာခိုင်နှုန်းအထိလျှော့ချထားကြောင်း၊ မဖြစ်မနေ ခရီးသွားရမည့်အခြေအနေများနှင့် နေရပ်ပြန်ပို့ခြင်းကိစ္စရပ်များအတွက်သာလျှင် ခရီးစဉ်ပျံသန်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

### လျှော့ချမည်

သို့ဖြစ်ရာ အင်တာနေရှင်နယ်လေကြောင်းလိုင်းအုပ်စု ကုမ္ပဏီအနေဖြင့် အလုပ်အကိုင်ပေါင်း ၁၂၀၀၀ကျော် လျှော့ချမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန်လေကြောင်းလိုင်းမှ လေယာဉ်အချို့ကို တွေ့ရစဉ်။

# တောင်ကိုရီးယားရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ကုန်လှောင်ရုံ မီးလောင်မှု ဖြစ်ပွား ၂၅ ဦးထက်မနည်းသေဆုံး

**ဆိုးလ် မေ ၂၉**
တောင်ကိုရီးယားနိုင်ငံ ဂျယ်အွန်ဂီပြည်နယ်ရှိ ကုန်လှောင်ရုံဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသမီဒီယာက ဖော်ပြသည်။

မီးလောင်မှုသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲလောက်တွင် ဆိုးလ်မြို့တော် အရှေ့တောင်ဘက်မှ ၈၀ ကီလိုမီတာအကွာ အင်ချွန်းရှိ ကုန်လှောင်ရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင် မြေညီထပ်၌ ဖြစ်ပွားခဲ့သည်။ မီးလောင်မှုစတင်ဖြစ်ပွားချိန်တွင် အဆောက်အအုံအတွင်း၌ ဆောက်လုပ်ရေးကုမ္ပဏီ ကိုးခုတို့မှ အလုပ်သမားများရှိနေခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် သေဆုံးသူ ၂၅ ဦးရှိပြီး ခုနစ်ဦးမှာ ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် သေဆုံးမှုမြင့်တက်လာနိုင်သေးကြောင်း သိရသည်။ မီးလောင်မှုသည် ဆောက်လုပ်ရေးဆောင်ရွက်နေစဉ်အတွင်း ဓာတ်ငွေ့အသုံးပြုချိန်တွင် အမှတ်မထင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်နိုင်ကြောင်း အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားလျက် ယွန်ဟတ် သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ကပ်ရောဂါ ဖြစ်ပွားနေသော်လည်း အသား၊ ငါးအရောင်းဆိုင်များ ဆက်ဖွင့်ထားကြရန် သမ္မတထရမ့် ညွှန်ကြား

**ဝါရှင်တန် မေ ၂၉**
အမေရိကန်ပြည်ထောင်စု၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်နေသော်လည်း အသား၊ ငါးအရောင်းဆိုင်များ ဆက်လက်ဖွင့်လှစ်ထားကြရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ညွှန်ကြားလိုက်ကြောင်း သိရသည်။

အမေရိကန်၏ အကြီးဆုံး အသားငါးထုပ်ပိုးမှုအဖွဲ့က အလုပ်သမားများအား ဗိုင်းရပ်စ်စစ်ဆေးစမ်းသပ်မှုကို အမြန်ဆုံးဆောင်ရွက်ပေးရန် အိမ်ဖြူတော်သို့ တိုက်တွန်းထားသည်။ လုပ်ငန်းဆက်လက်လည်ပတ်နေသည့် စက်ရုံအချို့တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် စက်ရုံများကို မဖြစ်မနေပိတ်သိမ်းခဲ့ရသည့်အတွက် ထုတ်လုပ်မှုစွမ်းအား လျော့ကျခဲ့သည်။ ယင်းသို့စက်ရုံများပိတ်ထားရမှုက နိုင်ငံအတွင်း အသား၊ ငါးဖြန့်ဖြူးရောင်းချမှုလုပ်ငန်းများကို ခြိမ်းခြောက်မှုဖြစ်လာပြီး နိုင်ငံတော်အရေးပေါ်အခြေအနေကျရောက်နေချိန်တွင် အဓိကကျသည့် အခြေခံအဆောက်အအုံကို ယိုယွင်းလာစေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးဥပဒေကို ကိုးကားလျက် ၎င်း၏ အမိန့်ထုတ်ပြန်ချက်၌ ထည့်သွင်းဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ကမ္ဘာ့နိုင်ငံအချို့တွင် အလုံပိတ်ကန့်သတ်မှုများ လျှော့ချနေချိန် အမေရိကန်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်ပေါင်း တစ်သန်းအထိ စံချိန်တင်ရောက်ရှိ

**ဝါရှင်တန် ဧပြီ ၂၉**

အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်ပေါင်း တစ်သန်းအထိ စံချိန်တင်ရောက်ရှိလာသည့်အချိန်တွင် စပိန်၊ ရုရှားနှင့် နိုင်ဂျီးရီးယားနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများတွင် စီးပွားရေးလုပ်ငန်းအချို့ ပြန်လည်ဖွင့်လှစ်ဖို့ ပြင်ဆင်နေပြီး ပုံမှန်ဘဝ၊ ပုံမှန်အခြေအနေပြန်ရောက်အောင် လုပ်ဆောင်နေကြကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာ့လူဦးရေထက်ဝက်ကျော် တစ်စိတ်တစ်ပိုင်းအလုံပိတ်ကန့်သတ်မှုများကို ဖြေလျှော့ပေးလိုက်ခြင်းကြောင့် နောက်တစ်ကြိမ် ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်များ ပြန်လည်မြင့်တက်လာမည်ကို စိုးရိမ်ကြောက်ရွံ့လျက်ရှိသည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့စီးပွားရေးအကြီးအကျယ် ပျက်စီးမှုနှင့် ကြုံတွေ့လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုတွင် အလုပ်အကိုင်ပေါင်း သန်းနှင့်ချီ၍ ဆုံးရှုံးမှုများနှင့် ကြုံတွေ့လျက်ရှိပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေမှာလည်း ၅၈၃၅၁ ဦးဖြင့်စံချိန်တင်လျက်ရှိသည်။ အဆိုပါပမာဏသည် ဗီယက်နမ်စစ်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင် အရေအတွက်ထက် ပိုမိုကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာတွေ့ရှိမှုသည် ၁၀၁၁၈၇၇ ဦးအထိမြင့်တက်လျက်ရှိသောကြောင့် ယင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပြန်လည်ရွေးကောက်ခံရမည့် အခွင့်အလမ်းကို ခြိမ်းခြောက်လျက်ရှိသည်။

သို့သော်လည်း တချို့နိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့်အရေအတွက်ကျဆင်းလာကြောင်းနှင့် အစိုးရများကလည်း အလုံပိတ်ကန့်သတ်ထားသည့် အခြေအနေမှ ရုန်းထွက်နိုင်မည့်နည်းလမ်းများကို စဉ်းစားလျက်ရှိကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတွင် ဧပြီ ၂၈ရက်ကဈေးဆိုင်များ၊ ဈေးများနှင့် ရွေးချယ်ထားသောကျောင်းများကို လာမည့်လတွင် ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သော်လည်း နှာခေါင်းစည်းများကို လူမြင်ကွင်းများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် တပ်ဆင်ရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ဖော်ပြထားသည်။ ထို့အတူ အိမ်မှအလုပ်လုပ်ကိုင်ရမည့် ညွှန်ကြားချက်များကို နောက်ထပ်ရက်သတ္တပတ်အတော်ကြာသည်အထိ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ပြင်သစ်က ပြောကြားလိုက်သည်။

ဝန်ကြီးချုပ် အက်ဒွပ်ဖီးလစ်က ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်ခြင်းသည် စွန့်စားရာကျကြောင်း ဝန်ခံပြောကြားထားသည်။ စပိန်နိုင်ငံကလည်း လာမည့်နှစ်လအတွင်း ကန့်သတ်မှုများကို တဖြည်းဖြည်း ဖယ်ရှားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



ကယ်လီဖိုးနီးယားပြည်နယ် ကမ့်တွန်မြို့ အစိုးရကျောင်းယာဉ်ရပ်နားရာနေရာတွင် ကိုရိုနာဗိုင်းရပ်စ် ရှိ မရှိ ရွှေ့လျားစနစ်ဖြင့် စမ်းသပ်စစ်ဆေးပေးနေသောကြောင့် စမ်းသပ်စစ်ဆေးခံရန် စောင့်ဆိုင်းနေသောပြည်သူများကို တွေ့ရစဉ်။

# ယူအက်ဖ်အိုဟုယူဆရသည့် ဗီဒီယိုသုံးခုကို ပင်တဂွန်ထုတ်ပြန်

**ဝါရှင်တန် ဧပြီ ၂၉**

အမျိုးအမည်မသိ ပျံသန်းနေသောယာဉ် ယူအက်ဖ်အိုဟု ယူဆရသည့် ဗီဒီယိုသုံးခုကို အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က ထုတ်ပြန်လိုက်ကြောင်းနှင့် အဆိုပါ ယူအက်ဖ်အိုဗီဒီယိုများကို အမေရိကန် ရေတပ်လေသူရဲများက ရိုက်ယူခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




ပင်တဂွန်က ထုတ်ပြန်သည့် ဗီဒီယိုတွင် ယူအက်ဖ်အိုဟုယူဆရမည့် အမျိုးအမည်မသိ ပျံသန်းနေသော ယာဉ်ကို တွေ့ရစဉ်။

အစက်အပြောက်များဖြင့်မှုန်ဝါးဖြစ်နေသော မြူ မည်း ဗီဒီယိုများသည် ယခင်ကတည်းက ပေါက်ကြားခဲ့ကြောင်းနှင့် အမေရိကန်ရေတပ်က အဆိုပါ ဗီဒီယိုများသည် ၎င်းတို့ဗီဒီယိုများဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဒါက အစစ်လား၊ နောက်ထပ်ဗီဒီယိုရှိဦးမလားဆိုပြီး ပြည်သူလူထုအနေဖြင့် နားလည်မှုမလွဲစေရန် ယခုဗီဒီယိုများကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီဒီယိုထဲတွင် တွေ့ရှိသည့် လေကြောင်းဖြစ်စဉ်များကို အတိအကျ မသိရသေးကြောင်း၊ အမျိုးအမည် မခွဲခြားနိုင်သေးကြောင်း ပင်တဂွန်၏ ထုတ်ပြန်ချက်တွင် ဖော်ပြ လိုက်သည်။

ယင်းဗီဒီယိုများထဲမှ တစ်ခုကို ၂၀၀၄ ခုနှစ် နိုဝင်ဘာက ရိုက်ခဲ့ခြင်းဖြစ်ပြီး ကျန်ဗီဒီယိုနှစ်ခုကို ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် ရိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗီဒီယိုများကို နယူးယောက်တိုင်းမ်နှင့် တူးသည်စတားအကယ်ဒမီ အော့ဖ် အာ့တ်အင်န်ဆိုင်းရင့်စ်တွင် ယခင်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားချိန်အတွင်း မွေးဖွားလာသော ကလေးများကို ကိုရိုနာ၊ ကိုဗစ် နာမည်များ မှည့်ခေါ်

**နယူးဒေလီ ဧပြီ ၂၉**

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့ဖြစ်ပွားနေချိန်တွင် မွေးဖွားလာသော ကလေးများကို အဆိုပါနာမည်များ ပေးထားကြကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဧပြီ ၂၉ ရက်က ဖော်ပြလိုက်သည်။

ပထမဆုံး အမည်မှည့်ခေါ်လိုက်သောကလေးမှာ ကိုရိုနာကူးမားဖြစ်ပြီး ယင်းနောက် ကိုဗစ်မာရီစသည်ဖြင့် အမည်များ မှည့်ခေါ်လာကြောင်း သိရသည်။ ပထမဆုံး ကိုရိုနာကူးမားဆိုသည့်နာမည်ကို အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်းရှိ မိခင်တစ်ဦးက ကလေးမွေးဖွားပြီးနောက် အမည်မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။

ကိုဗစ်မာရီဆိုသည့်နာမည်ကို ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့ရှိ မိဘများက ၎င်းတို့၏ကလေးနာမည်အဖြစ် ဧပြီ ၁၃ ရက်က မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

နောက်နာမည်တစ်ခုမှာ ကိုရိုနာကူမာရီဆိုသည့်နာမည်ဖြစ်ပြီး အဆိုပါ နာမည်ကို အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်းရှိ မိခင်တစ်ဦးက ၎င်း၏ ကလေးငယ်ကို ပေးခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ သည် ကမ္ဘာတစ်ဝန်း အမြောက်အမြားဆုံးရှုံးမှု ဖြစ်စေခဲ့ကြောင်း၊ ကလေးနာမည်များကို ထိုသို့ အမည်မှည့်ခေါ်လိုက်ခြင်းအားဖြင့် ယခု အဖြစ်အပျက်ကို အမှတ်ရရုံမကဘဲ ကောင်းမွန်သည့်အရာများပါ ယူဆောင်လာစေမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ရှိ မိဘများက ပြောကြားသည်။

**အေအက်ဖ်ပီ**

## လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှု မရှိ

**ဗီယန်ကျင်း ဧပြီ ၂၉**

လာအိုနိုင်ငံ၌ ဧပြီ ၂၉ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ မရှိကြောင်းနှင့် ရောဂါကူးစက်ခံခဲ့ရသူ နောက်တစ်ဦးမှာလည်း ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်သည် ၁၉ ဦးရှိခဲ့ပြီး နောက်ထပ်ကူးစက်ဖြစ်ပွားမှုမရှိဘဲ ရပ်တန့်နေခဲ့သည်။ ထို့ပြင် လောင်ပရာဘန်ပြည်နယ်ရှိ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသည့် နောက်ဆုံး လူနာမှာလည်း ဗိုင်းရပ်စ်စစ်ဆေးမှုနှစ်ကြိမ် ပြုလုပ်ပြီးနောက် ရောဂါပိုး မတွေ့ရှိရသည့်အတွက် ဆေးရုံမှပြန်ဆင်းလာခဲ့ကြောင်းသိရသည်။

**ဆင်ဟွာ**

# ဩစတြီးယားနိုင်ငံတွင် အလုံပိတ်ကန့်သတ်မှုများ လျှော့ချ

**ဗီယင်နာ ဧပြီ ၂၉**

ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချုပ်ချယ်မှုများ လျှော့ပေါ့ပေးလိုက်မှုနှင့်အတူ ဩစတြီးယားနိုင်ငံသားများကို ဟိုဟိုဒီဒီ သွားလာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ သို့သော်လည်း လူစုလူဝေးပြုလုပ်ခြင်းနှင့် ခပ်ခွာခွာနေထိုင်ရမည့် ညွှန်ကြားချက်များကို လိုက်နာရဦးမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဧပြီ ၂၉ ရက်က ဖော်ပြလိုက်သည်။

လတ်တလောတွင် ဩစတြီးယားနိုင်ငံသားများကို သတ်မှတ်ခရီးသွားလာမှုများပြုလုပ်ရန် နေအိမ်ပြင်ပသို့ထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ နေအိမ်မှအလုပ်မလုပ်လိုလျှင် လုပ်ငန်း ခွင်သို့ သွားရောက်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း၊ အစားအစာဝယ်ရန်နှင့် ဆေးကုသမှုခံယူရန်လည်း နေအိမ်ပြင်ပသို့ ထွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

မေ ၁ ရက်မှစပြီး ပြည်သူ များသည် ကန့်သတ်ချက် အနည်းငယ်ဖြင့်သာ နေအိမ်ပြင်ပသို့ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်တော့မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အုပ်စုဖြင့် တွေ့ဆုံခြင်း၊ ခပ်ခွာခွာနေခြင်းတို့ကို လေးစားလိုက်နာရန်လိုကြောင်း သိရသည်။

ဇွန်လအထိ လူစုလူဝေးပြုလုပ်ခြင်းကို ၁၀ ဦးအထိ ကန့်သတ်ထားပြီး ၁၀ ဦး ထက်ကျော်လွန်၍မရကြောင်း၊ နာရေးကိစ္စဆိုလျှင် လူ ၃၀ ထက်ပို၍မရကြောင်း စသည့်ကန့်သတ်မှုများ ကျန်ရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံသားများအနေဖြင့် တစ်ဦးနှင့် တစ်ဦး အနည်းဆုံး တစ်မီတာ (၃ ပေ) အကွာတွင် နေထိုင်ရမည်ဖြစ်ကြောင်းနှင့် ဈေးဆိုင်များနှင့် လူအုပ်ကြားထဲသွားသည့်အခါ နှာခေါင်းစည်းတပ်ဆင်ရမည်ဖြစ်သည်။

အလွန်အရေးကြီးသည့်အချက်မှာ အယုံမလွန်ရန်လိုကြောင်း၊ ယခု ဖော်ပြထားသည့်လမ်းညွှန်ချက်များကို သတိဖြင့် လိုက်နာသင့်ကြောင်း ကျန်းမာရေးဝန်ကြီး ရူဒေါ့ဖ်အန်စကိုဘာက သတင်းထောက်များကို ပြောကြားလိုက်သည်။

အစိုးရအနေဖြင့် ကန့်သတ်ချက်များကို တစ်ရစ်ပြီးတစ်ရစ်၊ တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့လျက်ရှိရာ တချို့ဆိုင်ငယ်များကိုလည်း လွန်ခဲ့သော သီတင်းပတ် နှစ်ပတ်ကတည်းက ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

ဗိုင်းရပ်စ်ကူးစက်မှုနှုန်းသည် ဝ ဒသမ ၆ ရာခိုင်နှုန်းအောက် ကျဆင်းလာသည့်အတွက် ကျန်းမာရေးဝန်ကြီးက ဩစတြီးယားအနေဖြင့် အလုံပိတ် ကန့်သတ်မှုများကို တဖြည်းဖြည်း လျှော့ချသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



ဩစတြီးယား ကျန်းမာရေးဝန်ကြီး ရူဒေါ့ဖ်အန်စကိုဘာ

# စီးပွားရေးလုပ်ငန်းတွေ ပြန်စဖို့နဲ့ ကိုရိုနာဗိုင်းရပ်စ်ရန်စွယ် တွန်းလှန်ဖယ်ရှားရေး ဗျာများနေတဲ့ အနောက်နိုင်ငံတွေ

## ထွန်းသစ်စ

ပြင်သစ်နိုင်ငံနဲ့ စပိန်နိုင်ငံတို့ဟာ ရက်သတ္တပတ် အတော်ကြာချမှတ်ထားတဲ့ တင်းကျပ်တဲ့ ကန့်သတ်မှုတွေကို ဖြေလျှော့ပေးမယ့် အစီအစဉ်တွေကို ချမှတ်ဖို့အဆင်သင့်ဖြစ်နေပြီဖြစ်သလို အခုအချိန်ဟာ တချို့နိုင်ငံတွေအနေနဲ့ ရပ်တန့်နေတဲ့ စီးပွားရေးတွေကို ပြန်လည်စတင်ဖို့နဲ့ တချို့နိုင်ငံတွေဟာ ဆိုးရွားစွာခံစားနေရတဲ့ ကိုရိုနာဗိုင်းရပ်စ်ရန်စွယ်ကို တွန်းလှန်ဖယ်ရှားဖို့ကြား ဗျာများနေရတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။



ဩစတြေးလျနိုင်ငံ ဆစ်ဒနီရှိ ဘွန်ဒီကမ်းခြေတွင် အပန်းဖြေနေသူများကို တွေ့ရစဉ်။

### ဖြေလျှော့ဖို့အစီအစဉ်တွေ လုပ်ဆောင်

တစ်ချိန်တည်းမှာပဲ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံတွေနဲ့ မတူဘဲ အမေရိကန်ပြည်သူ ၅၆၀၀၀ ကျော် သေဆုံးပြီး အသေအပျောက် အများဆုံးဖြစ်ခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာ တရုတ်နိုင်ငံမှ လျော်ကြေးတောင်းခံကောင်း တောင်းခံသွားမယ်လို့လည်း ပြောပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံကလည်း ချက်ချင်းကိုပဲ ပြန်လှန်တုံ့ပြန်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံရေးသမားတွေဟာ မျက်နှာပြောင်တိုက်ပြီး အခြေအမြစ်မရှိတဲ့လိမ်လည်မှုတွေ ပြောနေတယ်လို့ တရုတ်ဘက်က ပြန်လည်ချေပ ပြောကြားခဲ့ပါတယ်။ ဒီကိုရိုနာဗိုင်းရပ်စ်ဟာ လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာလမှာ တရုတ်နိုင်ငံကနေ စတင်ဖြစ်ပွားလာပြီး ကမ္ဘာ့နိုင်ငံအနှံ့ပျံ့နှံ့ကာ လူပေါင်း သုံးသန်းကျော်ကူးစက်ခဲ့ပြီး ၂၁၀၀၀၀ ကျော်သေဆုံးခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို ဟန့်တားထိန်းချုပ်ဖို့အတွက် ကမ္ဘာ့လူဦးရေထက်ဝက်ကျော်လည်း အလုံပိတ်ကန့်သတ်မှုတစ်မျိုးမျိုးနဲ့ နေထိုင်နေရဆဲဖြစ်ပါတယ်။ သို့သော်လည်း လတ်တလောမှာတော့ တချို့နိုင်ငံတွေမှာ ဒီကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု အရေအတွက်ဟာ ကျဆင်းလာပါတယ်။ အစိုးရတွေကလည်း ကမ္ဘာ့စီးပွားရေးကို အဆက်မပြတ်ဆိုးရွားစွာ ထိခိုက်စေတဲ့ အလုံပိတ် ကန့်သတ်ချုပ်ချယ်မှုများကို ဖြေလျှော့ဖို့ အစီအစဉ်တွေ လုပ်ဆောင်နေကြပြီဖြစ်ပါတယ်။

စပိန်နိုင်ငံဟာ သူ့ရဲ့ တင်းကျပ်တဲ့ အလုံပိတ်ကန့်သတ်ချုပ်ချယ်မှုကို စတင်ပြီးဖြေလျှော့နေပြီဖြစ်သလို ဒါနဲ့ပတ်သက်တဲ့ အသေးစိတ်အစီအစဉ်များကိုလည်း ဧပြီ ၂၈ ရက်က ကြေညာခဲ့ပါတယ်။ ထို့အတူပဲ ပြင်သစ်နိုင်ငံမှာလည်း အလားတူ လုပ်ဆောင်လျက်ရှိပါတယ်။

### အားလုံးသတိထားရမယ်

လာမယ့်ရက်သတ္တပတ်ကစပြီး အီတလီနိုင်ငံသားတွေဟာ အပြင်ထွက်လို့ရတော့မှာဖြစ်ပြီး ဆွေမျိုးတွေဆီ သွားရောက်လည်ပတ်နိုင်တော့မှာ ဖြစ်ပါတယ်။ သို့သော်လည်း သူတို့တွေဟာ နှာခေါင်းစည်းတပ်ဆင်ရမှာဖြစ်ပြီး ပွေ့ဖက်ခြင်းနဲ့ လက်ဆွဲနှုတ်ဆက်ခြင်းတွေကိုတော့ ရှောင်ရှားရမှာဖြစ်ပါတယ်။

ဥရောပမှာရှိတဲ့ အခြားနိုင်ငံသုံးနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ထိခိုက်မှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရပါတယ်။ အဲဒီနိုင်ငံတစ်နိုင်ငံချင်းစီမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၀၀၀၀ စီလောက် အသီးသီး ရှိကြပါတယ်။ ဂျာမနီနိုင်ငံမှာလည်း လွန်ခဲ့တဲ့ ရက်သတ္တပတ်ထဲက တချို့ဆိုင်လေးတွေကို ပြန်ဖွင့်ခွင့်ပြုနေပြီဖြစ်ပါတယ်။ ကိန်းဂဏန်းအချက်အလက်အသစ်တွေမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်း အနည်းငယ် မြင့်တက်လာပြီးနောက် အခုလို အလုံပိတ်ကန့်သတ်ချက်တွေကို မြန်မြန်ဆန်ဆန် ဖြေလျှော့ခြင်းတွေ မလုပ်သင့်သေးကြောင်း ဗိုင်းရပ်စ်ကျွမ်းကျင်သူတွေက သတိပေးပြောကြားထားပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ပိုး ပိုမိုမကူးစက်စေချင်ရင် ဒါမှမဟုတ် ပိုမိုကူးစက်မှုနဲ့ အဆုံးမသတ်ချင်ရင် ကျွန်တော်တို့အားလုံး သတိထားရမယ်လို့ ရောဂါထိန်းချုပ်ရေးဆိုင်ရာ ရောဘတ်ကော့ချ်အင်စတီကျုမှ ဥက္ကဋ္ဌ လိုသာဝယ်လာက ပြောပါတယ်။

### စီးပွားရေးကျဆင်းမှုအပေါ် စိုးရိမ်ကြောက်ရွံ့မှုများ

ကမ္ဘာ့စီးပွားရေးအလားအလာဟာ မျှော်လင့်အားရဖွယ် မရှိမှုနဲ့အတူ အချို့နေရာတွေမှာ စီးပွားရေးအကျပ်အတည်း ရှောင်ရှားဖို့၊ အစိုးရကို အလုံပိတ်ကန့်သတ်ချက်တွေ ဖြေလျှော့ပေးဖို့ တိုက်တွန်းတောင်းဆိုမှုတွေဟာလည်း မြင့်တက်လာခဲ့ပါတယ်။ ဒါဟာ ရာစုနှစ်တစ်နှစ်အတွင်းမှာ အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှုပဲ ဖြစ်တယ်လို့ သတိပေးချက်တွေနဲ့အတူ ဆီဈေးနှုန်းတွေဟာလည်း အတားအဆီးမရှိ ကျချင်တိုင်း ကျနေတော့တာပါပဲ။ ထို့အတူ ခရီးသွားကဏ္ဍကိုလည်း ဆိုးရွားစွာ ထိခိုက်စေခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ သမ္မတဒေါ်နယ်ထရမ့်ဟာ တရုတ်နိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကို ကိုင်တွယ်ပုံနဲ့ ပတ်သက်ပြီး နှစ်လိုဖွယ်မရဖြစ်နေတာကို လည်းတွေ့ရပါတယ်။ မိမိတို့ဟာ တရုတ်နိုင်ငံရဲ့ လုပ်ဆောင်မှုနဲ့ပတ်သက်ပြီး မပျော်ရွှင်ကြောင်း၊ တကယ့်ဇာစ်မြစ်ကို ရှာဖွေပြီး ပိတ်ပစ်ဖို့ကောင်းကြောင်း၊ မြန်မြန်ဆန်ဆန်ပိတ်နိုင်ရင်ပိုကောင်းကြောင်း၊ ဒါမှသာ တစ်ကမ္ဘာလုံးကို မပျံ့မှာလို့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောပါတယ်။

ဂျာမန်သတင်းစာရဲ့ ခေါင်းကြီးပိုင်းမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အတွက် တရုတ်နိုင်ငံကို ဂျာမနီက လျော်ကြေး အမေရိကန်ဒေါ်လာ ၁၆၅ ဘီလီယံပေးဖို့ တောင်းဆိုထားပါတယ်။ ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်အနေနဲ့ မိမိကိုယ်တိုင် ကိုယ်ပိုင်လုပ်ဆောင်ချက်နဲ့လုပ်မယ်လို့ ပြောလိုက်ပါတယ်။ ထို့အတူ မိမိတို့အနေနဲ့ ဂျာမနီတောင်းဆိုတဲ့ ပိုက်ဆံထက်ပိုမိုတောင်းဆိုမှာဖြစ်ကြောင်း၊ နောက်ဆုံးပမာဏကို မသတ်မှတ်ရသေးကြောင်း၊ ဒါပေမယ့်လည်း များပြားတဲ့ ပမာဏဖြစ်ကြောင်း ပြောလိုက်ပါတယ်။

### ပြတ်ပြတ်သားသား တုံ့ပြန်

ဒီကိစ္စနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကတော့ ပြတ်ပြတ်သားသား တုံ့ပြန်ထားတာကို တွေ့ရပါတယ်။ ပြောရေးဆိုခွင့်ရှိသူ ဂန်ရှောင်ကတော့ အမေရိကန်နိုင်ငံရေးသမားတွေဟာ ရည်ရွယ်ချက်တစ်ခုပဲရှိကြောင်း၊ အဲဒါကတော့ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်မှုနဲ့ပတ်သက်ပြီး ကိုယ်တိုင်ညံ့ဖျင်းတဲ့အပေါ် ခေါင်းရှောင်ချင်တဲ့သဘောပဲဖြစ်ကြောင်း၊ ပြည်သူ့အမြင်ကို အာရုံလွှဲချင်လို့ဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။

ကျန်းမာရေးကျွမ်းကျင်ပညာရှင်တွေက သတိပေးချက်တွေ ပြုလုပ်ထားတာတောင် တချို့ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်အချို့မှာ ကန့်သတ်မှုတွေကို ဖြေလျှော့နေကြပါပြီ။ ဒီလိုဖြေလျှော့ပေးတဲ့အတွက်ကြောင့် တချို့နိုင်ငံသားတွေကတော့ ပျော်ရွှင်နေကြပါတယ်။ မိမိတို့အနေနဲ့ လူချင်းထိတွေ့ဆက်ဆံဖို့လိုကြောင်း အသက် ၆၄နှစ်အရွယ် ကင်ကာဆီတာက အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ နံနက်စာသုံးဆောင်နေရင်း ပြောပါတယ်။ ပြည်နယ်အများစုမှာတော့ အိမ်မှာနေတဲ့ ကန့်သတ်မှုကို ဖြေလျှော့ပေးဖို့ ကိုဗစ်-၁၉ စမ်းသပ်မှုကို လုံလုံလောက်လောက်မလုပ်ရသေးကြောင်း ဟားဗတ်သုတေသနပညာရှင်တွေနဲ့ ကျန်းမာရေးသတင်းဆိုက်တစ်ခုဖြစ်တဲ့ စတတ်ဆိုက်မှာ ဖော်ပြထားပါတယ်။

### အဆုံးသတ် ဘယ်သူမျှ မသိနိုင်

သမ္မတထရမ့်က စမ်းသပ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ပြီး ကျောင်းများကို ပြန်ဖွင့်နိုင်ဖို့ မျှော်လင့်ကြောင်း ပြောပါတယ်။ တချို့ ဥရောပနိုင်ငံတွေမှာ ကျောင်းတွေနဲ့ ဆိုင်တွေကို ပြန်လည်ဖွင့်လှစ်ဖို့ လုပ်ဆောင်နေကြသလို ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကတော့ ဗြိတိန်အနေနဲ့ အဲဒီလိုတွေ လိုက်လုပ်ဖို့ စောလွန်းသေးတယ်လို့ ပြောပါတယ်။ ဂျွန်ဆင်က ဆက်ပြီးတော့ သူ့အနေနဲ့ ကြိုးစားမှုတွေကို သဲထဲရေသွန်မဖြစ်စေချင်ကြောင်း၊ ဗြိတိန်တွေကို အလကားအသက်တွေ မစတေးစေချင်ကြောင်း ပြောပါတယ်။

နယူးဇီလန်မှာတော့ နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါ အာဒန်က သူ့နိုင်ငံအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကို အနိုင်တိုက်နိုင်ပြီဖြစ်ကြောင်း ပြောကြားလိုက်သလို နိုင်ငံအတွင်းမှာ ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေကိုလည်း ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်။

ဩစတြေးလျမှာလည်း ရေလွှာလှိုင်းစီးကစားသူတွေ၊ ရေကူးသမားတွေဟာ ဆစ်ဒနီမှာရှိတဲ့ ဘွန်ဒီကမ်းခြေကို သူ့ထက်ငါ အရင်အပန်းဖြေဖို့ သွားနေကြပါပြီ။ ဘွန်ဒီကမ်းခြေကို အစိုးရက လွန်ခဲ့တဲ့ငါးပတ်က တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ရမယ့် စည်းမျဉ်း စည်းကမ်းတွေ အရပိတ်ခဲ့တာပါ။ အခုတော့လည်း ပြန်လည်ဖွင့်လှစ်လိုက်မှုနဲ့အတူ လူတွေဟာ မွန်းကျပ်မှုတွေကို ဖြေလျှော့နေကြပါပြီ။

ဒီကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်ကြီးဟာ ဘယ်တော့အဆုံးသတ်မလဲဆိုတာ ဘယ်သူမှ မသိနိုင်သလို သိပ္ပံပညာရှင်တွေကလည်း သူ့ထက်ငါ အရင် ကာကွယ်ဆေးဖော်ထုတ်နိုင်ဖို့ အပြိုင်ကြိုးစားလျက်ရှိဆဲပါ။ ။

**ကိုးကား အေအက်ဖ်ပီ**

---

**နိုင်ငံတကာသတင်းတိုထွာ**

### ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားလျက်ရှိသော လက်ဘနွန်နိုင်ငံကို ဘဏ္ဍာရေးထောက်ပံ့မှုလုပ်ဆောင်ရန် ကုလတိုက်တွန်း

**ဘေရွတ် မေ ၂၉**

လက်ဘနွန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးညှိနှိုင်းရေးမှူး ဂျန်ကူးဘစ်က လက်ဘနွန်နိုင်ငံရှိ ဆင်းရဲသားလူထုကို ထောက်ပံ့မှုများလုပ်ဆောင်ရန် လက်ဘနွန်အရာရှိများအား တိုက်တွန်းလိုက်ကြောင်း သိရသည်။ တစ်နိုင်ငံလုံးရှိ ဆင်းရဲပြီး ဆာလောင်မွတ်သိပ်နေသော လက်ဘနွန်နိုင်ငံသားအများစုကို ထောက်ပံ့ပေးရန် အချိန်အခါကောင်းဖြစ်ကြောင်း ကူးဘစ်က တွစ်တာတွင် ပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံ ထရီပိုလီမြို့တွင် အကြမ်းဖက်ဆူပူမှုများ ဖြစ်ပွားခြင်းက လက်ဘနွန်ရှိ နိုင်ငံရေးခေါင်းဆောင်များအတွက် အချက်ပေးသံများပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အခြေခံအသုံးအဆောင်များကို မဝယ်ယူနိုင်တော့သည်အထိ ဆင်းရဲမွဲတေမှုများနှင့် အလုပ်လက်မဲ့များမြင့်တက်လာသည့်အတွက် ဆန္ဒပြမှုများသည် နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့တွင် ထပ်မံဖြစ်ပွားလာခဲ့သည်။ လွန်ခဲ့သောရက် ဆန္ဒပြမှုအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၅၄ ဦး ဒဏ်ရာရရှိခဲ့ပြီး ဆန္ဒပြသူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် တိုယိုတာ၏ ကမ္ဘာ့ကား ရောင်းအားကျဆင်း

**တိုကျို မေ ၂၉**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်တွင်း ပြည်ပ ကားထုတ်လုပ်ရေးစက်ရုံများ ရပ်နားထားရပြီး ဝယ်လိုအား ကျဆင်းမှုနှင့်အတူ တိုယိုတာ၏ ကမ္ဘာ့ကားရောင်းအားလည်း မတ်လအထိ ကျဆင်းခဲ့ကြောင်း တိုယိုတာမော်တာကား ကုမ္ပဏီက ယမန်နေ့က ပြောကြားလိုက်သည်။

တိုယိုတာ၏ အိုင်ချီစီရင်စုအခြေစိုက် ကားစက်ရုံက ကမ္ဘာ့ကားရောင်းအားသည် ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ တိုယိုတာ၏ မတ်လအတွင်း ကားရောင်းအားသည် ၂၂ ဒသမ ၆ ရာခိုင်နှုန်း ထိုးကျခဲ့ကြောင်း ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တိုယိုတာသည် ဥရောပ၊ အမေရိကန်ပြည်ထောင်စုနှင့် အာရှရှိ ကားစက်ရုံများကို အတိုင်းအတာတစ်ခုအထိ ပိတ်ထားရကြောင်း၊ မတ်လအတွင်း ကိုဗစ်-၁၉ ကြောင့် ဝယ်လိုအားကျဆင်းမှုနှင့်အတူ တိုယိုတာအရောင်းဈေးကွက်ကို များစွာထိခိုက်နစ်နာခဲ့ကြောင်း တိုယိုတာ မော်တော်ကားကုမ္ပဏီက ပြောကြားသည်။ ကော်ရိုလာနှင့် ပရူးယက်မျိုးစပ်မော်ဒယ်လ်ကားများ၏ ရောင်းအားလည်း ကျဆင်းခဲ့ကြောင်း၊ တိုယိုတာ၏ ကမ္ဘာ့ကားထုတ်လုပ်ရေးစက်ရုံ လည်ပတ်မှုရပ်ဆိုင်းခြင်းကာလကို ထပ်မံတိုးမြှင့်လိုက်ရာ ပြည်တွင်းကားထုတ်လုပ်ရေးစက်ရုံခြောက်ရုံလည်း ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၈-၄-၂၀၂၀) ရက်နေ့၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှု ဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၂၆၈)ခုအနက် (၁)ဦး၏ ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ)ရပြီး ကျန်(၂၆၇) ခုတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ)ရပါ။ (ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) (DMR) နှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)တို့၏ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးခဲ့မှုတွင် COVID-19 ရောဂါပိုး တွေ့ရှိသူ (၃)ဦး၏ သတင်းအား (၂၈-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ သတင်းတွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။)

၂။ သို့ဖြစ်ပါ၍ (၂၈-၄-၂၀၂၀) ရက်နေ့ စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၁၃) ခုအနက် (၄) ခုတွင်COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန် (၄၀၉)ခုတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ)ရပါ။

၃။ သို့ဖြစ်ပါ၍ (၂၉-၄-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၅၀) ဦးရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦးကို သက်ဆိုင်ရာ ဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှု ပေးသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်**
**အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၉-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ) (NHL+DMR) | (၄၁၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၄) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၄၀၉) ဦး |

ဇယား -၁

**၂၈-၄-၂၀၂၀ ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုတွင် COVID-19 လူနာတွေ့ရှိရမှု**
**(၂၉-၄-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား / မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့်/ ခံယူစေမည့် ဆေးရုံ | COVID -19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 147 | ၄၃ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (C-133, 142, 134) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး၊ ရန်ကုန် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။ |
| 148 | ၁၉ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (C-128) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး၊ ရန်ကုန် | တွေ့ရှိ | |
| 149 | ၁၅ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (C-128) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး၊ ရန်ကုန် | တွေ့ရှိ | |
| 150 | ၁၈ နှစ် | မ | ဟားခါးမြို့၊ ချင်းပြည်နယ် | မရှိ | ရှိ | ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့ | တွေ့ရှိ | |

## ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မန္တလေး မေ ၂၉**
မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် CB-KMA Foundationတို့မှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သဘင်အစည်းအရုံးဝင်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း Stay Home နေထိုင်စဉ်ကာလ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အစည်းအရုံးဝင် တစ်ဦးလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲ တစ် ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာကို တိုင်းဒေသကြီး သဘင်အစည်းအရုံးမှ တာဝန်ရှိသူများက မြို့နယ်အရောက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

"အခုလိုထောက်ပံ့မှုတွေပေးတဲ့နေရာမှာ လူစုလူဝေး မဖြစ်စေဖို့အတွက် ကျွန်တော်တို့ တိုင်းဒေသကြီးအစည်းအရုံးမှ တာဝန်ရှိသူတွေက ဒီနေ့မှာ ငါန်းဇွန် မြို့ကို သွားရောက်ပြီး ငါန်းဇွန်ဥက္ကဋ္ဌထံ ထောက်ပံ့ပစ္စည်းတွေ ပေးအပ်ခဲ့ပါ တယ်။ မေ ၂၇ ရက်က လည်း မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ ရမည်း သင်း၊ ပျော်ဘွယ်နဲ့ မေ ၂၈ ရက်မှာ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ညောင်ဦး မြို့က မြို့နယ်သဘင်အစည်းအရုံး ဥက္ကဋ္ဌတွေထံမှာ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးအတွင်းရေးမှူး ဦးပေါက်ကျိုင်းက ပြောသည်။

ယခုအခါ နယ်မြို့ ၁၂ မြို့သို့ ထောက်ပံ့ပေးဝေပြီး ဖြစ်ကြောင်း၊ ကျန်နယ်မြို့များ ပေးဝေပြီးပါက မန္တလေးမြို့ပေါ်ရှိ မြို့နယ်များကို ဆက်လက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းတွင် သဘင်အစည်းအရုံး ဝင်ပေါင်း ၅၅၂၈ ဦးရှိကြောင်း သိရသည်။ **သိန်းဇော်(ကျည်ပွေ့)**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၉-၄-၂၀၂၀) ရက်နေ့၊ ညနေ၌ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)မှ (ပထမသုတ်) အဖြစ် စစ်ဆေးပြီးစီးခဲ့သော အသွားအလာကန့်သတ်ခံရသူနှင့် စောင့်ကြည့်လူနာ (၈၉) ဦး၏ ဓာတ်ခွဲနမူနာများနှင့် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော စောင့်ကြည့်လူနာ (၂၁) ဦး၏ ဓာတ်ခွဲနမူနာများ၊ စုစုပေါင်း (၁၁၀)ခု တို့တွင် -

- COVID-19 ရောဂါပိုး မတွေ့ရှိပါ။(ဓာတ်ခွဲအတည်ပြု လူနာသစ် မရှိပါ။)

၂။ သို့ဖြစ်ပါ၍ (၂၉-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၅၀) ဦးရှိပြီဖြစ်ပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) အနေဖြင့် ထိုသို့ စောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲနမူနာများအပြင် COVID-19 ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများအားလည်း ရယူကာ ရောဂါပိုးကင်းစင်လာမှု အခြေအနေအား ပုံမှန်စစ်ဆေးလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် ရောဂါပိုးကင်းစင်သူ (၁၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြု၍ အသွားအလာ ဆက်လက်ကန့်သတ်ထားရှိလျက်ရှိပါသည်။ ထို့အပြင် ဓာတ်ခွဲနမူနာများ၌ (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၁၁) ဦး (Case – 001၊ 002၊ 008၊ 032၊ 033၊ 038၊ 041၊ 047၊ 050၊ 054 နှင့် 058) ကိုလည်း ထပ်မံစစ်ဆေးတွေ့ရှိရပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၉-၄-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၉) ခု |
| (၂၉-၄-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

၅။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦးရှိပြီ ဖြစ်ပါသည်။

၆။ (၂၈-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၉-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၇၉)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လူထုအခြေပြုအထောက်အကူပြုအဖွဲ့(ထားဝယ်ဒေသ)တွေ့ဆုံဆွေးနွေး

ထားဝယ် ဧပြီ ၂၉

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လူထုအခြေပြုအထောက်အကူပြုအဖွဲ့(ထားဝယ်ဒေသ)တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများအား နိုင်ငံတော်အစိုးရမှ ညွှန်ကြားချက်များ ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း လက်ရှိ ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းအရေအတွက်အားဖြင့် ၄၁၄၄ ဦး ရှိကြောင်း၊ဆန္ဒပြုထားသော စေတနာ့ဝန်ထမ်းများလည်း ရှိကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် တိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်လာသော ကပ်ဘေးနှင့်သဘာဝဘေးဖြစ်စဉ်များအား ဟန်ချက်ညီညီဖြင့် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများအတိုင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လူထုအခြေပြု အထောက်အကူပြုအဖွဲ့(ထားဝယ်ဒေသ)များက အသွားအလာကန့်သတ်ထိန်းချုပ်စင်တာများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်များအကြောင်း၊ နေရပ်ပြန်လာမည့် နိုင်ငံသားများ အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များအကြောင်း၊ ထားဝယ် ဒေသတွင်း ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းဆောင် ရွက်ချက်များနှင့် လိုအပ်ချက်များအကြောင်း၊ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များအကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ထားဝယ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလူထုအခြေပြုအထောက်အကူပြုအဖွဲ့(ထားဝယ်ဒေသ)များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကော့သောင်းမြို့သို့ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များမှတစ်ဆင့် ဝင်ရောက်လာသူများအား အသွားအလာကန့်သတ်စောင့်ကြည့်မှု ၂၈ ရက် ဆောင်ရွက်သွားမည်

ကော့သောင်း ဧပြီ ၂၉



တနင်္သာရီတိုင်းဒေသကြီးကော့သောင်းမြို့သို့ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများက ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် ဝင်ရောက်လာသူများအား တားဆီးစစ်ဆေးကာ ကိုဗစ်-၁၉ ရောဂါ တားဆီးထိန်းချုပ်နိုင်ရေး သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ခြင်း ၂၁ ရက်နှင့် အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း ၇ ရက် ပေါင်း ၂၈ ရက် စောင့်ကြည့်မှု လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများကို လက်ရှိအချိန်အထိ စစ်ဆေးတွေ့ရှိရခြင်းမရှိသေးသော်လည်း မိမိတို့တိုင်းဒေသကြီးနှင့် ခရိုင်များအတွင်း ရောဂါ ဝင်ရောက်ကူးစက်ဖြစ်ပွားမှု မဖြစ်ပေါ်စေရေး တိုင်းဒေသကြီး အစိုးရအဖွဲ့ ၏ ညွှန်ကြားချက်များနှင့်အညီ ယခုကဲ့သို့ ကော့သောင်းမြို့မှ တားဆီးထိန်းချုပ်မှု လုပ်ငန်းများအား အရှိန်မြှင့်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင် ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက ပြောသည်။

ရောဂါထိန်းချုပ်နိုင်ရေးအတွက် ကော့သောင်းမြို့သို့ စတင်ဝင်ရောက်ရာ ပြည်ထောင်စုလမ်းမကြီး၏ လမ်းပိုင်း ဆယ်မိုင်ကျေးရွာတွင် စောင့်ကြည့် စစ်ဆေးရေးဂိတ်ဖွင့်လှစ်ကာ မော်တော်ယာဉ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်အဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ရှင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များဖြင့် အဖွဲ့သုံးဖွဲ့ခွဲကာ နံနက် ၄ နာရီမှ ညမထွက်ရအမိန့် စတင်ချိန် ည ၁၀ နာရီအတွင်း အလှည့်ကျ ကြပ်မတ်စောင့်ကြည့် တားဆီးစစ်ဆေးမှုလုပ်ငန်းများအား ယမန်နေ့ညပိုင်းက ဆောင်ရွက်လျက်ရှိရာ ခရိုင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးနှင့် ကော်မတီဝင်များသွားရောက် ကြည့်ရှုညွှန်ကြားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝင်ရောက်လာသည့် အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ခရီးသည်တင်ကားများ၊ ကုန်စည်ပို့ဆောင်သည့်ကားများနှင့် ကိုယ်ပိုင်ကားများအား တားဆီးစစ်ဆေးကာ မော်တော်ယာဉ်များဖြင့် လိုက်ပါလာသူများအားလုံး သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ခြင်း ၂၁ ရက်နှင့် အိမ်တွင်ထားရှိ အသွားအလာ ကန့်သတ်ခြင်း ၇ ရက် စုစုပေါင်း ၂၈ ရက် စောင့်ကြည့်သွားမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့များမှ သွားလာဝင်ရောက်မှုကိုမူ သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ခြင်း ပြုလုပ်မည်မဟုတ်သော်လည်း စစ်ဆေးရေးဂိတ်တွင်ကိုယ်အပူချိန်တိုင်းတာ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ကာ(**အပေါ်ပုံ**) ရောဂါသံသယဖြစ်မှုများ စစ်ဆေးပေါ်ပေါက်လာပါက ကျန်းမာရေးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ် ခြင်းထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

# မုံရွာမြို့နယ် ကိုဗစ်-၁၉ ကူးစက်ရောဂါ မပြန့်ပွားစေရေး ဖျားနာလူနာများ ကုသမှုဆေးခန်းကို မေ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်

မုံရွာ ဧပြီ ၂၉

မုံရွာမြို့နယ် ကိုဗစ်-၁၉ ကူးစက်ရောဂါ မပြန့်ပွားစေရေး ဖျားနာလူနာများ ကုသမှုဆေးခန်းကို မေ ၁ ရက်မှစတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ တစ်ပတ်လျှင် ခြောက်ရက် အခမဲ့ ကုသပေးမည်ဖြစ်ကြောင်း ဆရာဝန်အသင်းခွဲ (မုံရွာ)ဒုဥက္ကဋ္ဌ ဒေါက်တာမြင့်မြင့်သိန်းက ပြောသည်။

ယခုဖွင့်လှစ်မည့် ဆေးခန်းကို မုံရွာမြို့ ဒေါနခြံရပ် ဆေးရုံကြီးလမ်း အထက (၂) ဘေးရှိ "လူငယ်စင်တာ" အဆောက်အဦတွင် ဖွင့်လှစ်မည်ဖြစ်ပြီး အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ တစ်ပတ်လျှင် ခြောက်ရက်၊ နံနက် ၉ နာရီမှ ၁၁ နာရီအထိ သာမန်ဖျားနာလူနာများအား အခမဲ့ စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း၊ ဆေးခန်းပြသလိုသည့် လူနာများအနေဖြင့် ဆေးခန်း၏ Hotline ဖုန်းနံပါတ် ၀၉-၆၆၀၀ ၁၀၀၀၀ သို့ ဖုန်းဆက်၍ ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါ Hotline ဖုန်းနံပါတ်ကို ဧပြီ ၃၀ ရက်မှ စတင်ပြီး နံနက် ၈ နာရီမှ ၁၁ နာရီထိ လည်းကောင်း၊ ညနေ ၄ နာရီမှ ည ၉ နာရီအထိ လည်းကောင်း ဖွင့်လှစ်ကာ ဖုန်းလက်ခံဖြေကြားပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

မုံရွာမြို့နယ်အတွင်းရှိ ဖျားနာသည့်လူနာများကို ဆေးကုသမှုပေးခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကို ကာကွယ်ရာရောက်ကြောင်း၊ ခုနစ်ရက်အတွင်း ဖျားသည့်လူနာ အသက် ၁၂ အထက် လူနာများကိုသာ အခမဲ့လက်ခံကုသပေးမည်ဖြစ်ကြောင်း၊ ဖျားနာခြင်းမဟုတ်ဘဲ ဆီးချို၊ သွေးချိုနှင့် အခြားရောဂါများကုသရန် ကြိုတင်စာရင်းပေးသွင်းပါက လက်ခံကုသပေးမည် မဟုတ်ကြောင်း၊ ဖျားသည့်လူနာများကိုသာ အဓိကထားပြီး ကုသပေးမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးမည်ဖြစ်ကြောင်း ဆရာဝန်အသင်းခွဲ(မုံရွာ)ဒုဥက္ကဋ္ဌ ဒေါက်တာမြင့်မြင့်သိန်းက ပြောသည်။

ယင်းဆေးခန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ ဆရာဝန်အသင်း (မုံရွာ)၊ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ Save Monywa နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် "မုံရွာမြို့နယ်၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ မပြန့်ပွားစေရေး ဖျားနာလူနာများ ကုသမှုဆေးခန်း" ဖြစ်ကြောင်း Save Monywa မှ ဦးအောင်နေမျိုးက ပြောသည်။

မွေးကြူဇင်

# မိုင်းယောင်း၌ အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက် ပြည့်ပြီးသူများအား အိမ်ပြန်ခွင့်ပေး

မိုင်းယောင်း ဧပြီ ၂၉

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက်ပြည့်ပြီးသူ အမျိုးသား သုံးဦးကို ဧပြီ ၂၈ ရက် ညနေ ၅ နာရီက အိမ်ပြန်ခွင့်ပေးလိုက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသုနောင်မိုးလှိုင်က ကိုဗစ်-၁၉ ရောဂါ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော အဆင့်အား ထိရောက်စွာ ထိန်းချုပ်ရပ်တန့်နိုင်ရန် မိမိတို့ပြည်သူများအားလုံးက လတ်တလော ဦးစားပေး ပူးပေါင်းဆောင်ရွက်ရမည့်အချက်များနှင့် အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက် ပြည့်အောင် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဟန်စိုးက ကျန်းမာရေးထောက်ခံစာများကို တစ်ဦးချင်း ပေးအပ်ခဲ့ပြီး အိမ်တွင်ထားရှိ အသွားအလာ ကန့်သတ်ခြင်းနောက်ထပ် ခုနစ်ရက်အတွင်း လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အသွားအလာ ကန့်သတ်ခြင်းခံရပြီး မိမိအိမ်တွင်သာ နေထိုင်ရမည့်သူများအတွက် လမ်းညွှန်ချက်များ၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ၊ နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ စသည့်ကျန်းမာရေးအသိပညာပေး အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ စောင့်ကြည့်ရေးစခန်း အ.ထ.က(မိုင်းယောင်း)တွင် စုစုပေါင်း အမျိုးသားငါးဦး ကန့်သတ်စောင့်ကြည့်ခံယူလျက်ရှိပြီး အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက်ပြည့်ပြီးသူ အမျိုးသား သုံးဦးကို အိမ်ပြန်ခွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

# မင်းဘူးမြို့တွင် ထိုင်းနိုင်ငံနှင့် ပြည်ပနယ်စပ်များမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား ၂၁ ရက် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ခြင်းထားရှိနိုင်ရေး ကြိုတင်ပြင်ဆင်

မင်းဘူး ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ထိုင်းနိုင်ငံနှင့် ပြည်ပနယ်စပ်များမှ ပြန်လည် ဝင်ရောက်လာမည့်သူများအား ၂၁ ရက် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ် ခြင်း စောင့်ကြည့်နေရာချထားရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းကို ယနေ့ နံနက်က မင်းဘူးမြို့ အထက(၁) ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ထိုင်းနိုင်ငံနဲ့ ပြည်ပနယ်စပ်တွေက မေလဆန်းပိုင်းမှာ ပြန်လည်ဝင်ရောက်



လာကြမယ့် နေရပ်ပြန်ပြည်သူတွေကို မင်းဘူးမြို့ အ.ထ.က(၁)ကျောင်းမှာ ၂၁ ရက် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ခြင်း စောင့်ကြည့်နေရာချထားရေးပြုလုပ်ဖို့အတွက် သက်ဆိုင်ရာကော်မတီဝင်အားလုံးက ကျန်းမာရေး၊ တည်းခိုနေထိုင်စားသောက်ရေးနဲ့ အခြားလိုအပ်တဲ့ကိစ္စတွေကို စနစ်တကျကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားမှာပါ။ နောက်ပြီး သန့်ရှင်းရေးပိုင်းဆောင်ရွက်မှုအနေနဲ့ နေရပ်ပြန်တွေထားရှိမယ့် အဆောင်တွေမှာ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အခင်းကအစ လျှော်ဖွပ်သန့်စင် နေလှန်းတာတွေ ပြုလုပ်ပြီး တစ်ခန်းဝင် တစ်ခန်းထွက် မီးသတ်ရေယာဉ်နဲ့ ရေဆေးသန့်ရှင်းရေး ပြုလုပ်တာတွေနဲ့ အသိပညာပေး နံရံကပ်ပိုစတာတွေ တပ်ဆင်ဆောင်ရွက်မှုအားလုံးကို ကော်မတီအဖွဲ့ဝင်တွေနဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်"ဟု ၂၁ ရက် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ခြင်း စောင့်ကြည့်နေရာချထားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မင်းဘူးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိန်ထွန်းက ပြောသည်။

အဆိုပါဆောင်ရွက်မှုများအားလုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်မောင်(ပြန်/ဆက်)

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ◆ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ◆ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ◆ စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ◆ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ◆ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ◆ စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ◆ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံရှိ ကိုရီးယားလူမှုအဖွဲ့အစည်းမှ ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့သို့ နှာခေါင်းစည်း သုံးသောင်း လှူဒါန်း

**ရန်ကုန် မေ ၁၉**

Korean Association in Myanmar မှ ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ Special Rescue Team ကွပ်ကဲရေးစခန်းသို့ ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် နှာခေါင်းစည်း အခု ၃၀၀၀၀ ကို ယနေ့နံနက် ၉ နာရီက တာမွေ အထက(၁)၌ ဖွင့်လှစ်ထားသည့် ကွပ်ကဲရေးစခန်းသို့ ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ ကောင်စစ်ဝန် Mr.Jeon Sung Jin၊ Korean Association in Myanmar မှ ဥက္ကဋ္ဌ Mr.Chun Sung Ho၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီရေးအဖွဲ့(ရန်ကုန်) YRO ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးမိုးငြိမ်းနှင့် Special Rescue Team မှ စေတနာ့ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ Korean Association in Myanmar မှ ဥက္ကဋ္ဌ Mr.Chun Sung Ho က ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ နှာခေါင်းစည်း ၃၀၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)YROဥက္ကဋ္ဌ ဦးထွန်းထွန်းဦးထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

"ယခုလို လှူဒါန်းတဲ့ နှာခေါင်းစည်းတွေကို လက်ရှိကွပ်ကဲရေး ရုံးမှာရှိတဲ့ အသင်းများကို ပြန်ပြီးခွဲပေးသွားမှာပါ။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဖို့ တတ်စွမ်းသလောက် ဆုံးရှုံးမှု အနည်းဆုံးနဲ့ ရင်ဆိုင်နိုင်အောင်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုကူညီရခြင်း ဖြစ်ပါတယ်"ဟု YRO ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)YRO သည် ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာပေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ စောင့်ကြည့်သံသယလူနာများ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)YRO သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အဖွဲ့ဝင် ၈၀၀၀ ခန့်ရှိကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**






# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# မံစီမြို့နယ်အတွင်းမှ တရုတ်နိုင်ငံအတွင်းသို့ သွားရောက်အလုပ်လုပ်ကိုင်ပြီး ပြန်လည်ဝင်ရောက်လာသူဦးရေ ၁၉၈ ဦးအထိ ရှိပြီဖြစ်

**မံစီ မေ ၂၉**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားအလုပ်သမားများကို မေ ၁၆ ရက်က စတင်၍ ကချင်ပြည်နယ် လွယ်ကျယ်နယ်စပ် စစ်ဆေးရေးဂိတ်၌ ပြန်လည်စိစစ်လက်ခံခဲ့ရာ**(ယာပုံ)** ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း မေ ၂၈ ရက်ထိ ပြန်လည်ဝင်ရောက်လာသူဦးရေ ၁၉၈ ဦးထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများကို မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ပမှပြန်လည်ဝင်ရောက်လာသူများအား လက်ခံထားရှိရေး ပူးပေါင်းအဖွဲ့က နေ့စဉ် အလှည့်ကျစနစ်ဖြင့် မိုးမောက်မြို့နယ် ကျောက်စခန်း စုပေါင်းစစ်ဆေးရေးဂိတ်သို့ သွားရောက်စိစစ်လက်ခံခဲ့ကြပြီး မံစီမြို့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၌ သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအလိုက် ပြန်လည်စိစစ်လက်ခံခဲ့ကြကာ သတ်မှတ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်နေရာများ၌ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အသွားအလာကန့်သတ်စောင့်ကြည့်နေရာများကို ရပ်ကွက် ကျေးရွာအလိုက် နေရာအကျယ်အဝန်းရှိသည့် စာသင်ကျောင်း၊ ခန်းမဆောင်၊ ဘုရားကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သတ်မှတ်ထားကြသည်။ နေ့စဉ် အသစ်ဝင်ရောက်လာသူများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို မှာကြားကာ ကော်ဖီ၊ မုန့်၊ ခေါက်ဆွဲခြောက်နှင့် ခေါင်းလျှော်ရည်၊ နှာခေါင်းစည်း စသည့်အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ ထုပ်ပိုးထားသည့် အထုပ်များကိုလည်း တစ်ဦးလျှင် တစ်ထုပ်စီ ပေးဝေခဲ့ကြကြောင်း သိရသည်။

ပြည်ပနှင့်ပြည်တွင်း ရပ်ဝေးဒေသများမှ မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မိမိတို့သွားရောက်ခဲ့သည့်နေရာနှင့် ကိုယ်ရေးအချက်အလက်များကို မှန်ကန်စွာ ဖော်ပြပေးရန်လိုအပ်ကြောင်း မှန်ကန်မှုမရှိပါက ကြိုပို့စီစဉ်ဆောင်ရွက်သည့်အချိန်များ၌ အခက်အခဲများ ရှိသည့်အပြင် နောက်ဆက်တွဲ မလိုလားအပ်သည့် ဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်ကြောင်း ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေက ပြောသည်။



ရိန် (ပြန်/ဆက်)

# ပန်ဆိုင်း(ကြူကုတ်)မြို့သို့ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ပန်ဆိုင်း မေ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့သို့ တရုတ်နိုင်ငံ တယ်ဟုန်တိုင်း မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဖောင်ဒေးရှင်းရုံးအဖွဲ့နှင့် တရုတ်မိုးပြာကယ်ဆယ်ရေးအဖွဲ့တို့မှ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းကိရိယာများကို မေ ၂၈ ရက်က မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ် ပန်ဆိုင်း(ကြူကုတ်)- ဝမ်တိန်တံတား၌ လာရောက်ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**




အဆိုပါ ကျန်းမာရေးအထောက်အကူပြုပစ္စည်း ကိရိယာများကို မြန်မာ-တရုတ် ပြည်သူ့ဖောင်ဒေးရှင်းရုံးအဖွဲ့ တာဝန်ခံမစ္စတာတွမ်ရှောက်တုန်နှင့် တရုတ်မိုးပြာကယ်ဆယ်ရေးအဖွဲ့တာဝန်ခံ မစ္စတာကောင်တိမ်ရီတို့ ဦးဆောင်သည့်အဖွဲ့မှ လာရောက်ပေးအပ်လှူဒါန်းခဲ့ပြီး ပန်ဆိုင်း(ကြူကုတ်)မြို့ အုပ်ချုပ်ရေးမှူး ဦးမင်းဇေါနည်နှင့် မြို့ပြည်သူ့ကျန်းမာရေးတာဝန်ခံ ဒေါက်တာတီခွန်ဆန်ဒွန်းတို့က လက်ခံသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဖောင်ဒေးရှင်းရုံးအဖွဲ့နှင့် တရုတ်မိုးပြာကယ်ဆယ်ရေးအဖွဲ့တို့မှ လာရောက်ပေးအပ်လှူဒါန်းသည့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်အထောက်အကူပြုပစ္စည်းများကို ပန်ဆိုင်း(ကြူကုတ်)မြို့ ပြည်သူ့ဆေးရုံနှင့် ရပ်ကွက်၊ ကျေးရွာတို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ် တားဆီးနိုင်ရေးအတွက် အသုံးပြုရန် တစ်ဆင့်ဖြန့်ဝေပေးမည် ဖြစ်သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဖောင်ဒေးရှင်းရုံးအဖွဲ့နှင့် တရုတ်မိုးပြာကယ်ဆယ်ရေးအဖွဲ့တို့မှ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်းစုစုပေါင်း ၁၆၀၀၀ ခု ကာလတန်ဖိုးခန့်မှန်း ၄၈ သိန်း၊ အရက်ပြန်ဘူး ၆၀ ကာလတန်ဖိုး ခန့်မှန်း ငွေကျပ် ၁၀ သိန်း၊ ဆေးဖျန်းစက်ငါးခု ကာလတန်ဖိုးခန့်မှန်း ငွေကျပ် ခုနစ်သိန်းကျော်၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ငါးသိန်းနှင့် ပိုးသတ်ဆေးပြား ၁၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ငွေကျပ် သုံးသောင်း စုစုပေါင်း ၈၀ သိန်းခန့်ရှိသည့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများကို လာရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဆလိုင်းဇန်ရိုးထန်**
**(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၉**

ထူးခြားသည့် နေ့အပူချိန်များမှာ ကော့ကရိတ်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် တောင်ငူမြို့နှင့် လှိုင်းဘွဲ့မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မုဒုံမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မိုးကုတ်မြို့နှင့် မြိတ်မြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီ၊ မတူပီမြို့နှင့် ရမ်ကလောင်းတို့တွင် ၁ ဒသမ ၆၉ လက်မစီ၊ ရှမ်းရွာသစ်မြို့တွင် ၁ ဒသမ ၃၃ လက်မ၊ ပင်လည်ဘူးမြို့တွင် ၀ ဒသမ ၃၀ လက်မ၊ ပင်လောင်းမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၀ ဒသမ ၁၀လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၉၈ လက်မနှင့် ကျိုက်မရောမြို့တွင် ၀ ဒသမ ၉၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# မန္တလေးပဲဈေးကွက် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိ

**မန္တလေး မေ ၂၇**

မန္တလေးကုန်စည်ဒိုင်ကို ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် လူစုလူဝေးမဖြစ်ပေါ်စေရန် ယခုကာလတွင် ယာယီပိတ်ထားခဲ့သော်လည်း အသင်းသားများ ဖွဲ့စည်းထားသည့် Viber Group မှ ဆက်သွယ်ကာ ရောင်းဝယ်မှုများကြောင့် မန္တလေးပဲဈေးကွက် အခြေအနေမှာ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်များ ပုံမှန်သွက်လက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

မန္တလေးကုန်စည်ဒိုင်ကို သင်္ကြန်အပြီးကာလ မေ ၂၂ ရက်က ပြန်လည် ဖွင့်လှစ်ခဲ့သော်လည်း ကိုဗစ်- ၁၉ ကြောင့် မေ ၂၃ ရက် မှ ၃၀ ရက် အထိ ပိတ်ထားမည်ဖြစ်ကြောင်းနှင့် ယင်းကာလအတွင်း အသင်းမှ ဖွဲ့စည်းထားသည့် Viber Group မှ အရောင်းအဝယ်များ ပြုလုပ်နိုင်ကြောင်း ကြေညာခဲ့ပြီး ယခုအခါ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အလုပ်အမှုဆောင်အဖွဲ့၏ မေ ၂၈ ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကုန်စည်ဒိုင်ကို မေ ၁၅ ရက်အထိ ထပ်မံတိုးမြှင့်၍ ပိတ်ထားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေညာခဲ့သည်။

"မန္တလေး ပဲဈေးကွက်ကတော့ ကုန်စည်ဒိုင် ပိတ်ထားပေမယ့်လည်း ကုန်သည်တွေက သူတို့ရဲ့ ပွဲရုံတွေကနေ အွန်လိုင်းကနေပြီး အရောင်းအဝယ် လုပ်နေကြတဲ့အတွက် ဈေးကွက်ကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေကြပါတယ်။ ကုန်စည်ဒိုင်ပိတ်ခါစကတော့ နယ်ကတောင်သူတွေက သူတို့ရဲ့ ထွက်ကုန်တွေကို အရောင်းအဝယ်မဖြစ်တော့ဘူးထင်ပြီး အခိုက်အတန့်တော့ ကုန်တင်ပို့မှုတွေ ရပ်နားသွားခဲ့ပေမယ့် လက်ရှိအချိန်မှာ အွန်လိုင်းနဲ့ အရောင်းအဝယ်ဖြစ်နေတာကို သိသွားကြလို့ အနယ်နယ်အရပ်ရပ်က ပဲသီးနှံတွေ မန္တလေးပွဲရုံတွေကို ပြန်ပြီးဝင်ရောက်နေကြပါပြီ။ ဈေးကွက်မှာလည်း တရုတ်နဲ့ အိန္ဒိယဝယ်လက်တွေက အဆင်သင့် ရှိနေကြတဲ့အတွက် ဈေးနှုန်းတွေကလည်း ကျဆင်းမသွားဘဲ ပုံမှန်ဈေးအတိုင်း ရှိနေတဲ့ အပြင် ပဲတီစိမ်းနဲ့ မြေပဲလုံးဆန်ဈေးတွေကတော့ အရင်ကထက် ဈေးပိုတက်လာတယ်။ ဒီလိုကမ္ဘာ့ကပ်ရောဂါကြောင့် ပဲဈေးကွက် အခြေအနေကတော့ဆိုင်းသွားနိုင်ပေမယ့် အခုလို အွန်လိုင်းစနစ်နဲ့ ဆက်လက်ရှင်သန်နေနိုင်တာကတော့ မန္တလေးမြို့ရဲ့ အားသာချက်တစ်ခုပါပဲ " ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေးမြို့ရှိ အွန်လိုင်း ပဲဈေးကွက်တွင် ပဲတီစိမ်း (အညာရွှေဝါ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်တစ်သိန်းနှစ်သောင်း ကျပ်နှုန်း၊ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ခုနစ်သောင်း ရှစ်ထောင်နှုန်း၊ မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ကိုးသောင်း ငါးထောင်နှုန်း၊ ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ခုနစ်သောင်း လေးထောင်နှုန်း၊ ထောပတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်ငါးသောင်းငါးထောင်နှုန်း၊ မြေပဲလုံးဆန် (အနီ) တစ်ပိဿာလျှင် ငွေကျပ်သုံးထောင့်လေးရာနှင့် မြေပဲလုံးဆန် (အဖြူ) တစ်ပိဿာလျှင် ငွေကျပ်သုံးထောင့် နှစ်ရာနှုန်းများဖြင့် အရောင်းအဝယ်များ သွက်လက်မြန်ဆန်နေကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးကအပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၂ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်၌ ယွန်းယွန်းနှင့် အုပ်စိုးခန့်ပါဝင်သည့် မြန်မာလူမျိုးတို့၏ ရိုးရာကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပရခြင်းသမိုင်းကြောင်းကို သရုပ်ဖော်ထားသည့် "ကဆုန်ညောင်ရေသွန်းပွဲတော်" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ ဗဟုသုတတိုးပွားစေရန် အလို့ငှာ ကမ္ဘာပေါ်ရှိထူးခြားသောငှက်အမျိုးအစားအချို့အကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ထူးခြားငှက်များအကြောင်း တစေ့တစောင်း" သုတဆောင်းပါး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရာတွင် ပေါ့ဆမီးဖြစ်သောဆေးလိပ်မီးကအစ သတိပြုဆင်ခြင်ရမည့်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "ညီပု" နှစ်မျက်နှာ ကာတွန်း၊ အထွန်းတို့ သူငယ်ချင်းတစ်စု၏ ကြက်ပေါက်ကလေးများကို ဒုက္ခရောက်မီစေခဲ့ရာက နောင်တွင် မိမိ၏ ပျော်ရွှင်မှုအတွက် သူတစ်ပါးအပေါ် ဒုက္ခမရောက်မီစေရန် သတိပြုနေထိုင်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာနေဦးမောင် (ပခုက္ကူ) ၏ "အပျော်မလုပ်တော့ပါ" ဝတ္ထုတို့ အပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။




**သတင်းစဉ်**

# နွေစပါးပေါ်ချိန် ဆန်အဝင်များသဖြင့် ဆန်အရောင်းအဝယ်အေးနေ

**ရန်ကုန် မေ ၂၇**

နွေစပါးပေါ်ချိန်တွင် ဆန်ဝင်ရောက်မှုများသဖြင့် ပြည်တွင်းဆန်ဈေးကွက်တွင် အရောင်းအဝယ်အေးနေကြောင်း ဆိပ်ကမ်းမြို့နယ် ဝါးတန်းလမ်းကုန်စည်ဒိုင်မှ သိရသည်။

ကိုဗစ် - ၁၉ ရောဂါကြောင့် ပြည်သူများ ဆန်ကြိုတင်ဝယ်ယူကြပြီး ပြည်သူများထံတွင် ဆန်လက်ကျန်များရှိနေကြောင်း၊ ပြည်တွင်းဆန်ဈေးကွက်တွင် အရောင်းအဝယ်အေးနေကြောင်း၊ ဆန်ကြမ်း ပြည်ပပို့ကုန် ခဏနားထားပြီး ဆန်ချောပို့ကုန်မရှိကြောင်း၊ စပါးသစ် ပေါ်လာချိန် ဆန်လှိုင်သည့်အတွက် ဆန်ပြတ်လပ်မှုမရှိကြောင်း၊ မေ ၂၇ ရက်တွင် ဆန်ကုန်စည်ဒိုင်ပြန်ဖွင့်ပြီး ဆန်ဆိုင်များလည်း ပြန်ဖွင့်မည်ဖြစ်ကြောင်း၊ ရောင်းဝယ်မှုရှိလျှင် ဆန်မရှားနိုင်ကြောင်း ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

လက်ရှိ ပြည်တွင်းဆန်ဈေးနှုန်းများမှာ ဆန်ကြမ်း တစ်အိတ်လျှင် ငွေကျပ် နှစ်သောင်းသုံးထောင်မှ ငွေကျပ် နှစ်သောင်းငါးထောင်ဝန်းကျင်ရှိပြီး ဆန်ချောမှာ ဘိုကလေးပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် သုံးသောင်းခုနစ်ထောင်မှ ငွေကျပ်သုံးသောင်း ရှစ်ထောင်၊ မြောင်းမြပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ်လေးသောင်း နှစ်ထောင်မှ ငွေကျပ် လေးသောင်း သုံးထောင်ကျပ်၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ငါးသောင်း သုံးထောင်ရှိကြောင်း သိရသည်။

**အောင်သူရ**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇- ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၈၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၅/၄၅၅ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၅/၄၇၀ | ကျပ် | ၄၇၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၁၀ | ကျပ် | ၃၄၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၅၀ | ကျပ် | ၄၉၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၈ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၁ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၃ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၄ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၁ . ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၅ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၄၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၄၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၅၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၈၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၁၀၇၆ | ၁၀၇၆၃၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၁၈၇၇၂ | ၇၀၉၄၄၂၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁ | ၈၃၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၄၄၀ | ၉၈၉၉၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂ | ၅၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# Coronavirus Disease-2019(COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease–2019 (COVID–19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှု ကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံ ကန့်သတ်ခြင်း၊ မြို့/ရွာများ လူဝင်/ လူထွက် စိစစ်ခြင်း၊ ခရီးသည် ပို့ဆောင်ရေးယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့်အရေးပေါ် အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်–

(က) ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး Online နှင့် အိမ်တွင်းကျူးလွန်မှုများ အဖြစ်သို့ ပြောင်းလဲသွားခြင်း။

(ခ) ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်းတို့ကြောင့် ပြည်သူများ လိုအပ်သည့် အစားအသောက်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများကို တုပမှုများလာခြင်းနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း။

(ဂ) Home Stay ကြောင့် Online Games များ ပိုမိုအသုံးပြုလာကြရာ Cyber ဒုစရိုက်သမားများက Game နည်းလမ်းသစ်များ တီထွင်ထုတ်လွှင့်၍ ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာထိခိုက်ပျက်စီးရေးရည်ရွယ်၍ Malware နှင့် Ransomware ကဲ့သို့သော Virus များနှင့် တိုက်ခိုက်လာခြင်း။

(ဃ) ဆေးရုံများ၏အင်တာနက်နှင့် ချိတ်ဆက်မှုစနစ်များ၊ အရေးပေါ်လူနာ ခွဲစိတ်မှုများ၊ COVID–19 ကူးစက်ရောဂါကုသမှုနှင့် လူနာစောင့်ကြည့်သည့်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်း။

(င) ဒုစရိုက်သမားများသည် COVID–19 နှင့် ဆက်စပ်သော Stock ရင်းနှီးမြှုပ်နှံမှုများတွင် ရောဂါဖြစ်နေသူများ၏ အရင်းအနှီးများကို နည်းမျိုးစုံဖြင့် လိမ်လည်/ ခြိမ်းခြောက် ငွေကြေးရယူခြင်း။

(စ) လိမ်လည်သူများသည် ဆေးဝါးပစ္စည်းများရောင်းချရန်နှင့် ဖြန့်ဝေရာ website, e–commerce plat–forms, social medias, emails များအသုံးပြုလျက်ရှိရာ နာမည်ကြီး ကုမ္ပဏီများ၏အမည်ကိုအသုံးပြု၍ ငွေလွှဲပြောင်းလိမ်လည်ရယူခြင်း။

(ဆ) တယ်လီဖုန်းများအသုံးပြု၍ COVID–19 ကပ်ရောဂါဖြင့် ဆေးရုံတက်နေရသူ၊ Quarantine စခန်းဝင်နေရသူဟု လိမ်လည်ပြောဆို၍ ပြည်သူ့ကျန်းမာရေး ကိုယ်စားလှယ်များထံ ငွေသား/ I–pay တို့ဖြင့် ဆေးဝါးကုသစရိတ်များ လိမ်လည်တောင်းခံခြင်း။

(ဇ) Online များတွင် ဆရာဝန်/အထူးကုသမားတော်များဟု ဟန်ဆောင်ထုတ်လွှင့်ပြီး ဆေးဝါးအတုများ ဝယ်ယူစေခြင်း၊ စိုးရိမ်ကြောက်ရွံ့နေသူများထံမှ email နှင့် Password များတောင်းခံ၍ website များဝင်ကြည့်စေပြီး ငွေကြေးလိမ်လည် ရယူခြင်း။

(ဈ) COVID–19 ကာကွယ်ရန် masks များနှင့် PPEs ဝတ်စုံများ၊ Alocohol Gels များ ဝယ်ယူရန် အမည်ခံ၍ ငွေကြေးများလိမ်လည်ခြင်း။

(ည) Online နှင့် ပြင်ပလူမှုနယ်ပယ်တွင် စံမမီဆေးဝါးနှင့် ပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းအတုများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းများ များစွာဖြစ်ပွားနေပြီး မှုခင်းများ၏ အဓိကနယ်ပယ်တစ်ခုဖြစ်လာခြင်း။

(ဋ) တရားမဝင်ကုန်ပစ္စည်းများနှင့် စံမမီဆေးဝါး ထုတ်လုပ်ရောင်းချမှုများကြောင့် ပြည်သူများ၏ အသက်အန္တရာယ်အတွက် များစွာစိုးရိမ်ဖွယ်ဖြစ်နေခြင်း။

(ဌ) ညမထွက်ရအမိန့်နှင့် Home Stay နေထိုင်စဉ် ပူပြင်းသည့်ရာသီဥတုဖြစ်၍ နေအိမ်ပြတင်းပေါက်များ နေ့/ည ဖွင့်ထားခြင်းကြောင့် ဒုစရိုက်သမားများက အခွင့်ကောင်းယူ၍ အိမ်ကျော်နင်းမှု၊ ခိုးယူမှုများ ကျူးလွန်ခြင်း။

(ဍ) လူ(၅)ဦးနှင့်အထက်စုဝေးခြင်း၊ သွားလာမှုမပြုရခြင်းကြောင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း။

(ဎ) အခြေအမြစ်မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက်ငွေတောင်းယူမှုများကျူးလွန်ခြင်း။

(ဏ) Online Delivery ပို့ဆောင်သူများထံမှ ရောဂါကူးစက်နိုင်သည့်အပြင် မိမိနှင့် သိကျွမ်းမှုမရှိသော Delivery များက အစားအသောက်များတွင် မူးဝေမေ့လျော့စေသော ဆေးဝါးများထည့်သွင်း၍အိမ်တွင်း ခိုးယူမှု၊ လုယက်မှုများကျူးလွန်ခြင်း။

(တ) Mask ကို လူတိုင်းတပ်ဆင်ထားရသဖြင့် ဒုစရိုက်သမားများအနေဖြင့် ပုံဖျက်ရန် အခွင့်ကောင်းရရှိပြီး ယာဉ်/ဆိုင်ကယ်တို့ဖြင့် ရုတ်တရက် အနီးကပ်လုယက်မှု ကျူးလွန်ခြင်း။

(ထ) Home Stay ကာလကြာမြင့်လာသည့်အတွက မိသားစုအတွင်း၊ အဆောင်နေသူများအချင်းချင်း အိမ်တွင်းအကြမ်းဖက်မှုခင်းများ ပိုမိုဖြစ်ပွားလာနိုင်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Cyber / Online တို့မှ လိမ်လည်နေမှုများ၊ မှုခင်းများနှင့် ပတ်သက်၍ ကျူးလွန်ခံရမှုများမဖြစ်ပွားရအောင် အောက်ပါအချက်များကို လိုက်နာကြရန် အကြံပြုအပ်ပါသည်–

(က) မိမိနှင့် ရင်းနှီးကျွမ်းဝင်သော email များနှင့် မိမိအသုံးပြုနေသော Links များမဟုတ်ပါက attached files များကို ဖွင့်ကြည့်ခြင်းမပြုရန်။

(ခ) မိမိ email နှင့် databases များကို ပုံမှန်စစ်ဆေးခြင်း၊ online / offline အသုံးပြု၍ backup လုပ်ထားရန်။

(ဂ) လုံခြုံမှုအပြည့်အဝရှိမည့် password ကိုအသုံးပြုရန်။

(ဃ) Antivirus software နှင့် မိမိကွန်ပျူတာရှိ software များကို update ပြုလုပ်ရန်။

(င) Social media များ၏ လုံခြုံရေးစနစ်ကို ခိုင်မာမှုရှိအောင် စီမံရန်။

(စ) မိမိနေအိမ်တွင်အသုံးပြုသော network အား လုံခြုံမှုစနစ်သေချာတပ်ဆင်ရန်။

(ဆ) မိသားစုဝင်များ၊ အထူးသဖြင့် ကလေးသူငယ်များအား Online စနစ်လုံခြုံမှုနှင့် ပတ်သက်၍ ပညာပေး ပြောကြားရန်။

(ဇ) လူသွားလူလာပြတ်သည့်နေရာများ၊ လမ်းများတွင် လုယက်မှုကျူးလွန်ခြင်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန်။

၄။ COVID–19 ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘစီးပွားရေးသမားများက ကျူးလွန်လျက်ရှိသည့် ဆောင်ရွက်ချက်များအပေါ် အများပြည်သူကလည်း အသိ/သတိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန်နှင့် မြို့/ရွာ၊ ရပ်ကွက်များအတွင်း ထူးခြားမှု၊ မသင်္ကာဖွယ်ရာတွေ့ရှိမှု တစ်စုံတစ်ရာရှိလာပါက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ် ဆက်သွယ်အကြောင်းကြားနိုင်သည့် နီးစပ်ရာ ရဲစခန်းဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝက်လက်မြို့နယ်အတွင်းရှိ နွေနှမ်းစိုက်ခင်းအချို့တွင် နှမ်းရွက်လိပ်ပိုးနှင့် ရွက်စုံစားခူဝါကောင် ကျရောက်သဖြင့် နှိမ်နင်း

ဝက်လက် မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းရှိ နွေနှမ်းစိုက်ခင်းအချို့တွင် နှမ်းရွက်လိပ်ပိုးနှင့် ရွက်စုံစားခူဝါကောင်များကျသဖြင့် နှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် အခြားမြို့နယ်များရှိ နွေနှမ်း စိုက်ခင်းများတွင်လည်း ကျရောက်မှုမရှိစေရေး သတိပြုစောင့်ကြည့်ကြရန် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်ထံက သိရသည်။



နွေနှမ်းစိုက်ခင်းများတွင် နှမ်းရွက်လိပ်ပိုးနှင့် ရွက်စုံစားခူဝါကောင်များ ကျရောက်မှုကို နှမ်းစိုက်တောင်သူများနှင့် ခရိုင်ပိုးမွှားတာဝန်ခံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ လုပ်ဆောင်ပြီး ပိုးမွှားကျရောက်မှုအခြေအနေများကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

"အခုပိုးမွှားကို ကာကွယ်နှိမ်နင်းဖို့ဆိုရင် ဓာတုပိုးသတ်ဆေးကို ပြောင်းသုံးမှ အဆင်ပြေမှာဖြစ်တဲ့အတွက် ပြောင်းပြီး သုံးခိုင်းတာဖြစ်ပါတယ်။ အခုလို ပိုးသတ်ဆေးဖျန်းလိုက်ရင်တော့ ပြန်လည်ကောင်းလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း ခရိုင်ပိုးမွှားတာဝန်ခံ၊ စိုက်ပျိုးရေးကျွမ်းကျင် ဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှမိုးကျော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေနှမ်းသီးနှံ ၃၅၀၅၈ ဧကကို စိုက်ပျိုးထားကြောင်းနှင့် ယင်းသီးနှံများတွင် ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရန် သက်ဆိုင်ရာမြို့နယ်များသို့ သတိပေးညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## မင်းဘူးမြို့နယ် လေးပင်ကျေးရွာ၌ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်

**မင်းဘူး မေ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မင်းလှကျင်းကျေးရွာအုပ်စု လေးပင်ကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ရေတွင်းတူးခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

လေးပင်ကျေးရွာသောက်သုံးရေရရှိရေးအတွက် အနက်ပေ ၈၀၀ ရှိ လေးလက်မ စက်ရေတွင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဌာနမှအင်ဂျင်နီယာများစုဖွဲ့ကာ စက်ရေးတွင်းတူးဖော် ခြင်းလုပ်ငန်းနှင့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင် ကုမ္ပဏီက မေ ၂၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းလေးပင်ကျေးရွာသည် မင်းဘူးမြို့၏ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာ၌ တည်ရှိပြီး အိမ်ခြေ ၃၈၀၊ လူဦးရေ ၁၆၀၆ ဦးခန့် နေထိုင်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်ကြကြောင်း၊ ကျေးရွာ၌ စက်ရေတွင်းမရှိသည့်အတွက် ဒေသခံပြည်သူများက တင်ပြခဲ့၍ ယခုလိုစက်ရေတွင်း တူးဖော်ပေးခြင်းဖြစ်ကြောင်း ခရုကန်ကျေးရွာနေ ဦးလှအောင်ထံက သိရသည်။ အဆိုပါစက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများပြီးစီးပါက သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင့်လွင်ဦးထံက သိရသည်။

**သူရိန်(မင်းဘူး)**

# တိုင်းဒေသကြီး / ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်၍ နေအိမ်များပျက်စီး၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်၊ ဧပြီနှင့် မေလများအတွင်း လေပြင်းတိုက်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်မှုများ ဖြစ်ပွားလျက်ရှိရာ မေ ၂၆ ရက်နှင့် ၂၇ ရက် တို့တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး၊ အုတ်ဖို၊ ပဲခူး၊ မိုးညို၊ အုတ်တွင်း၊ ထန်းတပင်၊ ဒိုက်ဦး၊ ကျောက်ကြီး၊ ကဝမြို့နယ်များ၌ နေအိမ် ၁၄ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၄၇၈ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး မင်းလှ၊ စလင်း၊ ပွင့်ဖြူ၊ ချောက်၊ ဆိပ်ဖြူ၊ မင်းတုန်းမြို့နယ်များ၌ နေအိမ် နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၅ လုံးအမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး သာစည်နှင့် မိတ္ထီလာမြို့နယ်တို့၌ နေအိမ် ၆၆ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး၊ ဖျာပုံ၊ သာပေါင်း၊ ရေကြည်၊ ဟင်္သာတမြို့နယ်များ၌ နေအိမ် လေးလုံး ပြိုကျပျက်စီးပြီး နေအိမ် သုံးလုံး အမိုးအကာလန် ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

သို့ဖြစ်၍ မေ ၉ ရက်မှ ၂၈ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်မှုများကြောင့် နေအိမ် ၁၇၂ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၃၈၄၁ လုံးနှင့် ဘာသာရေး အဆောက်အဦ ၆၉ လုံး အမိုးအကာလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေး ပစ္စည်းဖိုးများ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၁၉၇ ဒသမ ၅ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

သတင်းစဉ်



လေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့စဉ်။

# ကိုဗစ် – ၁၉ ကာလအတွင်း မိုးစပါးစိုက်စရိတ် တစ်ဧက ငွေကျပ်နှစ်သိန်းအထိ တိုးမြှင့်ပေးရန်အပါအဝင် အချက် ၁၈ ချက်ကို အစိုးရထံ အကြံပြုတင်ပြ

**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)အနေဖြင့် ကိုဗစ် – ၁၉ ကာလအတွင်း မိုးစပါးစိုက်စရိတ် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းအထိ တိုးမြှင့်ပေးရန် အပါအဝင် အချက် ၁၈ ချက်ကို အစိုးရထံ မေ ၂၇ ရက်က အကြံပြုတင်ပြခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အစိုးရထံ အကြံပြုချက်များအနက် စိုက်ပျိုးစရိတ်ချေးငွေကို ၁၀ ဧကအထက်မှ ဧက ၁၀၀ အထိ ပိုင်သော လယ်သမားအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို စီစဉ်ခွင့်ပြုပေးရန် ပါဝင်သည်။

ထို့အပြင် မျိုးစေ့ထုတ်တောင်သူများနှင့် မျိုးစေ့သန့်စင်ထုပ်ပိုး ဖြန့်ဖြူးရောင်းချသည့် မျိုးထုတ်လုပ်ငန်းများအတွက် ချေးငွေ စီစဉ်ပေးရန်လည်း ပါဝင်သည်။

ဆန်စပါးစိုက်ပျိုးသော ဒေသများတွင်လည်း ခရိုင်အဆင့်စိုက်ပျိုးရေးလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းပြီး အဆိုပါအဖွဲ့မှ ဆန်စပါးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေး လုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေး၊ နည်းပညာ၊ သွင်းအားစုစက်ကိရိယာ ဝန်ဆောင်မှု ဈေးကွက်နှင့် ချိတ်ဆက်မှုတို့ လွယ်ကူစေရေး ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် တောင်သူများ၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးရန် အကြံပြုတင်ပြထားသည်။

ထို့အပြင် ကျေးရွာအဆင့်တွင် အသေးစား သိုလှောင်ရုံများနှင့် အခြောက်ခံစက်များ တည်ဆောက်ရင်းနှီးမြှုပ်နှံလိုသော တောင်သူ လယ်သမား အစုအဖွဲ့များနှင့် သမဝါယမအဖွဲ့များကို သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ စီစဉ်ပေးရန် အကြံပြုတင်ပြထားသည်။

ဆန်စက်လုပ်ငန်းရှင်များ၏ တည်ဆဲဆန်စက်ရုံဝင်းအတွင်း ထပ်မံတိုးချဲ့တည်ဆောက်မည့် သိုလှောင်ရုံ၊ အဆင့်မြှင့်တင်မည့် စက်ယူနစ်များနှင့် အခြောက်ခံစက်များ တိုးချဲ့တပ်ဆင်မှုအတွက် သက်သာသော အတိုးနှုန်းဖြင့် ကာလလတ်သို့မဟုတ် ကာလရှည် ချေးငွေများ စီစဉ်ပေးရန်ဖြစ်သည်။

ထို့ပြင် ဆန်စပါးနှင့် လယ်ယာသားငါးထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့် စားနပ်ရိက္ခာ တန်ဖိုးမြှင့်ထုတ်လုပ်မှုများ၊ စပါးခွံမှ လျှပ်စစ်ထုတ်လုပ်မှု၊ ဖွဲနုဆီထုတ်လုပ်မှု၊ အအေးခန်းသိုလှောင်ရုံများနှင့် အကြီးစားခေတ်မီသိုလှောင်ရုံများ တည်ဆောက်ရင်းနှီးမြှုပ်နှံမှု၊ ဓာတ်မြေဩဇာထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုလုပ်ငန်းများနှင့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ကို ပြည်ပနိုင်ငံများမှ သက်သာသော အတိုးဖြင့် ချေးငွေရရှိရေး၊ နိုင်ငံတော်အစိုးရက ချေးငွေဆိုင်ရာအာမခံထုတ်ပေးကာ နိုင်ငံတကာ ချေးငွေရရှိရေး စီစဉ်ပေးရန် အကြံပြုတင်ပြချက်ထဲတွင် ပါဝင်သည်။

လျှပ်စစ် ဓာတ်အားခ နှုန်းထားများကိုလည်း ကိုဗစ် – ၁၉ ဖြစ်ပေါ်နေချိန်ကာလတွင် ကောက်ခံနှုန်းများကို လျှော့ပေါ့ကောက်ခံပေးရန်လည်း အကြံပြုတင်ပြထားသည်။

ငြိမ်းငြိမ်း

# မိုးကြိုးဘေးကြောင့် သေဆုံးသွားသူ၏ မိသားစုထံ လက်ဝယ်အရောက် ထောက်ပံ့ငွေပေးအပ်

**ဘိုကလေး မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပတ္တမြားကုန်းကျေးရွာအုပ်စု ပိန္နဲချောင်းဖျားကျေးရွာတွင် မေ ၂၆ ရက်က အမျိုးသားတစ်ဦး ဟင်းစားထွက်ရှာရင်း မိုးကြိုးဘေးသင့်၍ သေဆုံးမှု ဖြစ်ပွားခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ယမန်နေ့က သေဆုံးသူ၏ မိသားစုထံ လက်ဝယ်အရောက် ကူညီထောက်ပံ့မှု ပြုလုပ်သည်။

ကူညီထောက်ပံ့ရာတွင် မိုးကြိုးဘေးကြောင့် သေဆုံးခဲ့သူ၏ မိသားစုအတွက် ကူညီထောက်ပံ့ငွေကျပ် သုံးသိန်းကို သေဆုံးသူ၏ ဇနီးလက်ဝယ်အရာက် ပေးအပ်ထောက်ပံ့ခြင်းဖြစ်ကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရသည်။

မိုးစက် (ဘိုကလေး)

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ကော့သောင်းခရိုင်အတွင်း တားမြစ်ငါးဖမ်းကွက်ဧရိယာအတွင်းရှိ ကျွန်းများတွင်နေထိုင်သည့် ပြည်သူများ၏ ကမ်းနီးငါးဖမ်းလှေငယ်များစာရင်းကောက်ယူ

**ကော့သောင်း မေ ၂၀**

ကော့သောင်းခရိုင်အတွင်း တားမြစ်ငါးဖမ်းဧရိယာကွက်လေးကွက် အတွင်းရှိ ကျွန်းများတွင်နေထိုင်သည့် ပြည်သူများ၏ မိရိုးဖလာငါးဖမ်းကိရိယာအသုံးပြု ကမ်းနီးငါးဖမ်းလှေငယ်များစာရင်းကောက်ယူမှုလုပ်ငန်းများကို ယမန်နေ့က ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည်။ **(ယာပုံ)**

ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များအတွင်းရှိ ငါးဖမ်းကွက်အမှတ် F 13၊ F 14၊ F20 နှင့် F 21 ငါးဖမ်းကွက်များအတွင်း ငါးဖမ်းခြင်း မပြုရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ ၁ / ၂၀၂၀ ဖြင့် ထုတ်ပြန်ထားရာ အဆိုပါ ၄ ကွက် တားမြစ်ဧရိယာမိုင် ၆၀ ပတ်လယ်အတွင်းရှိ အခြေပြုနေထိုင်သော ကျွန်းများနှင့် ကျေးရွာများအဖြစ် တားမြစ်ငါးဖမ်းကွက် F-13 အတွင်း ကျွန်းပေါင်း သုံးကျွန်း၊ F- 14 အတွင်း ကျွန်းပေါင်း ၂၆ ကျွန်းနှင့် မကြံ့ဂလက်၊ ညောင်ဝိ၊ ဂျာအုံး၊ ကိုဖော့၊ စလတ်ဂလက်၊ ဝါးကျွန်းတို့ပါရှိပြီး F-20 အတွင်း ဂျာလန်းကျွန်းရွာ၊ F – 21 အတွင်း ဇာဒတ်ကြီးကျေးရွာတို့ အပါအဝင် စုစုပေါင်း အဓိကကျွန်းနေကျေးရွာ ရှစ်ရွာရှိပြီး အဆိုပါ ကျေးရွာတချို့တွင် ပင်လယ်ပျော်မော်ကင်း (ခ) ဆလုံလူမျိုးများ နေထိုင်သည့် ကျေးရွာများ ဖြစ်ကြောင်း သိရသည်။

ကော့သောင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ အဆိုပါ တားမြစ်ငါးဖမ်းဧရိယာအတွင်း ကျွန်းများပေါ်ရှိ ကျေးရွာများမှ မိရိုးဖလာပင်လယ်ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် ကျေးလက်ပြည်သူများ စားဝတ်နေရေးအတွက် လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စွာ စနစ်တကျလုပ်ကိုင်နိုင်ရေး၊ ကျေးရွာအလိုက် လုပ်ကိုင်လျက်ရှိသည့် ငါးဖမ်းလှေငယ်များ၏ စာရင်းပြုစုနိုင်ရေး သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)



# ထိုင်းနယ်စပ်ဂိတ်ပိတ်ထားသောကြောင့် ကျောက်ပုစွန်လုပ်ကိုင်သူများ အခက်ကြုံ



**ရေဖြူ မေ ၁၉**
ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ ထိုင်းနယ်စပ်ဂိတ်များ ပိတ်လိုက်သဖြင့် ရေဖြူမြို့နယ် ကံပေါက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တစ်ပိုင်တစ်နိုင် ကျောက်ပုစွန်လုပ်ကိုင်သူများ အခက်ကြုံလျက်ရှိကြောင်း အဆိုပါ လုပ်ကိုင်သူထံမှ သိရသည်။

ကိုဗစ် –၁၉ စတင်ဖြစ်ပွားချိန်တွင် အိမ်နီးချင်း ထိုင်းနိုင်ငံသို့ တင်ပို့နေသော ကျောက်ပုစွန်ဈေးကွက်မှာ တစ်ပိဿာကို ငွေကျပ် လေးသောင်းမှ ငါးသောင်းအထိ ပေါက်ဈေးရှိပြီး လက်ရှိတွင် အဝယ်ဒိုင်များရပ်နားလိုက်၍ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဒေသအတွင်း ကျေးရွာများကိုသာ လိုက်လံပြီး ရောင်းချရကြောင်း သိရသည်။

"အခုက ထိုင်းနယ်စပ်ဂိတ်တွေ ပိတ်ထားတော့ ဖောက်သည်သွင်းနေတဲ့အဝယ်ဒိုင်တွေက အရောင်း အဝယ် ရပ်နားထားတာကြောင့် မိသားစုစားစရိတ် အဆင်ပြေအောင် အနီးဝန်းကျင် ကျေးရွာတွေကို တစ်ပိဿာ ငွေကျပ်တစ်သောင်းခွဲလောက်ပဲ ရတဲ့ဈေးနဲ့ရောင်းချနေရတယ်" ဟု ကူးတို့ဆိပ်ကျေးရွာမှ ကျောက်ပုစွန် လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကံပေါက်ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများဖြစ်သော ကျောက်ထရံကျေးရွာ၊ ခမင်းဆိပ်ကျေးရွာ၊ ကူးတို့ဆိပ်ကျေးရွာ စသည့်ကျေးရွာများတို့သည် ပင်လယ်ပြင် ငါးဖမ်းခြင်းလုပ်ငန်းဖြင့် အဓိက စီးပွားရေး လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ဖြူဖြူရှိန် (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ကြောင့် ဦးပိန်တံတားယာယီပိတ်ထားချိန်တွင်ဟောင်းနွမ်းဆွေးမြည့်နေသည့်တိုင်လုံးများ အသစ်လဲမည်



ဦးပိန်တံတားကို တွေ့ရစဉ်

**မန္တလေး မေ ၁၉**
ကိုဗစ်–၁၉ ကြောင့် ဦးပိန်တံတားယာယီပိတ်ထားချိန်တွင်ဟောင်းနွမ်းဆွေးမြည့်နေသည့် တိုင်လုံး ၁၂ လုံးအား အသစ်လဲလှယ်သွားမည်ဖြစ်ကြောင်း တောင်သမန်တံတား ထိန်းသိမ်း ကြီးကြပ်ရေးနှင့်သန့်ရှင်းသာယာလှပရေး အဖွဲ့ဝင်၊ တောင်မင်းကြီးဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောကြားသည်။

အဆိုပါ တိုင်လုံးများလဲလှယ်ခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ တောင်သမန်တံတား ထိန်းသိမ်းကြီးကြပ်ရေးနှင့် သန့်ရှင်းသာယာ လှပရေးအဖွဲ့နှင့် အလှူရှင်များ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကြောင့် တောင်သမန်တံတားကို ယာယီပိတ်ထားပါတယ်၊ တံတားအလယ် လောက်ရှိတဲ့ အုတ်ခုံတွေနားက ရေထဲမှာ အောက်ခြေဆွေးမြည့်ပြီး ပျက်စီးနေတဲ့ တိုင်လုံးတွေ လဲလှယ်သွားမှာပါ၊ လဲရမှာက တိုင် ၁၂ လုံးပါ၊ အောက်ခြေပြတ်ပြီး သိပ်ဆိုးနေတဲ့ တိုင် လေးလုံးကိုတော့ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် လဲလှယ်ပြီးသွားပါပြီ၊ သင်္ကြန်မတိုင်ခင်ကလဲလိုက်တာပါ၊ အသစ်လဲလှယ်ဖို့ ကျန်နေသေးတဲ့တိုင် ရှစ်လုံးကို Myanmar Teak Wood Industries Co.Ltd လှူဒါန်းထားပါတယ်၊ တံတားပြုပြင်ဖို့ လုပ်အားခ ကိုတော့ တောင်သမန်သစ္စာ ကုမ္ပဏီက ငွေကျပ် ၁၀ သိန်း လှူဒါန်းထားပါတယ်၊ လက်ရှိကာလက တံတားကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်လို့ကောင်းတဲ့အချိန်ဖြစ်တာကြောင့် ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို လာမည့် မေလဆန်းပိုင်းမှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနမှ ပညာရှင်များနှင့်ပူးပေါင်းပြီး ဆက်လက်လုပ်ဆောင်သွားမှာပါဟု ၎င်းက ပြောကြားသည်။

မန္တလေးမြို့ရှိ ဦးပိန်တံတားသည် ပြည်တွင်း/ပြည်ပခရီးသွားများ အများအပြားလာရောက်သော နေရာတစ်ခုဖြစ်ပြီး အဆိုပါ တံတား၏ အစိတ်အပိုင်း တစ်ခုဖြစ်သော တိုင်လုံးများမှာ အချိန်ကြာလာသည်နှင့်အမျှ ဟောင်းနွမ်းဆွေးမြည့် လာသည့်အတွက် ကိုဗစ်–၁၉ ကြောင့် ဦးပိန်တံတား ယာယီပိတ်ထားချိန်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လာမည့် မေလဆန်းပိုင်းတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မိုင်းယုမြို့၌ မိုးရာသီ အစေ့ထုတ်ပြောင်းများ စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းနေ

**မိုင်းယု မေ ၁၉**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့တွင် တောင်သူများသည် မိုးအစေ့ထုတ် ပြောင်းများကို တန်ခူးလဆန်းပိုင်း(သင်္ကြန်မိုး)ကျသည်နှင့် စတင်စိုက်ပျိုးလေ့ရှိရာ ယခုအခါ အဆိုပါ မိုးအစေ့ထုတ်ပြောင်းများမှာ စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းနေလျက်ရှိသည်။

မိုင်းယုမြို့တွင် အစေ့ထုတ်ပြောင်းကို မိုးရာသီနှင့် ဆောင်းရာသီဟူ၍ တစ်နှစ်လျှင် နှစ်ရာသီသာ စိုက်ပျိုးလျက်ရှိကြပြီး မိုးရာသီကို အဓိကအားထားကာ ပိုမိုစိုက်ပျိုးရောင်းချလျက်ရှိကြောင်း၊ ယင်း အစေ့ထုတ်ပြောင်းမျိုးများမှာ စီပီ.888နှင့် စီပီ.222မျိုးများဖြစ်ပြီး ၎င်းမျိုးများမှာ ဖူးတံရှည်ကာ အဖူး ထွက်လုံသည့်အတွက် မိုးကာလတွင်စိုက်ပျိုးပါက မိုးဒဏ်ခံနိုင်ပြီး အထွက်နှုန်းပိုကောင်း၍ တောင်သူများ ကြိုက်နှစ်သက်သည့် သီးနှံဖြစ်သောကြောင့် အဆိုပါ မျိုးများကိုသာအများဆုံး ရွေးချယ်စိုက်ပျိုး လျက်ရှိကြောင်း၊ စိုက်ပျိုးရာတွင် ပင်ကြားတန်းကြားအကွာမှာ တစ်ပေမှ နှစ်ပေအကွာကြားစိုက်ပျိုးကြပြီး ကွန်ပေါင်းခတ်မြေဩဇာကို တစ်သီးလျှင် နှစ်ကြိမ်ကျွေးသည့်အတွက် ပြောင်းအထွက်နှုန်းမှာ ပို၍ကောင်းမွန်ကြောင်း၊ ယခင်နှစ် ၂၀၁၉ခုနှစ်တွင် မိုင်းယုဒေသ၌ ၂၂၅၇ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၁၅ တင်းထွက်ရှိခဲ့ရာ တစ်ကီလိုလျှင် ကျပ်ငွေ ၃၀၀ ထိရရှိစေပြီး ယခု ၂၀၂၀ပြည့်နှစ်တွင်လည်း အဆိုပါ ဧကနှုန်းထားအတိုင်း စိုက်ပျိုးနိုင်ရန်နှင့် ထွက်ရှိစေရန် လျာထားလျက်ရှိကြောင်း မိုင်းယု စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အစေ့ထုတ်ပြောင်းများကို မိမိတို့ အိမ်မွေးတိရစ္ဆာန်များအတွက်သာမက နယ်စပ်ဒေသဖြစ်၍ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင်လည်း မိသားစုဝင်ငွေပိုမိုရရှိစေ၍ နိုင်ငံတော်နှင့် တောင်သူများအတွက် အကျိုးပြုသည့် သီးနှံဖြစ်သောကြောင့် မိုးအစေ့ထုတ်ပြောင်းများကို များစွာစိုက်ပျိုးလျက်ရှိရာ ယခုချိန်တွင် နယ်စပ်ဒေသ မိုင်းယုဒေသတွင် မိုးအစေ့ထုတ်ပြောင်းများမှာ စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

## ကိုဗစ်-၁၉ ထိန်းချုပ်ရေးကာလ ရန်ကုန်မြစ်တွင်း၌ စက်တပ်သမ္ဗန် ၁၀၀ ကျော်ခန့်ဖြင့် ခရီးသည်များအတွက် ပြေးဆွဲနေ

**ရန်ကုန် မေ ၁၉**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ တစ်ဆင့် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာကြရာတွင် မြစ်တွင်းသွား စက်တပ်သမ္ဗန်များဖြင့် ခရီးသည်များစွာကို ကူးတို့ပို့ဆောင်ပေးလျက်ရှိရာ လတ်တလော ဖြစ်ပွားနေသော ကိုဗစ်–၁၉ ထိန်းချုပ်ရေးကာလအတွင်း ရန်ကုန်မြစ်အတွင်း စက်တပ်သမ္ဗန်အစီးရေ ၁၀၀ ကျော်ခန့်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောကြားခဲ့သည်။

"ဒလမြို့နယ်အတွင်းမှာ သမဝါယမ အသင်းပိုင် ကူးတို့ဆိပ် ငါးခုနဲ့ ပုဂ္ဂလိကအသင်းပိုင် ကူးတို့ဆိပ် ခြောက်ခု အပါအဝင် စုစုပေါင်း ကူးတို့ဆိပ် ၁၁ ခု မှာ စက်တပ်သမ္ဗန်အစီးပေါင်း ၄၉၀ ကျော်ရှိပါတယ်၊ လက်ရှိ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်းမှာ ခရီးသွားပြည်သူတွေ သွားလာမှု နည်းတဲ့အတွက် လက်ရှိမောင်းနေရတဲ့ စက်တပ်သမ္ဗန်အစီးရေ ၁၀၀ ကျော်လောက်ပဲ ပြေးဆွဲပေးနေရတယ်၊ ဝင်ငွေလည်း ကျဆင်းသွားလို့ စားဝတ်နေရေး အခက်အခဲတွေ ကြုံတွေ့ရတယ်၊ မကြာမီ မိုးဦးကာလလည်း နီးလာပြီး ရာသီဥတုတွေ ဆိုးရွားလာပြီဆိုရင် ကြိုတင်ပြင်ဆင်ထားရမယ့် လုပ်ငန်းတွေ ရှိလာပါတယ်၊ အသက်ကယ်အင်္ကျီတို့ အသက်ကယ်ဖောတို့ လိုအပ်လာပြီး၊ လက်ရှိအချိန်မှာ ဝင်ငွေနည်းတဲ့ သမ္ဗန်သမားတွေမှာ ကုန်ကျစရိတ်တွေရှိလို့ အခက်အခဲတွေနဲ့ ကြုံတွေ့လျက် ရှိပါတယ်"ဟု ဆက်လက်၍ ပြောကြားခဲ့သည်။

ယနေ့ရက်ပိုင်းအတွင်း မုန်တိုင်းသတိပေးချက်ရှိနေပြီး ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များအနေဖြင့် မိုးဦးကာလအတွင်း လှိုင်းလေကြီးပါက သမ္ဗန်ရပ်ဆိုင်းထားခြင်းနှင့် လှိုင်းလေ ငြိမ်သက်ပါက မောင်းနှင်ထွက်ခွာခြင်း ပြုလုပ်ကြရန် သက်ဆိုင်ရာ ကူးတို့ဆိပ် ၁၁ ဆိပ်ရှိဥက္ကဋ္ဌများအား အသိပေးပြောကြားထားကြောင်း သိရသည်။ လက်ရှိအချိန်၌ ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် စက်တပ်သမ္ဗန် တစ်စီးလျှင် ခရီးသည် ခြောက်ဦးနှင့် ရှစ်ဦး ဝန်းကျင်သာ တင်ဆောင်ပြီး ကူးတို့ပြေးဆွဲပို့ဆောင်ပေးကြောင်း သိရသည်။

**နိုင်လင်းကျော်**
**(ဒလ)**

## သံတောင်ကြီးမြို့၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**သံတောင်ကြီး မေ ၁၉**
ကရင်ပြည်နယ် သံတောင်ကြီးမြို့၌ ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်က သံတောင်ကြီးမြို့ ပေါ်ရပ်ကွက် (၅)ရပ်ကွက်တွင် ပြုလုပ်ဆောင်ရွက်သည်။

ထိုသို့အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် အများပြည်သူများ အသိ သတိရှိစွာနှင့် နေထိုင်သွားလာကြရန်၊ လက်ကိုမကြာခဏ ဆေးကြောသန့်စင်ရန်၊ အပြင်ထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ပြီးမှသာလျှင် သွားလာကြရန်၊ လူစုလူဝေးများ မပြုလုပ်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကိုအသံချဲ့စက်များဖြင့်လိုက်လံအသိပေးနှိုးဆော်ခြင်း၊ အဝတ် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို သံတောင်ကြီးမြို့ပေါ် ရပ်ကွက်(၅)ရပ်ကွက်ရှိ လူအသွားအလာများသည့်နေရာများတွင်ဖြန့်ဝေပေးခြင်း၊ သွားလာမှုခက်ခဲသည့် နေရာများတွင် အိမ်တိုင်ရာရောက်ဖြန့်ဝေပေးပြီး ဆပ်ပြာခဲများ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအသိပညာပေးလုပ်ငန်းများကိုသံတောင်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ သံတောင်ကြီးအမျိုးသမီးအဖွဲ့၊ ကိုဗစ်–၁၉ ကြီးကြပ်မှုကော်မတီတို့က ပူးပေါင်းဆောင်ရွက်ပြီး သံတောင်ကြီးအမျိုးသမီးအဖွဲ့များကကိုယ်တိုင်ချုပ်လုပ်သော အဝတ်နှာခေါင်းစည်း ၈၀၀ ခု အားပြည်သူများထံအခမဲ့ဖြန့်ပေးခဲ့သည်။ ယခုအဝတ်နှာခေါင်းစည်း အခမဲ့ဖြန့်ဝေခြင်းမှာ တတိယအကြိမ်ဖြစ်ပြီး စုစုပေါင်းနှာခေါင်းစည်း ၁၆၀၀ ခုကို ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးပြီးဖြစ်သည်။

**နော်လော်မူ(ပြန်/ဆက်)**

သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ကမ္ဘာ့ကပ်ရောဂါနှင့် မြန်မာနိုင်ငံ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က ကမ္ဘာ့ကပ်ရောဂါအဖြစ် တရားဝင်ကြေညာခဲ့သော ကိုဗစ်-၁၉ ရောဂါသည် ယခုအခါ မြန်မာနိုင်ငံသို့ ရောက်ရှိကူးစက်နေပြီဖြစ်သည်။ ၂၀၁၉ ခုနှစ်အတွင်းက တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သည်ဟု သတင်းမီဒီယာများက ဖော်ပြခဲ့ကြသော ကိုရိုနာဗိုင်းရပ် ခေါ် ကူးစက်မြန် အဆုတ်ရောင်ရောဂါပိုးကို ဆေးသိပ္ပံ ပညာရှင်တို့က အတိုကောက်အားဖြင့် ကိုဗစ်-၁၉ ဟု အမည်နာမ တပ်ခဲ့ကြသည်။

အဆိုပါဗိုင်းရပ်သည် နီးကပ်သောပြည်နယ်များနှင့် ဒေသတွင်းနိုင်ငံများဆီသို့ ဦးစွာ ကူးစက်ပြန့်ပွားခြင်းမရှိဘဲ ကီလိုမီတာပေါင်း သောင်းနှင့်ချီ၍ ကွာဝေးသော ဥရောပတိုက်သို့ မည်သို့မည်ပုံ စောစီးစွာ ရောက်ရှိသွားခဲ့သည်ဆိုသည်မှာ သိပ္ပံပညာရှင်တို့အတွက် ပဟေဠိတစ်ခု ဖြစ်ခဲ့ရသည်။ မူလစတင်ဖြစ်ပွားရာနိုင်ငံ၏ အရှေ့မြောက်ဘက်သို့ ရှေးရှုလျှင် ထိုနိုင်ငံနှင့် ဥရောပတိုက်အကြား၌ ဂျပန်ကျွန်းစုများနှင့် ပစိဖိတ်သမုဒ္ဒရာကြီးကလည်းကောင်း၊ မြောက်အမေရိကတိုက်နှင့် အတ္တလန္တိတ်သမုဒ္ဒရာကြီးကလည်းကောင်း ခြားလျက်ရှိနေသလို၊ အဆိုပါနိုင်ငံ၏ အနောက်မြောက်ယွန်းယွန်းဆီသို့ ရှေးရှုလျှင်လည်း ကာဇက်စတန်နိုင်ငံကြီးနှင့် အရှေ့အလယ်ပိုင်းဒေသကြီးတစ်ခုလုံးက ခြားလျက်ရှိနေသည်။

မည်သို့ပင်ဖြစ်စေကာမူ ကိုဗစ်-၁၉ သည်ကား ယခုအခါ ကမ္ဘာတစ်ဝန်းကူးစက်ပျံ့နှံ့လျက်ရှိနေသော ကပ်ရောဂါဆိုးကြီး တစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဆိုသည်ကို မည်သူကမျှ ငြင်း၍မရနိုင်တော့ပြီ ဖြစ်သည်။ ကိုဗစ်နှင့် ပတ်သက်၍ သတင်းမီဒီယာ မျက်နှာစာများနှင့် လူမှုကွန်ရက် စာမျက်နှာများပေါ်၌ တတ်စွမ်းသမျှ ရေးသားဖြန့်ဝေ နေကြသည့်အတွက် ကိုဗစ်နှင့်ပတ်သက်သော အကြောင်းအရာများသည် မြန်မာနိုင်ငံသားများအတွက် အစိမ်းသက်သက် ဖြစ်မနေတော့သည်မှာ ဝမ်းမြောက်ဖွယ်ပင် ဖြစ်သည်။

ကိုဗစ်နှင့်ပတ်သက်သော ရှာဖွေတွေ့ရှိချက် များစွာရှိသည့်အနက် အများပြည်သူတို့ သတိပြုကြရန်လိုအပ်သော အချက်များကို အနှစ်ချုပ်၍ဖော်ပြပါအံ့၊

ကူးစက်ရောက်ရှိလာနိုင်ပုံ-

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် လူတစ်ဦးထံသို့ အလိုအလျောက် ရောက်မလာနိုင်ဘဲ နီးကပ်မှု၊ ထိတွေ့မှု၊ဆက်စပ်ပတ်သက်မှုနှင့် ပစ္စည်းအပေးအယူ ပြုလုပ်မှုတို့ဖြင့်သာ ကူးစက်ရောက်ရှိလာနိုင်သော ရောဂါ ပိုးဖြစ်သောကြောင့် လှုပ်ရှား၊ သွားလာ၊ ပြုမူ၊ နေထိုင်ခြင်းကို အထူးသတိပြု ဆင်ခြင်ကြခြင်းအားဖြင့် ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ပါသည်။

### ကူးစက်ပြန့်ပွားနိုင်ပုံ

ကိုဗစ်-၁၉ ဗိုင်းရပ်သည် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုမှာရော၊ အေးမြစွတ်စိုသည့် ရာသီဥတုမှာရော ကူးစက်ပြန့်ပွားနိုင်သည့်အတွက် လူစုလူဝေးကိုရှောင်ရှားပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြု လုပ်ဆောင်ကြခြင်းအားဖြင့် ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ပါသည်။

### ကူးစက်ပြန့်ပွားပုံ ခြားနားမှု

ကိုဗစ်-၁၉ ဗိုင်းရပ်သည် အပူချိန် ၃ ဒီဂရီစင်တီဂရိတ်မှ ၁၇ ဒီဂရီစင်တီဂရိတ်အကြားရှိ ဒေသများ၌ ကူးစက်ပြန့်ပွားမှု မြန်ဆန်များပြားပြီး၊ အပူချိန် ၁၈ ဒီဂရီစင်တီဂရိတ်နှင့်အထက်ရှိသော ဒေသများ၌ ကူးစက်ပြန့်ပွားမှု နှေးကွေး လျော့နည်းသည့် သဘောသဘာဝရှိကြောင်း လေ့လာတွေ့ရှိရသည်။ အလားတူပင် စိုထိုင်းဆနိမ့်သော ဒေသများတွင် ကူးစက်ပြန့်ပွားမှု မြန်ဆန်များပြားပြီး၊ စိုထိုင်းဆမြင့်သော ဒေသများတွင် ကူးစက်ပြန့်ပွားမှု နှေးကွေးလျော့နည်းသည့် သဘောသဘာဝရှိသည်။

မြန်မာနိုင်ငံ၏ လက်ရှိ ပျမ်းမျှအပူချိန်နှင့်စိုထိုင်းဆမှာ မြင့်မားနေသဖြင့် အအေးဓာတ်မြင့်မားပြီး စိုထိုင်းဆနိမ့်သောဥရောပတိုင်းပြည်များမှာကဲ့သို့ ကူးစက်ပြန့်ပွားမှု မြန်ဆန်များပြားခြင်းမရှိနိုင်ဟု ယေဘုယျအားဖြင့် ခန့်မှန်းရသည်။သို့ရာတွင်လူတချို့၏ မဆင်မခြင် နေထိုင်၊ ပြုမူ၊ လှုပ်ရှား၊ ထိတွေ့ ပတ်သက်မှုများကြောင့် မဖြစ်သင့်ဘဲဖြစ်လာနိုင်သည့် ကိုဗစ်-၁၉ ကူးစက်မှု ကျယ်ပြန့်လာနိုင်ခြင်းကို သတိပြုကြလျက် လူစုလူဝေးကိုရှောင်ရှားပြီး တစ်ကိုယ်ရေ သန့်ရှင်းမှုကို အထူးအလေးထား လုပ်ဆောင်ကြရမည်ဖြစ်သည်။

### ကူးစက်မှုအညွှန်းကိန်း

ရောဂါကူးစက်မှုအညွှန်းကိန်း (Reproduction Number-R.O)များအရ ဝက်သက်ရောဂါပိုးသည် ကာကွယ်ဆေးထိုးမထားသူ ၁၆ ဦးကိုလည်းကောင်း၊ ဆား(စ်)ရောဂါပိုး(SARS)သည် လူ ၄ ဦးအထိလည်းကောင်း၊ မား(စ်)ရောဂါပိုး (MERS)သည် လူတစ်ဦးကိုလည်းကောင်း၊ ကိုဗစ်-၁၉ သည် လူနှစ်ဦးမှ သုံးဦးကျော်(R.O 2 to 3.5) အထိကိုလည်းကောင်း ကူးစက်နိုင်သည်။

ကိုဗစ်-၁၉ ၏ ကူးစက်နိုင်မှုသည် ဆား(စ်)ရောဂါလောက် မကျယ်ပြန့်သော်လည်း ရောဂါလက္ခဏာမပြသော ကိုဗစ်-၁၉ ကူးစက်ခံထားရသူများက လူစုလူဝေးရှိရာ နေရာများသို့ သွားလာလှုပ်ရှားနေမှုများ (Stealth Transmissions) ကို ထိန်းချုပ်မှု မပြုခဲ့ခြင်းကြောင့်ဖြစ်ရာ နေအိမ်အတွင်း၌သာ နေထိုင်ခြင်းသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန်အတွက် အထိရောက်ဆုံးသော နည်းလမ်းပင် ဖြစ်သည်။

### ကူးစက်ခံရနိုင်ခြေ

ကိုဗစ်-၁၉ ဗိုင်းရပ်ပိုးရှိနေသူနှင့် နှစ်မီတာ ( ၆ ပေ ၆ လက်မ) အကွာအဝေးအတွင်း၌ရှိနေပြီး ထိုအကွာအဝေးအတွင်းရှိနေချိန်၌ အကာအကွယ်မဲ့ အနေအထားဖြင့် ၁၅ မိနစ်နှင့်အထက် ကြာမြင့်ပါက ကူးစက်နိုင်သဖြင့် အထူးသတိပြု ဆင်ခြင်ကြခြင်းအားဖြင့် ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ပါသည်။

### ကူးစက်မှု၏ကြားခံပစ္စည်းတချို့

လက်ကိုင်ဖုန်း၊ နေကာမျက်မှန်၊ စာကြည့်မျက်မှန်နှင့် အဝေးကြည့်မျက်မှန်များသည် ကိုဗစ်-၁၉ ကူးစက်မှုအတွက်ကြားခံပစ္စည်းများ ဖြစ်နေကြသည့်အတွက် ပိုးသတ်ဆေးဖြင့် မကြာခဏ ပွတ်တိုက် သန့်စင်ပေးကြခြင်းအားဖြင့် ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ပါသည်။

### စနစ်တကျလက်ဆေးခြင်း

ကိုဗစ်-၁၉ ဗိုင်းရပ် ကူးစက်မခံကြရစေရေးအတွက် ရေနှင့်ပိုးသတ် ဆပ်ပြာတို့ဖြင့် လက်ကိုဆေးကြောရာတွင်စက္ကန့် ၂၀ မပြည့်ပါက ဗိုင်းရပ် ဆက်လက်ရှင်သန်နေကြောင်း Infra-red Rays Test အရ တွေ့ရှိရသည့်အတွက် အနည်းဆုံးစက္ကန့် ၂၀ ပြည့်အောင် စနစ်တကျ ပွတ်တိုက်ဆေးကြောကြခြင်းအားဖြင့် ကူးစက်ခံရခြင်းကို တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်ပါသည်။

### ခန္ဓာကိုယ်ခုခံအားစနစ်

ခန္ဓာကိုယ်ခုခံအားစနစ် ကောင်းမွန်ခြင်းသည် ကိုဗစ်-၁၉ ဗိုင်းရပ် ကူးစက်ခံရနိုင်မှု အခွင့်အလမ်းကို နည်းပါးစေသည်။ ခန္ဓာကိုယ်ခုခံအားစနစ် ကောင်းမွန်ခြင်းဆိုသည်မှာ ပိန်ခြင်း၊ ဝခြင်း၊ အရပ်ပုခြင်း၊ အရပ်မြင့်ခြင်း၊ သွယ်လျခြင်း၊ ဗလတောင့်ခြင်းစသည်တို့နှင့် မသက်ဆိုင်ဘဲ ပြင်ပမှဝင်ရောက်လာသော ရောဂါပိုးများကို အလိုအလျောက် တိုက်ထုတ်ပစ်နိုင်သော စွမ်းရည်ပင်ဖြစ်ရာ၊ ကိုယ်ခံအားစနစ် ကောင်းမွန်အောင် စားသောက်နေထိုင် ပြုမူခြင်းသည် ကိုဗစ်-၁၉ အတွက် အကောင်းဆုံးသော ခံစစ်ပင်ဖြစ်သည်။

### ခရမ်းလွန်ရောင်ခြည်

ခရမ်းလွန်ရောင်ခြည် (Ultra Violet Rays) သည် ဗိုင်းရပ်ပိုးများကို သေစေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း (UV Index) မြင့်မားချိန်ဖြစ်သော နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း အချိန်အနည်းငယ်မျှ နေပူခံခြင်း၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း၌ မျက်နှာသုတ်ပဝါနှင့် လက်သုတ်ပဝါများ၊ အဝတ်အစားများ၊ ကလေးအနှီးနှင့် စောင်၊ ခြင်ထောင်များ၊ ခေါင်းအုံးနှင့် ခေါင်းအုံးစွပ်များ၊ အိပ်ရာဖုံး၊ အခင်းနှင့်ဖျာများ စသည်တို့ကို နေလှန်းခြင်းအားဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရခြင်းကို တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်တက်နေချိန်များ၌ နေပူထဲတွင် အကာအကွယ်မဲ့ သွားလာလှုပ်ရှား လုပ်ကိုင်နေခြင်းမျိုးကို နေ့စဉ်နာရီပေါင်း များစွာကြာအောင် နှစ်နှင့်ချီ၍ ပြုမူနေမှသာလျှင် မျက်စိတိမ်စွဲခြင်းနှင့် အရေပြားကင်ဆာဖြစ်ခြင်းများကို ခံရနိုင်ခြေရှိပြီး ယခုကဲ့သို့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း အချိန်အနည်းငယ်မျှ နေပူခံခြင်းမျိုးမှာ အန္တရာယ်တစ်စုံတစ်ရာ မရှိနိုင်ပေ။

### ကာကွယ်ကုသဆေးထုတ်လုပ်ဖို့

ဗိုင်းရပ်စ်ပိုး(အသစ်)တစ်မျိုးကြောင့် ဖြစ်ပွားသောရောဂါကို အမြစ်ပြတ်အောင် တိုက်ဖျက်ချေမှုန်းနိုင်မည့် ဆေးဝါးဖော်စပ်နိုင်ရန်အတွက် လေ့လာဆန်းစစ်ခြင်း၊ သုတေသနပြုလုပ်ခြင်းတို့မှ အစပြု၍ ကြွက်၊ ပူး၊ ယုန်၊ မျောက်စသောသတ္တဝါများဖြင့် အဆင့်ဆင့်စမ်းသပ်ခြင်း၊ ရောဂါမရှိသော စေတနာ့ဝန်ထမ်း လူသားများကို စမ်းသပ်ထိုးနှံခြင်း၊ ရောဂါကူးစက်ဖြစ်ပွားနေသူများကို စမ်းသပ်ထိုးနှံခြင်း အစရှိသော လုပ်ဆောင်မှုအဆင့်ဆင့်အတွက် အနည်းဆုံးအချိန် နှစ်နှစ်ခန့် ကြာမြင့်နိုင်သည်။

သို့ရာတွင် ဗိုင်းရပ်စ်ပိုးသည် ကာကွယ်ကုသဆေး ရှိနှင့်ပြီးသားဗိုင်းရပ်စ်ကို အခြေပြု၍ ဇီဇပြောင်းလဲဖြစ်ပေါ်လာခြင်းသို့တည်းမဟုတ် လူသားတို့၏ ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာခြင်းမျိုး ဖြစ်ပါကမူ ကာကွယ်ကုသဆေး ထုတ်လုပ်နိုင်ရန်အတွက် အချိန်တစ်နှစ်ခန့်သာ ကြာမြင့်နိုင်ပါသည်။

အဆိုပါကာလများအတွင်း မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်ခြင်းကသာလျှင် အကောင်းဆုံးသော ရပ်တည်ချက်ဖြစ်သည်။


### အလေးဂရုပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှု

လတ်တလောအခြေအနေတွင် မြန်မာနိုင်ငံသား ပြည်သူများသည် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ အမိန့်နှင့် ညွှန် ကြားချက်များ၊ တားမြစ်ချက်များကိုလည်းကောင်း၊ ဒေသန္တရအစိုးရများ၏ ညွှန်ကြားချက်နှင့် တားမြစ်ချက်များကိုလည်းကောင်း အသိတရားရှိရှိဖြင့် အလေးဂရုပြုလေးစားလိုက်နာကြရန် လိုအပ်သလို၊ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူအများစုကဲ့သို့ နေအိမ်အတွင်း၌သာ နေထိုင်ခြင်း မရှိဘဲ ကိုဗစ်-၁၉ တိုက်ဖျက်ရေးလုပ်ငန်းတွင် ရှေ့တန်းမှ တိုက်ပွဲဝင်နေကြရသည့် ဆရာဝန်နှင့် သူနာပြုများ အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ ဝန်ထမ်းနှင့် ပုဂ္ဂလိက ဝန်ထမ်းများအတွက် သီးခြားခံစားခွင့်၊ သက်သာခွင့်များနှင့် လူနာကြောင့် Quarantine ဝင်ရသည့်အချိန်၌ ရပိုင်ခွင့်များကို အထူးအလေးထား စီစဉ် လုပ်ဆောင်ပေးခြင်းအားဖြင့် ကိုဗစ်-၁၉ တိုက်ဖျက်မှုကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

### ယှဉ်တွဲနေထိုင်လုပ်ကိုင်ခြင်း

ကမ္ဘာ့ကပ်ရောဂါဖြစ်သော ကိုဗစ်-၁၉ ကို အမြစ်ပြတ်အောင် ချေမှုန်းတိုက်ဖျက်နိုင်မည့်အချိန်ကို မျှော်မှန်း၍ မရနိုင်သေးသောကြောင့် နိုင်ငံ့စီးပွားရေး ပြိုလဲမသွားစေရန်နှင့် ပြည်သူတို့၏ စားဝတ်နေရေး အခက်အခဲများ ဆိုးရွားစွာဖြစ်ပေါ်လာခြင်း မရှိစေရန်အတွက် ကိုဗစ်-၁၉ကင်းစင်မှုမရှိသေးသည့် ကာလတစ်လျှောက်လုံးတွင် ကိုဗစ်-၁၉ နှင့်အတူ ယှဉ်တွဲနေထိုင် လုပ်ကိုင်နိုင်ကြမည့် စနစ်ကျသော အစီအမံများ (Living with ကိုဗစ်-၁၉ Situation, Working with ကိုဗစ်-၁၉ Situation, Learning with ကိုဗစ်-၁၉Situation...စသည်များ)ကို သက်ဆိုင်ရာ အကြံပေးပညာရှင်ကြီးများ၊ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းတိုင်ပင် ရေးဆွဲချမှတ် လုပ်ဆောင်သွားရန်အတွက်လည်း နိုင်ငံတော်အစိုးရအား တိုက်တွန်းအပ်ပါသည်။ ။



ကိုရိုနာဗိုင်းရပ်စ်ကို တွေ့မြင်ရစဉ်

**"မြန်မာနိုင်ငံ၏ လက်ရှိ ပျမ်းမျှအပူချိန်နှင့်စိုထိုင်းဆမှာ မြင့်မားနေသဖြင့် အအေးဓာတ်မြင့်မားပြီး စိုထိုင်းဆနိမ့်သော ဥရောပတိုင်းပြည်များမှာကဲ့သို့ ကူးစက်ပြန့်ပွားမှု မြန်ဆန်များပြားခြင်းမရှိနိုင်ဟု ယေဘုယျအားဖြင့် ခန့်မှန်းရသည်။ သို့ရာတွင် လူတချို့၏ မဆင်မခြင် နေထိုင်၊ ပြုမူ၊ လှုပ်ရှား၊ ထိတွေ့ ပတ်သက်မှုများကြောင့် မဖြစ်သင့်ဘဲဖြစ်လာနိုင်သည့် ကိုဗစ်-၁၉ ကူးစက်မှု ကျယ်ပြန့်လာနိုင်ခြင်းကို သတိပြုကြလျက် လူစုလူဝေးကို ရှောင်ရှားပြီး တစ်ကိုယ်ရေ သန့်ရှင်းမှုကို အထူးအလေးထား လုပ်ဆောင်ကြရမည်ဖြစ်သည်။"**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် PTTEP မှ အမေရိကန်ဒေါ်လာသုံးသောင်း ပံ့ပိုးကူညီ

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် PTTEP မြန်မာ့စီမံကိန်းက မေလနောက်ဆုံးပတ်တွင် အမေရိကန်ဒေါ်လာ ၃၀ ၀၀၀ ပံ့ပိုးကူညီခဲ့ကြောင်း PTTEP မြန်မာ့စီမံကိန်း၏ အထွေထွေမန်နေဂျာ Mr.Pyia Suk-humpa numet ထံမှ သိရသည်။

"ဒီလှူဒါန်းမှုဟာ သက်ဆိုင်ရာပြည်သူ့ဆေးရုံတွေမှာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ဖို့နဲ့ကုသမှု ပေးနိုင်ဖို့လိုအပ်တဲ့ ဆေးအထောက်အကူပစ္စည်းများကို ထောက်ပံ့ပေးတာဖြစ်ပြီး ကျွန်တော်တို့လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေတဲ့ဝန်းကျင်အနီးက အသွားအလာကန့်သတ်ထားတဲ့ Facility Quaratine Centre များအတွက်ပါ လှူဒါန်းခြင်းဖြစ်ပါတယ်။ အစိုးရဌာနများနဲ့ အရပ်ဘက်အဖွဲ့အစည်းများကြိုးစားအားထုတ်မှုကို တွေ့မြင်ရတာကြောင့် အခုလိုထောက်ပံ့ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ PTTEP မြန်မာ့စီမံကိန်းအနေနဲ့နိုင်ငံတော်နဲ့ တစ်တပ်တစ်အားဆက်လက်ပူးပေါင်းသွားမှာပါ"ဟု Mr.Pyai Sukhumpanu ment ပြောကြားသည်။



ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် PTTEP မှ ငွေလှူဒါန်းစဉ်။

ရန်ကုန်မြို့ ဝေဘာဂီ မြောက်ဥက္ကလာပ ဆေးရုံတွင် မေ ၂၁ ရက်က PTTEP မြန်မာ့စီမံကိန်းမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများဘေးကင်းလုံခြုံရေးအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကို ထည့်ဝင်လှူဒါန်းခဲ့ပြီး PTTEP မြန်မာ့ စီမံကိန်းတည်ရှိရာ တနင်္သာရီတိုင်းဒေသကြီး နယ်မြေခံတပ်မတော်ဆေးရုံသို့ ဆေးဝါးအသုံးအဆောင်ပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၇၀၀၊ ကန်ဘောက်ဒေသနှင့် ထားဝယ် မြို့နယ်တို့ရှိ ကိုဗစ်-၁၉ ကန့်သတ်စောင့်ကြပ်ကြည့်ရှုနေရာများအတွက် အမေရိကန်ဒေါ်လာ ၂၄၀၀ နှင့် ကန်ဘောက်ဒေသအတွက် ဆန်အိတ်များဝယ်ရန် အမေရိကန်ဒေါ်လာ ၂၀၀၀ တို့ကို ထောက်ပံ့ခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးများပြတ်တောက်မှုမရှိစေရန်နှင့် PPE ဝတ်စုံများ၊ အပူချိန်တိုင်းကိရိယာ၊ ဆေးရုံသုံး နှာခေါင်းစည်းများ၊ ဆီလီကွန်လက်အိတ်များနှင့် လက်သန့်စင်ဆေးများအတွက် အမေရိကန်ဒေါ်လာ ၂၂၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။ တစ်ဖန် ဖျာပုံမြို့နယ်အတွင်းရှိ ဒေါ်ငြိမ်း၊ ကမာ၊ ကျုံကဒွန်းနှင့်ကနီ ကျေးရွာတို့ရှိ ဆေးရုံတို့၌ အသုံးပြုနိုင်ရန် နှာခေါင်းစည်းနှင့် လက်အိတ်များအတွက် အမေရိကန်ဒေါ်လာ ၁၂၅၀ ကို လှူဒါန်းခဲ့ပြီး မကွေးတိုင်းဒေသကြီး သရက်မြို့နယ်ပြည်သူ့ဆေးရုံသို့ အမေရိကန်ဒေါ်လာ ၁၂၀၀ နှင့်သရက်ခရိုင်အုပ်ချုပ်ရေးဦးစီး ဌာနသို့ အမေရိကန်ဒေါ်လာ ၁၈၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဆိုင်ရာဆေးပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

PTTEP အနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျေးလက်ဒေသအချို့တွင် အခြေခံကျန်းမာရေးဝန်ဆောင်မှုကို အခမဲ့ပေးနိုင်ရန်ရည်ရွယ်၍ ရွေ့လျားကျန်းမာရေးစစ်ဆေးမှု စီမံကိန်းကို ပြည်တွင်း ကျန်းမာရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ-ပီတီတီအီးပီ**

## မကွေးမြို့ ရပ်ကွက်လေးခုမှ ဝင်ငွေနည်းမိသားစု ၆၀၀ကျော်အတွက် စားသောက်ကုန်များလှူဒါန်း

**မကွေး မေ ၂၉**

မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းက မကွေးမြို့ ရပ်ကွက်လေးခုမှ ဝင်ငွေနည်းမိသားစု ၆၃၅ စုအတွက် စားသောက်ကုန် လှူဒါန်းမှုများကို ယနေ့ မေ ၂၉ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။



မကွေးမြို့၌ ဝင်ငွေနည်းမိသားစုများအား စားသောက်ကုန်များ လှူဒါန်းစဉ်။

မကွေးမြို့ပေါ်ရှိ အောင်ရတနာရပ်ကွက်မှ အိမ်ထောင်စု ၁၀၀၊ အောင်ချမ်းသာရပ်ကွက်မှ အိမ်ထောင်စု ၁၀၀၊ အောင်မေတ္တာရပ်ကွက်မှ အိမ်ထောင်စု ၃၀၀၊ အောင်မင်္ဂလာရပ်ကွက်မှ အိမ်ထောင်စု ၁၃၅စု၊ စုစုပေါင်း အိမ်ထောင်စု ၆၃၅ စုတို့ထံ အိမ်တိုင်ရာရောက် လှူဒါန်းသည်။

"ကိုဗစ်ကာလမှာ ဝင်ငွေနည်းမိသားစုတွေ အခက်အခဲဖြစ်နေမှာပဲဆိုပြီး အသင်းက စုစည်းလှူဒါန်း ဖြစ်တာပါ။ နောက်လည်း ဒီလို လိုအပ်နေတဲ့မိသားစုတွေကို ဆက်လှူဦးမှာပါ" မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။

အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၆၁၀၀ တန်ဖိုးရှိ ဆန် တစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲ ၇၀ကျပ်သား၊ ပဲထောပတ် ၅၀ ကျပ်သား၊ ကြက်သွန်နီ ၅၀ ကျပ်သားနှင့် ဆပ်ပြာ တစ်ထုပ်တို့ကို လှူဒါန်းပေးခဲ့ပြီး လှူဒါန်းမှုတန်ဖိုးမှာ ကျပ်ငွေ ၃၈၇၃၅၀၀ ဖြစ်သည်။

**ဇေယျာတု(မကွေး)**

## ကံမမြို့နယ် သစ်မယ်ဇီကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများလှူဒါန်း

**ကံမ မေ ၂၉**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် မြစ်ချောင်းအင်းအိုင်များနှင့်အလှမ်းကွာဝေးပြီး မြေအောက်ရေတူးဖော်ရန်ခက်ခဲသည့် ရေရှားပါးသော ကျေးရွာများအနက် သစ်မယ်ဇီကျေးရွာမှ ပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ ဝန်ထမ်းများပူးပေါင်း၍ သောက်သုံးရေဂါလန် ၃၄၀၀ ကို ယမန်နေ့ ညနေက အဆိုပါကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ သစ်မယ်ဇီကျေးရွာတွင် ပေ ၁၀၀ ပတ်လည် အနက် ၆ ပေ ရှိသော မြေသားမိုးရေလှောင်ကန် နှစ်ကန်ရှိသော်လည်း ယမန်နှစ်က မိုးနှောင်းကာလတွင် မိုးရွာသွန်းမှုနည်းပါးခဲ့ရာ မိုးရေလှောင်ကန်များအတွင်း ရေအပြည့်အဝ မရရှိခဲ့ခြင်းကြောင့် ရေများလျော့နည်း ရှားပါးခဲ့သည်။ အဆိုပါကျေးရွာတွင် အိမ်ခြေပေါင်း ၁၂၈ အိမ်နှင့် လူဦးရေ ၅၅၉ ဦး နေထိုင်လျက်ရှိပြီး ယခုကဲ့သို့ လှူဒါန်းခဲ့သည့် သောက်သုံးရေများအား ရွာဦးဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ အုတ်ရေကန်များတွင် သိုလှောင်ပြီး ထိုမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်စေရန် ကျေးရွာသူကျေးရွာသားများအား စနစ်တကျဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးသူရရှိန်၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**


သစ်မယ်ဇီရွာ၌ သောက်သုံးရေများ လှူဒါန်းစဉ်။

## သောက်ရေအခက်အခဲဖြစ်ပေါ်နေသော ရေနောက်အိုင်ကျေးရွာသို့ ရေဂါလန် ၁၆၀၀ လှူဒါန်း

**ဟိုင်းကြီးကျွန်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာအုပ်စုရှိ သောက်ရေ အခက်အခဲဖြစ်ပေါ်နေသော ရေနောက်အိုင်ကျေးရွာသို့ မေ ၂၈ ရက်က မီးသတ်တပ်ဖွဲ့နှင့် အလှူရှင်များက သောက်ရေဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ရေနောက်အိုင်ကျေးရွာသည် ဟိုင်းကြီးကျွန်းမြို့အနီး ပုသိမ်-မော်တင်ကားလမ်းဘေးတွင်တည်ရှိပြီး အိမ်ခြေ ၁၄၄အိမ်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ကြောင်းသိရသည်။ သောက်ရေကို ကျေးရွာအတွင်း ရေတွင်း တူးဖော်ကာ အသုံးပြုကြပြီး သုံးရေကိုသောက်သုံးရန်အဆင်မပြေသော ကန်ရေကိုသာ အသုံးပြုကြကြောင်း သိရှိရသည်။ နှစ်စဉ် ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ရောက်ရှိလာသည်နှင့် ရွာအတွင်းရှိသောက်ရေတွင်းများက ရေများခန်းခြောက်ကုန်ပြီး သောက်ရေအခက်အခဲတွေ့ရကြောင်း သိရသည်။

"ကျေးရွာအတွင်းရှိ သောက်ရေတွင်းများက ရေများခန်းခြောက်သွားတဲ့နောက်ပိုင်း မိုးမကျမီကာလအတွင်း သောက်ရေကိုဝယ်ယူခြင်း၊ အလှူရှင်များက လာရောက်လှူဒါန်း ပေးခြင်းဖြင့်လည်းကောင်း သုံးစွဲကြရကြောင်း၊ မေ ၂၈ ရက်နေ့တွင် မမျှော်လင့်ဘဲ ဟိုင်းကြီးကျွန်းမြို့ မီးသတ်ဦးစီးဌာနက သောက်ရေဂါလန် ၈၀၀နှင့် အလှူရှင်ကိုအာကာက လှူဒါန်းသည့် သောက်ရေ ဂါလန် ၈၀၀ ရောက်ရှိလာသည့်အတွက် သောက်ရေအခက်အခဲကို ရက်အတန်ကြာ ဖြေရှင်းထားနိုင်ပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ပင်လောင်းမြို့နယ်အတွင်း ရေရှားပါးကျေးရွာများသို့ သောက်ရေလှူဒါန်း

**နောင်တရား မေ ၂၉**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လွယ်မောကျေးရွာအုပ်စု ပေါ့ခင်ကျေးရွာ၌ သောက်သုံးရေရှားပါးလျက်ရှိသောကြောင့် နောင်တရားမြို့အနီးတစ်ဝိုက်ရှိသောက်သုံးရေဖူလုံမှုရှိနေသော ကျေးရွာများက အဆိုပါကျေးရွာသို့ မေ ၂၉ ရက်တွင်မော်တော်ယာဉ် ရှစ်စီးဖြင့် သောက်သုံးရေ ဂါလန် ၁၀၀၀၀ ကျော် သွားရောက်လှူဒါန်းသည်။

ပေါ့ခင်ကျေးရွာတွင် အိမ်ခြေပေါင်း ၁၅၀ ကျော်ရှိပြီး အိမ်ထောင်စုပေါင်း ၁၆၀ ကျော်နှင့် ကျွဲနွားများလည်း မွေးမြူထားသည့်အတွက် သောက်သုံးရေများ ရှားပါးလျက်ရှိသည်။ အဆိုပါကျေးရွာမှ သွယ်ယူထားသည့် စိမ့်စမ်းရေမှာ ထွက်ရှိမှုမရှိသဖြင့် ပေါ့ခင်ကျေးရွာသို့ သောက်သုံးရေလှူနိုင်ရေးအတွက် လွယ်ဘောင်းဘုန်းတော်ကြီးကျောင်းဒကာများနှင့် နောင်တရားမြို့အနီးတစ်ဝိုက်ရှိကျေးရွာများက နောင်ပီကျေးရွာအုပ်စု ထီရီးကရင်ရွာမှ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင် လှူဒါန်းပေးနေကြောင်း သိရသည်။

မိုးတွင်းကာလတွင် ထီရီးကရင်ကျေးရွာ တောင်ပေါ်တစ်ဖက်ပိတ်မြေသားရေလှောင်ကန်မှ လေးမိုင်ဝေးသော ပေါ့ခင်ကျေးရွာသို့ ရေပိုက်ဖြင့်သွယ်တန်းပေးပို့နေပြီး နွေရာသီကာလတွင် အဆိုပါတောင်ပေါ်ရေလှောင်ကန်မှာ ခန်းခြောက်သွားသည့်အတွက် ရေရောက်ရှိခြင်း မရှိကြောင်း သိရသည်။ နွေရာသီကာလတွင် ထီရီးကရင်ကျေးရွာ၌ ကမ္ဘောဇ အနာဂတ်အလင်းတန်းမှ တူးဖော်လှူဒါန်းသည့် မြေအောင်ရေစက်ရေတွင်းမှ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ပေါ့ခင်ကျေးရွာသည် အိမ်ထောင်စုများပြားပြီး လူဦးရေများခြင်းကြောင့် နွေရာသီတွင် စိမ့်စမ်းရေထွက်ရှိခြင်းမရှိသည့်အတွက် မြေအောက်ရေထုတ်ယူအသုံးပြုနိုင်ရေး စက်ရေတွင်းအလှူရှင် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ခွန်အောင် (နောင်တရား)**

# သဘာဝဘေး၊ ကျေးလက်နှင့် လျှပ်စစ်အန္တရာယ်

**မင်းအိမ်သစ်(ရွာသစ်ကြီး)**

တစ်ညလုံးနီးပါးမျှ မိုးက အဆက်မပြတ် ရွာနေသည်။ နံနက်ရောက်သော်လည်း မိုးသည် ရပ်တန့်မသွားဘဲ သည်းနေ၏။ မိုးရာသီ မဟုတ်သော်လည်း ရွာသွန်းနေသည်ကား လွန်လွန်းသည်ဟု ဆိုချင်သည်။ မိုးက တစိမ့်စိမ့် ထပ်ရွာလိုက်သောအခါ အေးခြင်းသည်ကား ဆိုဖွယ်ရာမရှိ။ အိပ်ရာထဲမှ ကုန်းရုန်းထရ၏။ အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးတို့ကို ပွတ်သပ်လျက် မျက်နှာသစ်လိုက်သည်။ လက်တစ်ဖက်ဖြင့် ရေခွက်ကိုင်ကာ မိုးရေတို့ကို ထပ်ခံ၏။ မျက်နှာကို ရေဖြင့် ထပ်သစ်၏။ ပလုတ်ကျင်းနေသည့်အချိန် မြင်ကွင်းတစ်ခုကြောင့် ထိတ်လန့်သွား၏။




ကျွန်ုပ်အိမ်မှ နှစ်အိမ်ကျော်ရှိ သစ်ကိုင်းကြားတွင် မီးတောက်တစ်ခုကို တွေ့ရ၏။ မျက်လုံးကို သေချာပွတ်ကြည့်လိုက်သောအခါ သစ်ကိုင်းကြားရှိ လျှပ်စစ်ဝိုင်ယာကြိုးသည် မီးခိုးများအူ၍ မီးထတောက်နေ၏။ "တဖောင်းဖောင်း တရှီးရှီး" အသံများကြောင့် အိမ်အနီးအနားရှိ လူများကို နှိုးကာ သတိပေးရတော့၏။

လျှပ်စစ်ရုံးတာဝန်ရှိသူထံ ဖုန်းဆက်၏။ တာဝန်ရှိ လျှပ်စစ်ဝန်ထမ်းများဆီသို့ ဖုန်းထပ်ဆက်ပြန်၏။ ဆက်၍ မရဘဲ ဖြစ်နေ၏။ နောက်ဆုံး ရွာက စေတနာ့ဝန်ထမ်း လူငယ်တစ်ဦးထံ ဆက်သောအခါမှ ရတော့၏။ ခဏအကြာတွင် ဆိုင်ကယ်ဖြင့် ရောက်ရှိလာ၏။ ရောက်ရောက်ချင်းပင် အခြေအနေကြည့်လျက် ပလာယာတစ်လက်ဖြင့် ဓာတ်တိုင်ပေါ် တက်လေသည်။

မိုးတဖွဲဖွဲကြားကပင် တာဝန်သိ လူငယ်လေးသည် ဓာတ်တိုင်ပေါ်မှ ရှော့ဖြစ်နေသော ကြိုးကို ခဲရာခဲဆစ် ဖြုတ်နေရှာသည်။ ကြိုးများစွာ ရှုပ်ထွေးနေသည့်ကြားမှ ရှော့ဖြစ်နေသော ကြိုးကို ပလာယာဖြင့် သတိကြီးစွာ ကိုင်တွယ် ဖြေရှင်းနေရပါသည်။ ဓာတ်တိုင်အောက်မှ အပေါ်ကို ငေးနေသော ကျွန်ုပ်တို့ကား ဇောချွေးပြန်နေ၏။ ၅ မိနစ်ခန့်ကြာသော် “ရသွားပြီ” ဟူသည့် တုံ့ပြန်သံကြားမှ စိတ်အေးခဲ့ရသည်။

## ကြီးမားသော အန္တရာယ်

သေချာစစ်ဆေးကြည့်လိုက်သောအခါ ဆားဗစ်ကြိုးသည် ပေါက်ပြဲ၍ မိုးရေဝင်ကာ ရှော့ဖြစ်သွားခြင်းပင် ဖြစ်သည်။ အချိန်မီ သိရှိလိုက်ရသည့်အတွက် ကံကောင်းသည်ဟု ဆိုရမည်။ ထိုသစ်ပင်အနီးတွင် နွားတင်းကုပ်လည်း ရှိသည်။ မိုးရွာထားသဖြင့် မြေကြီးတို့သည် စိုစွတ်နေ၏။ လျှပ်စစ်စီးဝင်နေသော ဓာတ်ကြိုးသည် မြေပြင်ပေါ်ရှိ ဗွက်အိုင်ပေါ်သို့ ပြုတ်ကျသွားပါက မတွေးဝံ့စရာပင် ဖြစ်သည်။ စိုစွတ်နေသောနေရာများသို့ ဓာတ်ကြိုးပြုတ်ကျ၍ လျှပ်စီးကူးသွားပါက အနီးအနားတစ်ဝိုက်ရှိ လူနှင့်တိရစ္ဆာန်တို့အတွက် ကြီးမားသော အန္တရာယ်ပင် ဖြစ်ပါသည်။ လက်မတင်ကလေး အသိမြန်ခဲ့၍သာ အားလုံး ဘာမျှမဖြစ်ခဲ့ပေ။

စေတနာ့ဝန်ထမ်းစိတ် အပြည့်ရှိသော လူငယ်လေးအား အလွန်ကျေးဇူးတင်နေမိပါသည်။ တာဝန်သိသူတစ်ယောက်၏ လုပ်ရပ်လည်း ဖြစ်ပါသည်။ သူ၏ စိတ်ဓာတ်ကို လေးစားမိပါ၏။ တစ်နည်းဆိုရသော် အသက်ပေါင်းများစွာကို ကယ်တင်လိုက်ခြင်းပင် ဖြစ်ပါသည်။ ကြိုး၏ ရှော့ဖြစ်သောနေရာ ထိပ်စ နှစ်ဖက်သည်လည်း မည်းညစ်သွား၏။ ပြန်လည် အသုံးပြုရန် မဖြစ်နိုင်သည့် အနေအထားပင် ဖြစ်သည်။

## နောက်ဆက်တွဲဆိုးကျိုး

လျှပ်စစ်ဝန်ထမ်းတချို့၏ ပြောကြားချက်အရ ကျွန်ုပ်တို့ကျေးရွာတွင် သုံးရန်မသင့်သည့် အိမ်သုံးဝိုင်ယာကြိုးများစွာရှိကြောင်း ကြားသိရပါသည်။ လျှပ်စစ်ဝန်ထမ်းများဘက်ကလည်း ကြိုးများကို ချက်ချင်းလဲလှယ်ရန် အိမ်ရှင်များကို ပြောပြသော်လည်း မလိုက်နာခဲ့ကြပါ။ ဆက်၍ သုံးလျှင် မီးလင်းသည်၊ ရသည်ဟု ထင်ခဲ့ကြပါသည်။ အပိုငွေကုန်သည်ဟု မှတ်ယူကာ မနှမြောသင့်သည်ကို နှမြောခဲ့ကြသည်။ နားလည် တတ်ကျွမ်းသော ပညာရှင်များ၏ စကားကို လျစ်လျူရှုခဲ့ကြသည်။ နောက်ဆက်တွဲဆိုးကျိုးကိုကား ကျုပ်တို့ မမြင်နိုင်ခဲ့ကြ၊ မတွေးခဲ့ကြပါ။

## တိုက်တွန်းနှိုးဆော်ရမည်

ဤကဲ့သို့ မိုးရွာ လေတိုက်ချိန်တွင် ဓာတ်ကြိုးပြတ်ကျ၍ ရှော့ဖြစ်သေဆုံးခဲ့ရသော ကျေးလက်နေပြည်သူများ မည်မျှရှိနေသည်ကို ဂရုပြုသင့်ပြီ။ စံချိန်မမီသော ဆွေးမြည့်ဟောင်းနွမ်းနေသော လျှပ်စစ်ကြိုးများကို အချိန်မီ လဲလှယ်ကြရန် မိမိပတ်ဝန်းကျင်ကို တိုက်တွန်းနှိုးဆော်ရမည်။ မိမိနားမလည်သည်ရှိသော် တာဝန်ရှိ ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းတို့အား စစ်ဆေးခိုင်းရပါမည်။ မဆင်မခြင် သတိလွတ်သုံးစွဲခြင်းတို့ကြောင့် နေအိမ်မီးလောင်သည်အထိ ဖြစ်ခဲ့ရသော သတင်းတို့ကိုလည်း အကြိမ်ကြိမ် မြင်တွေ့နေရပါသည်။ လူ့အသက်ထက် မည်သည့်အရာက ပို၍ တန်ဖိုးရှိပါသနည်း။ အလေးပေးစဉ်းစားကြရန် အထူးလိုအပ်လှသည်။

ကျွန်ုပ်တို့ ကျေးလက် တောရွာတစ်ဝိုက်တွင် သစ်ပင်နှင့် ဓာတ်ကြိုးတို့ ရောယှက်နေသည့် အနေအထားများစွာကို မြင်တွေ့နေရပါသည်။ အချို့သော သစ်ပင်ကြီးများသည် ရှေးယခင်ကတည်းက စိုက်ပျိုးထားသည့် အပင်များ ဖြစ်သဖြင့် အလွန်ပင် ကြီးမားပါသည်။ သစ်ပင်တစ်ပင် ဖြစ်ရန်သည်လည်း နှစ်ပေါင်းများစွာ စောင့်ဆိုင်းရ၏။ အရိပ်ရသစ်ပင်များဖြစ်သည့်အတွက် ခုတ်ပစ်ရန်သည်လည်း အလွန်ပင် နှမြောမိသည်။

## နှမြောနေ၍ မဖြစ်

လျှပ်စစ်ကြိုး သွယ်တန်းဧရိယာအတွင်း၌ ကျရောက်နေသော သစ်ပင်တို့သည်ကား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် နှမြောနေ၍ မဖြစ်ပါ။ မဖြစ်မနေ ရှင်းလင်းခုတ်သင့်ပေသည်။ သို့သော် နောက်ထပ် အသစ်ထပ်တိုးမည့် မီးကြိုးလိုင်းများကို သစ်ပင်ကြီးများနှင့် လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းကို စဉ်းစားကြရပါမည်။

ယခင်က ကျွန်ုပ်တို့ရွာအဝင် လမ်းမသည် တမာ၊ ကုက္ကို စသည်တို့ တစ်ပင်နှင့်တစ်ပင် သိုင်းယှက်ကာ ကြည့်၍ အလွန်ကောင်းသော ရွာတစ်ရွာ ဖြစ်ခဲ့သည်။ ရွာအဝင်လမ်းသည် ထိုသစ်ပင်တို့ကြောင့် စိမ်းစိုသာယာခဲ့ပါ၏။ သို့ရာတွင် လျှပ်စစ်မီးကြိုးအသစ်၊ မီးတိုင်အသစ်များ သွယ်တန်းရောက်ရှိလာသောအခါ ဓာတ်ကြိုးနှင့်မလွတ်သည့် သစ်ကိုင်းတို့ကို ခုတ်ထွင် ရှင်းလင်းရ၏။ အချို့အပင်ကြီးများသည် မီးကြိုးနှင့် မလွတ်သောကြောင့် အပင်လုံးလိုက် အမြစ်ပါမကျန် ခုတ်ပစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရသည်။

တစ်ဖက်ကကြည့်သော် လျှပ်စစ်မီးကောင်းစွာ ရရှိရေးအတွက် ကျွန်ုပ်တို့ရွာသည် ဤသစ်ပင်တို့ကို ပေးဆပ်လိုက်ရသကဲ့သို့ ဖြစ်နေပါ၏။ ခေတ်အဆက်ဆက် ပြုစုစိုက်ပျိုး၍ ရှင်သန်လာသော နှစ်ရှည်ပင်ကြီးများကို မိမိတို့တောရွာ လျှပ်စစ်မီးရရှိရေး၊ မီးလင်းရေးအတွက် စတေးလိုက်ရသည်မှာ ဖြစ်သင့်ပါ၏လော။ တခြားနည်းလမ်းဖြင့် သွယ်တန်းသော နည်းစနစ်သည်ကား မရှိဆိုသည်ကား မဖြစ်နိုင်။ ရှိကောင်း ရှိပါလိမ့်မည်။ ကျွန်ုပ်စိတ်ထဲတွင် သစ်ပင်ကြီးများအတွက် စိတ်မကောင်းရုံမှလွဲ၍ မည်သို့မျှ မတတ်နိုင်ခဲ့ပါ။

လျှပ်စစ်မီးကြိုးသည် သစ်ပင် ခေါင်မိုးတို့ဖြင့် ထိကပ်နေလျှင် အန္တရာယ်ရှိမှန်း လူတိုင်းနီးပါးမျှ သိကြပါ၏။ အဘယ့်ကြောင့် သစ်ပင် အနီးတစ်ဝိုက်ကို ရွေးချယ်ကာ သွယ်တန်းနေကြပါသနည်း။ ကျွန်ုပ်၏ စိတ်၌ ဘဝင်မကျဖြစ်ရသည်။ တချို့က ကားလမ်းမ လမ်းရိုးအတိုင်း သွယ်တန်းခြင်းဖြစ်သည်ဟုလည်း ပြောကြသည်။ အမြန်ဆုံးရောက်ရှိနိုင်သော နည်းလမ်းကို အသုံးပြုသည်ဟုလည်း ဆိုကြသည်။ ကျွန်ုပ်သည်ကား စဉ်းစား၍မရ ဖြစ်နေပါသည်။ ကျွန်ုပ် ဉာဏ်နည်းခြင်းသည်လည်း ဖြစ်နိုင်ပါ၏။ လုပ်ဆောင်သူတို့တွင်လည်း ဖြေရှင်းမရနိုင်သော အခက်အခဲပေါင်းများစွာ ရှိကောင်း ရှိပါလိမ့်မည်။

## မရှိမဖြစ်ကဏ္ဍ

သို့သော် အညာကျေးလက်၌ အရိပ်ရ သစ်ပင်ကြီးများသည်ကား အလွန်ရှားပါးလာသည်။ တခြားနည်းလမ်းသစ်တစ်ခုကို ရှာဖွေသင့်သော အချိန်ကား ရောက်ရှိနေပါပြီ။ ကမ္ဘာကြီး၏ ဂေဟစနစ် မှန်ကန်စေရန် ဤသစ်ပင်တို့သည် လိုအပ်လျက်ရှိ၏။ လူသားတို့၏ လူမှုဘဝတိုးတက်ရေး၊ ခေတ်မီရေးအတွက် လျှပ်စစ်မီးသည်လည်း မရှိမဖြစ်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေသောကြောင့် အားလုံးသည် အရေးပါပေသည်။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာသော အခြေအနေတစ်ခု ဖန်တီးလုပ်ဆောင်လျှင် ပို၍ သင့်လျော်မည်ဟု ထင်ပါသည်။

လျှပ်စစ်ကဏ္ဍ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အနေဖြင့်လည်း ကျေးလက်နေပြည်သူတို့ နားလည်စေရန် လျှပ်စစ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများလုပ်ပေးသည်ဟု ဆိုသော်လည်း ဒီထက်ပို၍ များစွာ လုပ်ဆောင်ရန် လိုအပ်ပါသည်။ သက်စွန့်ဆံဖျား ဓာတ်တိုင်ပေါ်တက်၍ လျှပ်စစ်မီးသွယ်တန်းပေးနေသော လျှပ်စစ်ဝန်ထမ်းများကိုလည်း ကိုယ်ချင်းစာပါ၏။ ပညာရှင်များကိုလည်း လေးစားပါ၏။ သို့သော် ကျေးလက်တောရွာများတွင် လျှပ်စစ်ဝန်ထမ်း လုံလုံလောက်လောက် မရှိခြင်းသည်လည်း အခက်အခဲတစ်ခု ဖြစ်သည်။ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာသောအခါ ရောက်မလာနိုင်သည့် ဝန်ထမ်းတို့ကိုလည်း မကြာခဏ ကြုံတွေ့နေရပါသည်။ ဤအခက်အခဲကိုလည်း ထည့်သွင်း စဉ်းစားသင့်ပေသည်။

## စေတနာ့ဝန်ထမ်း

လျှပ်စစ်မီးကြိုးသွယ်တန်းခြင်း၊ လျှပ်စစ်မီးတိုင်ပေါ်တက်ခြင်းတို့ကို သက်ဆိုင်ရာလက်မှတ်ရသည့် ဝန်ထမ်းတို့သည်သာ လုပ်ဆောင်ခွင့်ရှိသည်ဟု သိရှိရသည်။ ကျေးလက်ဒေသများတွင် နိုင်ငံတော်က ခန့်ထားခြင်းမရှိသော၊ အသိအမှတ်မပြုသော လျှပ်စစ်ကျွမ်းကျင် စေတနာ့ဝန်ထမ်းများလည်း ရှိကြပါသည်။ ၎င်းတို့သည် လက်မှတ်မရရှိသော်လည်း လျှပ်စစ်နှင့်ပတ်သက်လျှင် ကျွမ်းကျင်လုပ်သားများဖြစ်ကြပါသည်။ ရပ်ကွက်အရေးနှင့်ပတ်သက်လာလျှင် ထိုသူတို့သည် ကူညီလုပ်ဆောင်ပေးချင်ကြ၏။ သို့သော် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကြောင့် လျှပ်စစ်နှင့်ပတ်သက်သည်တို့ကို ကိုင်တွယ်ခွင့် မရကြပေ။ သဘာဝဘေးကြောင့် လျှပ်စစ်အန္တရာယ်အရေးပေါ် ဖြစ်ပေါ်လာပါက လက်မှတ်မရှိသောကြောင့် ဖြေရှင်းခွင့်မရ ဖြစ်နေခဲ့ရပါသည်။ တာဝန်သိစိတ်ပင် ရှိသော်လည်း မလုပ်ဆောင်ရဲကြပါ။

လျှပ်စစ်ဝန်ထမ်းနည်းပါးသော ကျေးရွာများတွင် ထိုပြဿနာကို အများဆုံးတွေ့ရှိရပါသည်။ ကျေးရွာမီးကော်မတီတွင် ထိုသို့သောသူများကို ခန့်အပ်ထားပေးရန် လိုအပ်ပါသည်။ အသိအမှတ်ပြုပေးသင့်သည်ဟုလည်း ထင်မြင်မိပါသည်။

## ဆွေးနွေးတိုင်ပင်သင့်

ယခု ကျွန်ုပ်တို့ကဲ့သို့ ရုတ်တရက် ဖြစ်စဉ်တစ်ခု (သို့မဟုတ်) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်သည့်အခါ ၎င်းတို့ အနီးအနားရှိနေသည့်အတွက် ဖြေရှင်းနိုင်ခဲ့သည်မှာ လက်တွေ့သာဓကပင် ဖြစ်သည်။ ကျေးရွာမီးကော်မတီများသည်လည်း တတ်သိပညာရှင်များဖြင့် ဖွဲ့စည်းပါက အလွန်အရေးပါသည့် အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်ပါသည်။ အကောင်းဆုံးဖြေရှင်းနိုင်မည့် နည်းစနစ်၊ အကြံဉာဏ်တို့ကို လျှပ်စစ်ရုံးမှ တာဝန်ရှိ လူကြီးများနှင့် ပူးပေါင်းဆောင်ရွက်ကာ ဆွေးနွေးတိုင်ပင်သင့်ပါသည်။

ထင်မှတ်မထားသော သဘာဝဘေးအန္တရာယ်တို့သည် အချိန်မရွေး ကြုံလာနိုင်ပါသည်။ ကြိုတင်ပြင်ဆင် ပူးပေါင်းကာကွယ်ရမည်မှာ လူသားတိုင်းတွင် တာဝန်ရှိပါသည်။ လျှပ်စစ်နှင့်ပတ်သက်လျှင် အသိပညာ နည်းပါးလှသော ကျွန်ုပ်တို့ ကျေးလက်နေပြည်သူများကို သိရှိနားလည်စေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးစေလိုပါသည်။

## အသိပညာပေးရန် လိုအပ်

မိမိအိမ်တွင် တပ်ဆင်ထားသော မီတာဘောက်သည်ပင် မိမိမပိုင်ဆိုင်ကြောင်း၊ နိုင်ငံတော်မှ ငှားရမ်းထားသည့် ပစ္စည်းဖြစ်ကြောင်း၊ ရောင်းဝယ်ဖောက်ကား၍ မရကြောင်းတို့ကို အသေးစိတ်ကအစ နားလည်စေရန် အသိပညာပေးရန် လိုအပ်ပါသည်။

လျှပ်စစ်သုံးစွဲနည်းများအကြောင်း၊ လျှပ်စစ်မီတာဖတ်နည်း၊ တွက်ချက်နည်းစနစ်များကို ကျေးလက်နေပြည်သူများ သိရှိစေရန် ဆွေးနွေးပွဲများကို မကြာခဏ လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

လျှပ်စစ်နှင့်ပတ်သက်လျှင် ကိုယ်နှင့်မဆိုင်သလို နေတတ်သော ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်နှင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန်အတွက် နည်းလမ်းရှာ၍ ပူးပေါင်းကြိုးပမ်းသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

“ထင်မှတ်မထားသော သဘာဝဘေးအန္တရာယ်တို့သည် အချိန်မရွေး ကြုံလာနိုင်ပါသည်။ ကြိုတင်ပြင်ဆင် ပူးပေါင်းကာကွယ်ရမည်မှာ လူသားတိုင်းတွင် တာဝန်ရှိပါသည်။ လျှပ်စစ်နှင့်ပတ်သက်လျှင် အသိပညာနည်းပါးလှသော ကျွန်ုပ်တို့ ကျေးလက်နေပြည်သူများကို သိရှိနားလည်စေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးစေလို”

# ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ (၈/၂၀၂၀)ညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၈/၂၀၂၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးချုပ် ဦးလှမိုးအောင်က ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အချို့နေရာများ၌ လုပ်ငန်းများကွာဟမှုများရှိနေကြောင်း၊ လုပ်ငန်းများနှင့် ပတ်သက်၍ အခက်အခဲများ၊ ထူးခြားဖြစ်စဉ်များရှိလာပါက တိုက်ရိုက် အကူအညီတောင်းခံနိုင်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က ယခင်အစည်းအဝေးမှတ်တမ်း လုပ်ဆောင်ထားရှိမှုများကို ရှင်းလင်းတင်ပြကာ ထိုင်းနှင့် တရုတ်နိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာကြသူများကို ကြိုဆိုရေးနှင့် အသွားအလာကန့်သတ်မှု ထားရှိဆောင်ရွက်မည့်အခြေအနေများ စသည်တို့ကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက ကော်မတီအလိုက်လုပ်ငန်း ဆောင်ရွက်ချက်များဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။ တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းထွန်းအောင်က လုပ်ငန်းများ ဆောင်ရွက်ထားမှုများ၊ တွဲဖက်အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်းက လှူဒါန်းရရှိသည့် ဆေးပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို မြို့နယ်များသို့ ခွဲဝေပေးသည့်အခြေအနေများ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်ခြောက်ခုမှ အုပ်ချုပ်ရေးမှူးများက လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဝေါမြို့နယ်အတွင်းရှိ ကိုဗစ် - ၁၉ ကာကွယ်ရေး စုပေါင်းစစ်ဆေးရေးဂိတ်၌ လုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှု

**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မေ ၂၇ ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဝေါမြို့နယ် စစ်တောင်းတံတားထိပ်တွင် ဖွင့်လှစ်ထားရှိသည့် ကိုဗစ် - ၁၉ ကာကွယ်တားဆီးရေး စုပေါင်းစစ်ဆေးရေးဂိတ်၌ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မင်းက စုပေါင်းစစ်ဆေးရေးဂိတ်တွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာသီဟက ကျန်းမာရေးဆိုင်ရာ စစ်ဆေးနေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအတွင်း မြဝတီဘက်မှ ဝင်ရောက်လာကြသည့် ပြည်သူများကို တစ်ဦးချင်းစီအလိုက် ကိုဗစ် - ၁၉ နှင့် ပတ်သက်၍ စနစ်တကျကျန်းမာရေးကို အထူးပြုစစ်ဆေးပေးရန်လိုကြောင်း၊ ဝင်ရောက်လာကြသည့် မော်တော်ယာဉ်များနှင့် ခရီးသည်များအားလည်း တိကျစွာမှတ်တမ်း စာရင်းဇယား ယူထားကြရန်လိုကြောင်း၊ စစ်ဆေးမှုပြုလုပ်ရာတွင်လည်း တာဝန်ရှိဝန်ထမ်းများအနေဖြင့် မိမိကိုယ်ကိုယ် ကာကွယ်ဂရုပြုကြရန် လိုအပ်ကြောင်း၊ ထူးခြားဖြစ်စဉ်ရှိခဲ့ပါက သက်ဆိုင်ရာအဖွဲ့အစည်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်တင်ပြရန် လိုအပ်ကြောင်း ညွှန်ကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ အဖွဲ့ခေါင်းဆောင်ထံ နှာခေါင်းစည်းများ၊ လက်အိတ်များနှင့် လက်သန့်ဆေးရည်များကို ထောက်ပံ့ပေးအပ်သည်။(ဝဲပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ကလိခြောက်ထပ်ဆေးရုံအနီးတွင် ဖွင့်လှစ်ထားရှိသည့် ကိုဗစ် - ၁၉ Designated Hospital ဖြစ်သည့် ပဲခူးပြည်သူ့ဆေးရုံကြီး၏ ကိုဗစ် - ၁၉ PUI လူနာများ ထားရှိကုသပေးလျက်ရှိသော Isolation Unit (ကလိ)သို့ သွားရောက်ကြည့်ရှုခဲ့သည်။ **ဟိန်းထက်(ပဲခူး)**

# တနင်္သာရီတိုင်းဒေသကြီး ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ထားဝယ် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၅/၂၀၂၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်ဖြစ်သော စက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်ခြင်းနှင့် ကျန်းမာရေးညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ ကျန်းမာရေး ဌာနများမှ စစ်ဆေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ တာဝန်အရ ခရီးသွားလာနေသော ဝန်ထမ်းများကိုမည်ကဲ့သို့ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းထားရှိမည်နှင့် ကန့်သတ်စောင့်ကြပ်ကြည့်ရှု ထားရှိမည်ဆိုပါက လုပ်ငန်းတာဝန်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင်ထားရှိပြီးအသွားအလာကန့်သတ်ပြီး နေရာများ ကြိုတင်ဆောင်ရွက်ထားရှိရေး ညွှန်ကြားထားကြောင်းနှင့် ယင်းနေရာများကို စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးဌာနက ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း၊ အသွားအလာကန့်သတ်ပြီး ဆောင်ရွက်နေသော စာသင်ကျောင်းများတွင် သန့်စင်ခန်းများလုံလောက်စွာ ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟို ကော်မတီက စေတနာ့ဝန်ထမ်း တင်ပြရန်ကိစ္စနှင့် ပတ်သက်၍ စေတနာ့ဝန်ထမ်းများ၏ အရေအတွက်ကို ကျား၊ မ ခွဲခြားပြီး အချိန်မီ ပြုစုတင်ပြနိုင်ရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက တနင်္သာရီတိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အသက်ရှူအထောက်အကူပြုကိရိယာ လာရောက်လှူဒါန်း

**တောင်ကြီး မေ ၂၉**

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ပြည်နယ်အစိုးရအဖွဲ့ထံသို့ ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ အလှူရှင်များက လာရောက်လှူဒါန်းသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ

ထို့နောက် Ngwe Yi Pa Le ကုမ္ပဏီအုပ်စုက ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ အသက်ရှူအထောက်အကူပြုကိရိယာ ၁၀ လုံး ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က လက်ခံယူ၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ G-Bank မှ ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**မုံရွာ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်- ၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အတွက် G- Bank မှ ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အဆိုပါ G- Bank မှ ငွေကျပ် သိန်း ၅၀ နှင့်ညီမျှသော ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၂ စုံ၊ အပူချိန်တိုင်းကိရိယာ ခြောက်စုံ၊ နှာခေါင်းစည်းဘူး ၁၅၀၊ လက်သန့်ဆေးရည်ဘူး ၅၀၊ ဆေးရုံသုံးလက်အိတ်ဘူး ၅၀ တို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ပစ္စည်းလက်ခံရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်တို့က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ဘုတလင် – မောင်းထောင် လမ်းပေါ်တွင် ကွန်ကရစ်တံတား တည်ဆောက်လျက်ရှိ

**ဘုတလင် ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဘုတလင်–မောင်းထောင် လမ်းပေါ်ရှိ ရေကျော်တွင် ကွန်ကရစ်တံတားတည်ဆောက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနဦးစီးမှူး ဒေါ်သဇင်အောင်ထံက သိရသည်။



အဆိုပါ ကွန်ကရစ်တံတားသည် အလျား ပေ ၃၀၊ အကျယ် ပေ၂၀ ရှိပြီး ကွန်ကရစ်တံတား တည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းများ ပြုလုပ်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။(ဝဲပုံ)

ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းတွင် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် သတ်မှတ်ကာလအတွင်း အရည်အသွေး ပြည့်မီစွာ အချိန်မီ ပြီးစီးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအတွင်း နွေရာသီရေရှားပါးမှု ကြုံတွေ့ရသည့် ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေး

**ပဲခူး ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်း နွေရာသီရေရှားပါးမှု ကြုံတွေ့ရသည့် ကျေးရွာများရှိ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် ကျေးရွာအရောက် သွားရောက်ဖြန့်ဝေမှုများ ပြုလုပ်ပေးလျက်ရှိသည်။


တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း၌ ကဝမြို့နယ် စာဖြူစုကျေးရွာ၊ သနပ်ပင်မြို့နယ် ညဏ်ကျွန်းကျေးရွာတို့တွင် မတ် ၂၂ ရက်မှ ၂၅ ရက်အထိ ရေဂါလန်ပေါင်း ၄၅၀၀ ဖြန့်ဝေပေးခဲ့ပြီး ဧပြီလအတွင်းတွင်လည်း ပဲခူးမြို့နယ် ကလိကျေးရွာ၊ ကဝမြို့နယ် မမောက်ကျေးရွာနှင့် ကန်တော်ကျေးရွာ၊ သနပ်ပင်မြို့နယ် ကျွဲတဲကျေးရွာ၊ ဆယ်ကေကျေးရွာနှင့် သနတ်တန်းကျေးရွာ၊ တောင်ငူမြို့နယ် ကျောက်ပါးစပ်ကျေးရွာနှင့် စပါးလင်ကုန်းကျေးရွာတို့တွင် ဧပြီ ၇ ရက်မှ ၂၅ ရက်အထိ ရေဂါလန်ပေါင်း ၂၇၄၂၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၂၈ ရက်အထိ တိုင်းဒေသကြီးအတွင်း နွေရာသီရေရှားပါးမှုနှင့် ကြုံတွေ့နေရသည့် ပဲခူး၊ သနပ်ပင်၊ ကဝ၊ တောင်ငူ စသည့်မြို့နယ် လေးမြို့နယ် ရှိ ကျေးရွာပေါင်း ၁၀ ရွာမှ အိမ်ခြေ ၂၆၇၇ အိမ်၊ လူဦးရေ ၁၄၄၄၀ တို့အတွက် ရေဂါလန်ပေါင်း ၂၇၈၇၀၀ ဖြန့်ဝေပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID–19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID–19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot–Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID–19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်း စားသောက်ကုန်များ လှူဒါန်းမည်



**ရန်ကုန် မေ ၂၉**

ဒဂုံမြို့သစ် (တောင်ပိုင်း) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်နှင့် ခိုင်နှင်းဝေ ပရဟိတ လူငယ်များအသင်းတို့ ပူးပေါင်း၍ မေ ၃၀ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်း စားသောက်ကုန်များ **(ယာပုံ)** လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

"အခိက က အပြင်ထွက်ပြီး အလုပ်မလုပ်ရတဲ့အတွက် စားဝတ်နေရေး အခက်အခဲရှိတယ်။ ငွေရေးကြေးရေးကလည်း အခက်အခဲဖြစ်ကုန်တယ်။ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သလောက် သူတို့စားဝတ်နေရေးကို ပံ့ပိုးတဲ့သဘောပါပဲ" ဟု ဒဂုံမြို့သစ်(တောင်ပိုင်း) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

အဆိုပါ မြို့နယ်အတွင်းရှိ အိမ်ခြေ ၃၀၀၀ ကျော်ကို မေ ၃၀ ရက် နံနက် ၁၀ နာရီမှစ၍ ဆန်၊ ဆီ၊ ကြက်သွန်၊ ဆား၊ ငါးပိ ထောင်း၊ မြေပဲ၊ ပုစွန်ခြောက်များကို ခိုင်နှင်းဝေ ပရဟိတ လူငယ်များအသင်းနှင့် ပူးပေါင်းကာ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် စက်ရုံ၊ အလုပ်ရုံ အချို့ ရပ်နားထားရခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် ဝင်ငွေနည်းမိသားစုများသည် စားဝတ်နေရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော ကာလဖြစ်သည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)၊**
**ဓာတ်ပုံ - လင်းညွန့်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၆၈၁)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးရဲထွဋ်ဋ္ဌ (ဘ)ဦးတင်ညွန့် ၁၃/တကန(နိုင်)၀၄၅၀၉၅ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဝေယံထွန်း (ဘ)ဦးဝင်းတင့် ၇/ဖမန(နိုင်)၁၃၅၅၇၆ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## အမည်ပြောင်း

ဦးရန်နိုင်စိုး၏သားသမီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အဂ္ဂပါယ်ကိုယ်ပိုင်မူလတန်းကျောင်း တတိယတန်းမှ မောင်လင်းထက်နိုင်အား မောင်ဟောက်ရှန်းလျန်း၊ ဒုတိယတန်းမှ မသင်းသင်းနိုင်အား မကျင်းရှန်းဟွဲကိမ်နှင့် မဖူးပွင့်နိုင်အား မဒိတ်ဒိတ်ကျိန်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟောက်ရှန်းလျန်း၊**
**မကျင်းရှန်းဟွဲကိမ်၊ မဒိတ်ဒိတ်ကျိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/9006 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ပုဂ္ဂလိက(ကော်ဖီ)စိုက်ခင်းလုပ်ငန်းရှင်များအား အသိပေးအကြောင်းကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သစ်တောနယ်မြေ (ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များအတွင်းရှိ ပုဂ္ဂလိကကော်ဖီစိုက်ခင်းများအနက် သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုရန် ကျန်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် သစ်တောဦးစီးဌာနနှင့်စာချုပ်ချုပ်ဆိုနိုင်ရေး အောက်ဖော်ပြပါရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ ၂၀၂၀ ပြည့်နှစ် မေ ၃၁ ရက် နောက်ဆုံးထားပြီး ဆက်သွယ်ဆောင်ရွက်ရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ပုဂ္ဂလိကကော်ဖီစိုက်ပျိုးခွင့် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

- ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ (ဖုန်း-၀၉-၂၀၀၀၄၅၂၊ ၀၂-၄၀၅၈၁၁၇)
- လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ (ဖုန်း-၀၉-၅၀၃၈၃၄၄၊ ၀၈၅-၂၀၂၁၅၃၀)
- ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့(ဖုန်း-၀၉-၉၇၇၄၀၄၁၇၀၊ ၀၉-၇၉၁၀၇၅၅၀၅)

**မန္တလေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

## ရွှေဘိုမြို့၌ ကိုဗစ် - ၁၉ ရောဂါ ပိုးသတ်ဆေးဖျန်း

**ရွှေဘို မေ ၂၉**

ရွှေဘိုမြို့တွင် ကိုဗစ်-၁၉ ကူးစက်မှုမရှိရေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယ မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းထွန်း ဦးဆောင်သော ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့သည် ရွှေဘိုခရိုင် လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ အောင်ဇေယျာ ရွှေဘိုခရိုင်လူမှုကရုဏာရှင်များအသင်းမှ အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အမှတ် (၄) ရပ်ကွက်၊ အနောက်ဈေးရပ်ကွက်ရှိ နေအိမ်သို့ တစ်အိမ်တက်ဆင်း ပိုးသတ် ဆေးဖျန်းခြင်း ဆောင်ရွက်သည်။

ထို့အပြင် ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးတို့သည် ရွှေဘိုတက္ကသိုလ်နှင့် အောင်မြေ ဟိတဓရဘုန်းကြီးကျောင်းရှိ အသွားအလာကန့်သတ်ထားရှိသူများ နေ့စဉ်အသုံးပြုနေသော ရေချိုးခန်းများနှင့်အိမ်သာများအပါအဝင်၊တံခါးလက်ကိုင်များ၊ လှေကားလက်ရန်းများ၊ အဆောင်ဘေးပတ်ဝန်းကျင် သတ်မှတ် ဧရိယာများကို ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။ **မိုးသောက် (ရွှေဘို)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၈၆ နှင့် ဆက်နွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ်-၁၅**

| | | |
|---|---|---|
| ဒေါ်ခင်သူဇာ | နှင့် | ၁။ ဦးတင့်လွင် |
| | | ၂။ ဒေါ်မေသန်း(ခ)ဒေါ်ခင်မေသန်း |
| **အနိုင်ဒီကရီရသူ** | | **တရားရှုံးများ** |

ယခင်အမှတ် (၁၈၇)၊ ဘုရင့်နောင်လမ်း၊ (၁)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ တရားရှုံးများဖြစ်သည့် ဦးတင့်လွင်နှင့် ဒေါ်မေသန်း (ခ) ဒေါ်ခင်မေသန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် ၈၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်သူဇာက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ သင်နှင့်အတူ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၇-၅-၂၀၂၀ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၈-၄-၂၀၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးခန့်လွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်တော်မြို့နယ်၊ ကန်စောက်ကျေးရွာနေ (ဘ)ဦးဦးစံလှ၏သမီး ခင်မာလာ(ခ)ခိုင်မာလာ ၁၁/ကတန(နိုင်)၀၇၉၄၇၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ခင်မာလာ (ခ) ခိုင်မာလာ**

## သိရှိစေရန်

ဦးထွန်းထွန်းလှိုင် လက်ထောက်မန်နေဂျာ ၁၂/ဥကတ(နိုင်)၁၄၆၂၄၅၊ ၆၉၂ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ မြောင်းမြမြို့၊ သူနာပြုသင်တန်းကျောင်းသို့ တည်ဆောက်ရေးကိစ္စများ အမြန်လာရောက်ဖြေရှင်းပါ။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | High Speed Diesel | (၈၄၃၇၅၈) ဂါလန် |
| ၂။ | Premium Deiesel | (၁၁၇၀၀) ဂါလန် |

တင်ဒါရောင်းချမည့်ရက် - ၂၉.၄.၂၀၂၀/ နံနက် ၁၀:၀၀ နာရီ

တင်ဒါပိတ်မည့်ရက် - ၂၉.၅.၂၀၂၀/ နေ့လည် ၁၂:၀၀ နာရီ

တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**အမှတ်၇၄/၇၆ ရွှေတိဂုံဘုရားလမ်း၊ရန်ကုန်မြို့၊ဖုန်း၀၁-၈၂၅၄၁၉၁၊၀၉၅၁၄၄၉၈၀**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၇၁၅)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်တင်ရီ (ဘ)ဦးအေးမောင် ၉/လဝန(နိုင်)၀၁၆၄၇၁ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်တင်မာဝင်း (ဘ)ဦးသန်းဟန် ၁၂/မဂတ(နိုင်)၀၆၇၃၂၀ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ပန်းခြံတာဝါ၊ ဓမ္မစေတီလမ်း၊ အမှတ်(၈)နေ ဒေါ်အေးမြတ်မူ ၁၂/ရကန(နိုင်)၀၁၂၃၅၁ နှင့် ဦးလှမြင့် ၁၂/ရကန(နိုင်)၀၁၂၄၁၁ တို့ သိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ချိုထွေး၊ ဦးသုတကိုကို၊ ဦးညဏ်ဝင်း၊ ဦးစံအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးမြတ်မူနှင့် ကျွန်ုပ်မိတ်ဆွေများသည် ဟိုတယ်ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်ရာမှ ခင်မင်ရင်းနှီးကြသူများဖြစ်ကြပါသည်။

ကျွန်ုပ်၏မိတ်ဆွေများက မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ လမ်းမတော်လမ်းဆုံကုန်းရပ်ကွက်ရှိ GRAND EMPIRE HOTEL အား စပေါ်ငွေကျပ်သိန်း(၁၅၀၀)တိတိဖြင့် ဒေါ်အေးမြတ်မူထံမှ ငှားရမ်း၍ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ခဲ့ပါသည်။ ဟိုတယ်ငှားရမ်းခြင်းလုပ်ငန်း ရပ်နားပြီးနောက် ဒေါ်အေးမြတ်မူသည် ကျွန်ုပ်၏မိတ်ဆွေများထံမှ ဟိုတယ်စပေါ်ငွေကျပ်သိန်း ၁၅၀၀ တိတိကို ပြန်လည်ပေးအပ်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများသည် ဒေါ်အေးမြတ်မူ၊ ဦးလှမြင့်တို့နှင့်တွေ့ပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဟိုတယ်ပြင်ဆင်စရိတ်နှင့် (၆)လစာ ငှားရမ်းခ ငွေကျပ်သိန်း(၄၀၀)တိတိကို ခုနှိမ်ပြီး ငွေကျပ်သိန်း(၁၁၀၀)တိတိကို ၃၀-၁၁-၂၀၁၉ ရက်တွင် ဒေါ်အေးမြတ်မူနှင့် ဦးလှမြင့်တို့မှ ကျွန်ုပ်၏မိတ်ဆွေများအား ပြန်လည်ပေးအပ်ပါမည်ဟု ဝန်ခံကတိပြု၍ ၂၉-၁-၂၀၁၉ ရက်တွင် သဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။

ဒေါ်အေးမြတ်မူမှ ကျွန်ုပ်၏မိတ်ဆွေများထံ ပြန်လည်ပေးအပ်ရမည့် ငွေကျပ်သိန်း(၁၁၀၀)တိတိကို ၃၀-၁၁-၂၀၁၉ ရက်ကျော်လွန်သည့်တိုင်အောင် ပြန်လည်ပေးအပ်ခြင်းမရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေများသည် အကျိုးတော်ဆောင်ရှေ့နေမှတစ်ဆင့် ဒေါ်အေးမြတ်မူနှင့် ဦးလှမြင့်တို့ထံ အကြောင်းကြားစာပေးပို့၍ ငွေကျပ်သိန်း(၁၁၀၀)တိတိကို ၃၁-၃-၂၀၂၀ ရက်တွင် ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့သော်လည်း ယနေ့အချိန်အထိ ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိသောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဒေါ်အေးမြတ်မူနှင့် ဦးလှမြင့်တို့သည် ကျွန်ုပ်၏မိတ်ဆွေများထံ ပြန်လည်ပေးအပ်ရမည့် ငွေကျပ်သိန်း(၁၁၀၀)တိတိကို တစ်လုံးတစ်ခဲတည်း မပျက်မကွက်ပြန်လည်ပေးအပ်ပါရန် ထပ်ဆင့်အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **ဦးဇေယျာထွန်း(LLB)** | **ဦးအေးဇော်မင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၈)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၄၃၁၈၀၈၈၄**

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

မတ္တရာမြို့၊ အမှတ် (၅) ရပ်ကွက်၊ ဘုရင့်နောင်ရပ်နေ ဒေါ်ခင်ဥ ၉/မတရ(နိုင်)၀၁၄၄၃၉ ၏သားဖြစ်သူ မောင်သန်းမြတ်စိုးသည် မိဘ၏ဆုံးမမှုကို မနာခံသဖြင့် ၃၀-၄-၂၀၂၀ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်ခင်ဥ**
**၉/မတရ(နိုင်)၀၁၄၄၃၉**

## အများသိစေရန်

ကျွန်တော် ဦးဝဏ္ဏ ၉/မသန(နိုင်)၁၄၆၉၅၄ နှင့် ဒေါ်ယဉ်မင်းသန့် ၉/မထလ(နိုင်)၃၀၈၀၄၇ တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သည့်အတွက် ကမာရွတ်မြို့နယ် ဒုတိယမြို့နယ်တရားသူကြီးရှေ့မှောက်တွင် ၂-၇-၂၀၁၈ ရက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခဲ့ပါသည်။ သို့ပါ၍ ဒေါ်ယဉ်မင်းသန့်နှင့် ပတ်သက်သောကိစ္စအဝဝသည် ကျွန်ုပ်နှင့်ပတ်သက်မှု အလျှင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏ**
**၉/မသန(နိုင်)၁၄၆၉၅၄**
**ဖုန်း-၀၉-၆၃၆၅၉၉၄၂၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧက၊ မြေကွက်အမှတ် (ဥ-၅၅၉၄) ဦးသောင်းဟန် (ဘ)ဦးသန်းရွှေအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအေးကို(ခ)အေးမြင့် ၉/ညဥန(နိုင်)၁၁၆၄၃၃ (ဘ)ဦးစံဖေမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၉၅/၂၀၂၀ (၂-၄-၂၀၂၀) တင်ပြ၍ ဒေါ်သင်းသင်းအေး ၉/ညဥန(နိုင်)၀၀၀၈၂၉ (ဘ)ဦးအေးကိုအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ပင်လယ်အုပ်စု ပင်လယ်ကျေးရွာနေ ဦးဝင်းမြိုင်-ဒေါ်မာမာဆန်းတို့၏သမီး မကေဇင်ဦး ၉/မခန(နိုင်)၃၂၃၇၄၃ ကိုင်ဆောင်သူသည် ၂၆-၄-၂၀၂၀ရက်နေ့တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ပြဿနာအရှုပ်အရှင်းကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းမြိုင်-ဒေါ်မာမာဆန်း**

## သွေးသည် အသက်

# ကြော်ငြာရှင်များသို့ . . . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာ ထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန် အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက် ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့) Viber ဖြင့် ပို့၍ သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့)Viber ဖုန်းနံပါတ်-၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်း နိုင်ပါသည်။ အသေး စိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**


မာ SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514


## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၂၀ ပြည့်နှစ် မေ ၆ရက်မှ မေ ၉ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ် အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၀.၀၁) ပေခန့်မှ (၂၀.၅၇)ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ပေ (၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်း ဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ (၂၀)ကျော်လွန်နိုင် သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင် ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေးသတင်းထုတ်ပြန် ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါ သည်။


5BB BROADBAND
Global Technology Company
စိတ်အချရဆုံးနှင့် ဝန်ဆောင်မှုအကောင်းဆုံး အင်တာနက်
ကွန်ဒိုတိုက်ခန်းများနှင့် အိမ်ရာများအတွက်
အကျိုးတူပူးပေါင်းပါဝင်နိုင်ရန်
ဖိတ်ခေါ်အပ်ပါသည်။





အမှတ် - ၄၇၁၊ ပြည်လမ်း၊ Novotel Hotel အနီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၅၁၈၉၇၅၉


## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယား ဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာ စက်ရုံ(မြောင်းတကာ) | ၂၅၀၀ | ၂၈-၅-၂၀၂၀ | ၁၄:၀၀ | ၂၈-၅-၂၀၂၀ | ၁၂:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ စက်ရုံ(ကန်ကြီးထောင့်) | ၂၅၀၀ | ၂၈-၅-၂၀၂၀ | ၁၄:၀၀ | ၂၈-၅-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ အမှတ်(၄) တည်ဆောက်ရေး သူဌေးရေအား လျှပ်စစ်စီမံကိန်းအတွက် အောက်ပါလုပ်ငန်းများအား ပြည်တွင်းတိုင်း ရင်းသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က)ကျောက်( ၅၅,၀၀၀)ကျင်း ကြိတ်ခွဲထုတ်လုပ်ခြင်း
(Tender No.23/DHPI (P & W)/2019-2020)
(ခ)စိန်လွန်တွင်းတူးဖော်ခြင်း (၁၆,၂၀၀)ပေနှင့်ဘိလပ်မြေ ဖိသွင်းခြင်း(၁၆,၂၀၀)ပေ
(Tender No.24/DHPI (P & W)/2019-2020)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံ ရောင်းချမည့်နေရာနှင့် အဆိုပြုလွှာတင်သွင်းရမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(၅) ရုံး၊ အမှတ် (၁) တည်ဆောက်ရေးပန်းခင်းလမ်း၊ ပန်းခင်း (၂) ရပ်ကွက်၊ ပျဉ်းမနားမြို့ |
| တင်ဒါပုံစံ ရောင်းချမည့်ရက် | - | ၂၉-၄-၂၀၂၀ရက် မှ ၇-၅-၂၀၂၀ ရက်အထိ |
| တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့်ရက် | - | ၂၉-၅-၂၀၂၀ရက် |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်အချိန် | - | အမှတ်စဉ်(၁)(က)ပါ လုပ်ငန်း အတွက်(၁၄:၀၀)နာရီ |
| | - | အမှတ်စဉ်(၁)(ခ)ပါလုပ်ငန်း အတွက်(၁၅:၀၀)နာရီ |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄) ရပ်ကွက်၊ ဗထူးလမ်း၊ မြေကွက်အမှတ်(၈၅၉)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အား ဦးတင်ကြည် ၁၂/တမန (နိုင်)၀၀၇၄၀၉ ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟကြေညာသူ ဦးဇော်မင်းနိုင် ၇/ပတန(နိုင်) ၁၀၀၆၄၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်စိုး ၁၄/ဝခမ(နိုင်)၀၁၂၉၇၆ သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်း မူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန် သည့်တိုင်လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**အထက်တန်းရှေ့နေ၊လိုင်စင်အမှတ်-၂၅၁၃၄/၂၀၀၆**
**အမှတ်(၈၅၈)၊အင်းဝလမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ပိတောက် ရွှေဝါလမ်း၊ အမှတ်(၁၀၇၂/က)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းဇာနည်အောင် ၇/တငန(နိုင်)၁၃၅၄၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ် သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉၁)၊မြေကွက်အမှတ်(၆၄၃)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန (မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန)မှ ထုတ်ပေးသော ဒေါ်မြမြ ၁၂/ဒပန(နိုင်)၀၂၁၂၄၁(CM-၀၁၀၅၂၃) အမည်ပေါက် ပါမစ်မြေကွက် (၄၀ပေx၆၀ပေ)အနက်မှ လမ်းထိပ်ဘက်အခြမ်း (၁၀ပေ x ၆၀ပေ)အား ဦးမြင့်ကိုဦး ၁၄/နေဖ(နိုင်)၁၀၉၁၁၂ မှ စာချုပ်အဆက်ဆက် ဖြင့်ပိုင်ဆိုင်ပြီး တရားဝင်စီမံပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်၍ ရောင်းချရန်ကမ်းလှမ်း လာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းဇာနည်အောင် ၇/တငန(နိုင်)၁၃၅၄၇၃ မှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်သဘောတူညီထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နှင်းဇာနည်အောင်** | **U Zaw Myint(Law Firm)** |
| **၇/တငန(နိုင်)၁၃၅၄၇၃** | **ဦးမျိုးကျော်ကျော်ဦး(LL.B)(စဉ်-၄၈၂၀၀)** |
| | **ဒေါ်တင်ဇာမျိုး(LL.B)(စဉ်-၄၅၂၆၅)၊** |
| | **ဒေါ်သဲသဲဦး(LL.B)(စဉ်-၄၈၄၇၃)** |
| | **(အထက်တန်းရှေ့နေများ)** |

**အခန်း(၃)၊သုမနလမ်းနှင့် မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၃၁၆၇၈၁၅၊ ၀၉-၄၂၀၀၈၀၅၁၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီးအစိုးရအဖွဲ့ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ်(၁/၂၀၂၀) ၁၃၈၂ခုနှစ် ကဆုန်လဆန်း ၈ရက် (၂၀၂၀ပြည့်နှစ် ဧပြီလ ၂၉ရက်)

၁။ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိဆေးရုံကြီး/ဆေးရုံ/ တိုက်နယ် ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန်ရာ ထူး(လစာနှုန်း-၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀)နေရာများအတွက် လျှောက်လွှာ တင်သွင်းနိုင်ပါသည်။

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | (၅၉)နေရာ | ဆေးပညာဘွဲ့(M.B.,B.S) |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြ နိုင်သူဖြစ်ရမည်၊
(ဃ) လျှောက်လွှာပိတ်ရက်တွင် (M.B.,B.S) ဆေးပညာဘွဲ့နှင့် လက်ရှိ တရားဝင်အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ)ကိုင်ဆောင်ထားသူ ဖြစ်ရမည်။ မိတ္တူများကိုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည် ဖြစ်ပြီး တင်ပြနိုင်ခြင်းမရှိပါက ပယ်ဖျက်မည်ဖြစ်ပါသည်၊
(င) မန္တလေးတိုင်းဒေသကြီးအတွင်း အသားတင်လုပ်သက်(၃)နှစ် ပြည့် အောင်နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊
(စ) ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက် ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး အောင်မြင်ပါက တက်ရောက်ဖွင့်ပြုမည် ဖြစ်ပါသည်။ သို့ရာတွင် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်း အောင်မြင်ပြီးကျွမ်းကျင်မှုရရှိရေး လေ့ကျင့်ရေးကာလပြီးဆုံးပြီး နောက် မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်မှု (၃)နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊
(ဆ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကို မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ လမ်း (၇၀၊ ၂၇-၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၌ အခမဲ့ရယူ လျှောက်ထားနိုင်ပြီး(၂၈-၅-၂၀၂၀)ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာ ပိတ်ရက် ၂၈-၅-၂၀၂၀ ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာ များကို လက်ခံမည်မဟုတ်ပါ၊

၄။ စာမေးပွဲဝင်ကြေး(၅၀၀၀)ကျပ်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ငွေစာရင်းအမှတ် MD-023914 သို့ ပေးသွင်းကြရမည်။

၅။ နှုတ်ဖြေစာမေးပွဲအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၆-၈-၂၀၁၉ ရက်စွဲပါ စာအမှတ် ၂၁၄၃/ ရွေးချယ်ရေး(အဓိက)/၂၀၁၉ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာ တင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ကတ်ပြားထုတ် ပေးမည့်နေ့ရက်နှင့်နေရာ၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့်နေ့ ရက်နှင့် ဖြေဆိုရမည့်နေရာတို့ကို ထပ်မံကြေညာပေးပါမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၂-၄၀၃၆၉၁၃ နှင့် မန္တလေးတိုင်းဒေသကြီးကုသရေး ဦးစီးဌာနမှူးရုံး ဖုန်း-၀၂-၄၀၃၃၁၇၃တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## သက်ဆိုင်သူများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးအောင်ဆန်းထူး ၉/သပက(နိုင်)၀၃၇၁၆၉ နှင့် ဒေါ်သွယ်လွင်လွင် ၁၂/ဥကတ(နိုင်)၁၇၇၄၅၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

Theint Theint Phyo Aung (Facebook)အကောင့်သည် လူမှုကွန်ရက်စာမျက်နှာ ပေါ်တွင် ကျွန်တော်၏နာမည်မှာ ဦးမျိုးလွင်(ခ)ဘုန်းထက်ငယ်ဖြစ်ပြီး၊ ငယ်နာမည်မှာ မုံလာဥဖြစ်ပါသည်။ မှတ်ပုံတင်နံပါတ် YKN-006708 ဖြစ်ပါသည်ဟု ဖော်ပြကာ မဟုတ်မမှန်သော အကြောင်းအရာများနှင့် မိသားစုရေးရာကိစ္စရပ်များကို ပို့စ့်အဖြစ် ရေးသားခဲ့ပါသည်။

ထိုသို့ရေးသားဖော်ပြရာတွင် ကျွန်ုပ်တို့မိတ်ဆွေများ၏ နေရပ်၊ အလုပ်အကိုင် နှင့်အမည်နာမတို့အားလည်းကောင်း၊ ဓာတ်ပုံများအားလည်းကောင်း ခွင့်ပြုချက် မရှိဘဲ ရယူအသုံးပြုခဲ့ပါသည်။

Theint Theint Phyo Aung (Facebook) အကောင့်ပိုင်ရှင်နှင့် ယင်းပို့စ့်နှင့် သက်ဆိုင်သူများသည် ကျွန်ုပ်တို့၏ မိတ်ဆွေများအပေါ် လူမှုကွန်ရက်စာမျက်နှာပေါ် တွင် မဟုတ်မမှန်သော ပို့စ့်များရေးသားခြင်း၊ Share ခြင်း၊ Messenger မှ တစ်ဆင့် စာရေးသားပေးပို့ခြင်းများ ပြုလုပ်ခဲ့သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများက လူမှုပတ်ဝန်းကျင် နှင့်လုပ်ငန်းခွင်တွင် ဂုဏ်သိက္ခာများကျဆင်းခဲ့ရပါသည်။ ထို့ကြောင့် ခြောက်လှန့် တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ် ခဲ့သူများအား သက်ဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေများ လက်ဝယ်တွင် ယင်းပို့စ့်နှင့်ပတ်သက်သော သက်သေ အထောက်အထားအပြည့်အစုံကို ရယူထားပြီးဖြစ်ကြောင်းလည်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်ဇေယျ (LL.B)** | **ဦးအောင်ကျော်ဖြိုး (LL.B)** | **ဒေါ်ချစ်ချစ်စံ (LL.B)** |
| **(စဉ်-၁၄၂၄၅)** | **(စဉ်-၃၈၉၅၃)** | **(စဉ်-၄၇၄၆၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အခန်း(၄၀၁)၊ B6၊ (၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၁၀၀၈၆၉၅**

# အသိပေးကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တန်ဖိုးနည်းအိမ်ရာများ (Low Cost Housing)/တန်ဖိုးမျှတအိမ်ရာများ (Affordable Housing) (Mix– Used Development များကိုလည်း ဖော်ပြနိုင်သည်) တည်ဆောက်ရန်အတွက် ၂၈-၃-၂၀၂၀ရက်နှင့် ၃၀-၃-၂၀၂၀ရက်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာပါ EOI အဆိုပြုလွှာ စာရွက်စာတမ်းအပြည့်အစုံကို ၃၀-၄-၂၀၂၀ရက် နောက်ဆုံးထားတင်သွင်းခြင်းအစား ၁-၆-၂၀၂၀ရက်သို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit – YUMRT) နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအား အများပြည်သူ လေ့လာဖတ်ရှု သုံးသပ်အကြံပြုနိုင်ရန်တင်ပြခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (MOTC)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (YRG) နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ အတူတကွပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit – YUMRT)၊ ရန်ကုန်မြို့ အရှေ့-အနောက် ဆက်သွယ်သွားလာနိုင်မည့်လမ်းကြောင်း၏ အပိုင်း (၁) (လှိုင်သာယာ-ပါရမီ) လမ်းပိုင်းအရှည် (၁၈) ကီလိုမီတာ နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအား အများပြည်သူ လေ့လာဖတ်ရှု သုံးသပ်အကြံပြုနိုင်ရန်အတွက် အစီရင်ခံစာနှင့်အတူ အများပြည်သူ၏ သုံးသပ်အကြံပြုချက်များ ရေးသွင်းရန်ပုံစံကို အောက်ဖော်ပြပါ နေရာများတွင် ထားရှိပြီးဖြစ်ပါသည်။

၁။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ လှိုင်သာယာမြို့နယ်၊
၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ လှိုင်မြို့နယ်၊
၃။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မရမ်းကုန်းမြို့နယ်၊
၄။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရန်ကင်းမြို့နယ်၊
၅။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ တောင်ဥက္ကလာပမြို့နယ်၊
၆။ မြန်မာ့မီးရထား၊ အောက်မြန်မာပြည်ရုံး၊ အောက်ဘလောက်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၇။ E Guard Environmental Services Co., Ltd.၊ အမှတ် (၁၄၅ – A2 – 3)၊ သီရိမင်္ဂလာလမ်း၊ (၈)မိုင်၊ အမှတ် (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အောက်ဖော်ပြပါ Website များတွင်လည်း Download ရယူနိုင်ပါသည်။
၁။ https://www.railways.gov.mm/en_US/
၂။ https://eguardservices.com/node/361

မှတ်ချက်။ ။ အကြံပြုချက်ပုံစံများအား အထက်ဖော်ပြပါနေရာများတွင်ရယူနိုင်ပြီး ယခုကြေညာပြီး (၁) လ အတွင်း နောက်ဆုံးထား၍ သုံးသပ်အကြံပြုချက်များကို အထက်ပါနေရာများသို့ ပေးပို့နိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း ။ ။ ၀၉- ၇၉၇၀၀၅၂၁၁၊ ၀၉- ၈၉၉၁၆၈၇၆၀
E mail လိပ်စာ ။ ။ feedback@eguardservices.com

**မြန်မာ့မီးရထား**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ် (ဒ-၃၃၃၆၃)၊ မြေဧရိယာ ၀ဒသမ ၁၄၆ ဧကရှိ ဒေါ်ဥမ္မာဦး(ဘ)ဦးလှမြင့်ဦး ၁၂/ဒဂန(နိုင်)၀၂၉၈၈၂ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဝင်းမြတ်ထွန်း(ဘ)ဦးမောင်နွယ် ၁/မကတ(နိုင်)၀၈၀၈၀၃မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၃၃၁)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးငွေခဲ(ဘ)ဦးဗိုလ်ဖြူ ၉/ပမန(နိုင်)၀၃၇၄၁၁ အမည်ပေါက်ပါမစ်မြေကွက်အား မြေပေးစလစ်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပျောက်ဆုံးကြောင်းထောက်ခံစာ၊ စခန်းမှူး၏ပျောက်ဆုံးကြောင်း ထောက်ခံစာမူရင်းများတင်ပြ၍ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၃၃၃၆၁)၊ မြေဧရိယာ(၀ဒသမ၁၄၆)ဧကရှိ ဦးကျော်ဇောလင်း(ဘ)ဦးမောင်မောင် ၁၂/ရကန(နိုင်)၀၀၀၀၃၀ အမည်ပေါက်ပါမစ်မြေကွက်အား ဦးဝင်းမြတ်ထွန်း(ဘ)ဦးမောင်နွယ် ၁/မကတ(နိုင်) ၀၈၀၈၀၃မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




### နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲပြီးကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေဝန်းအရှေ့ရပ်ကွက်၊ ရုံးသာရပ်၊ အကွက်(၂၈၄)နေ ဦးခင်မောင်ညွှန့်(ခ)ဦးခင်မောင်အေး (စိမ်းရှင်သာကျောက်မျက်ကုမ္ပဏီ) ၏သား ဦးအောင်ထက်ခိုင် ၉/မဟမ(နိုင်)၀၄၅၇၆၉နှင့် ၎င်းရပ်ကွက်နေ ဦးညီညီအောင်၏ သမီး ဒေါ်သန့်ဖြူစင် ၉/မဟမ(နိုင်)၀၄၀၀၀၉တို့သည် ၂၉-၄-၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ထက်ခိုင်နှင့် ဒေါ်သန့်ဖြူစင်တို့သည် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးပါ၍ နောက်နောင် ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူဆောင်ရွက်မှုများပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ထက်ခိုင် ၉/မဟမ(နိုင်)၀၄၅၇၆၉**
**ဒေါ်သန့်ဖြူစင် ၉/မဟမ(နိုင်)၀၄၀၀၀၉**

### အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်(ရပ်-၂) ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၄၅)၊မြေကွက် အမှတ် (၈၂)၊ မြေဧရိယာ ၀ဒသမ ၁၀၁၀ ဧကခန့်ရှိသော မြေကို ဦးခင်မောင်ပါ(၂)ဦးမှ မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

### အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်(ရပ်-၃)ကုန်သည်ရပ်၊ ဦးပိုင်အမှတ် (၃၈)၊ မြေကွက်အမှတ် (၂၆၄၊ ၂၆၅၊ ၂၆၆A)၊ မြေဧရိယာ ၀ဒသမ၀၉၈၈ ဧကခန့်ရှိသော မြေကို ဦးခိုင်စိုးပါ(၂)ဦးမှ အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန်လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်တွေမြို့၊ ကုန်တန်းရပ်ကွက်၊ အကွက်(၃)၊ ရေတွင်းလမ်းနေ ဦးမောင်သာပွင့် ၁၁/စတန(နိုင်)၀၃၆၄၉၇၊ ဒေါ်ခင်ခင် ၁၁/စတန(နိုင်)၀၄၆၅၉၄ တို့၏သား မောင်နိုင်မျိုးထွန်း ၁၁/စတန(နိုင်) ၁၂၄၄၇၄ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ သူ့သဘောအတိုင်း လုပ်ဆောင်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို မိသားစုမှ လုံးဝ(လုံးဝ) ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**မိဘ**
**ဦးမောင်သာပွင့်-ဒေါ်ခင်ခင်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲဝင်းနိုင် CDC 107422 ၏ All in one စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၆၁၂၂၈

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးသီဟ ၅/မရန(နိုင်) ၂၃၃၈၅၉၈၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်(မန်း ၃၄၂/၂၀၁၇)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၆၀၀၀၃၁

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ ကတွယ်ကျေးရွာအုပ်စု၊ ထိုးနာရီကျေးရွာနေ ဦးလှူဝ၏သား မောင်ချစ်မြဲအောင်(ခ)မောင်ချစ်မြဲ ၁၂/ထတပ(နိုင်) ၁၃၀၇၇၂ မှာ တစ်ဦးတည်းဖြစ်ပါသည်။

**မောင်ချစ်မြဲ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန်းဇော်ဦး ၅/ငဇန(နိုင်) ၀၅၃၀၆၅၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် (ကူ၉၅/၃၇) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၅၈၈၀၇၂

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ ၀ဒသမ၀၆၀ ဧကရှိ ဦးမျိုးသိန်း(ပါ) ၆-ဦး (ဦးမျိုးသိန်း၊ ဒေါ်ခင်စန်းကြွယ်၊ ဒေါ်သန္တာဦး၊ ဒေါ်သီသီဟန်၊ ဒေါ်စောမျိုးမြတ်၊ ဦးနေဇော်ထက်) အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမျိုးသိန်း(ပါ) ၅ ဦး (ဦးမျိုးသိန်း၊ ဒေါ်ခင်စန်းကြွယ်၊ ဒေါ်သန္တာဦး၊ ဒေါ်သီသီဟန်၊ ဒေါ်စောမျိုးမြတ်)မှ စွန့်လွှတ်စာချုပ်(၈/၁၉၈၃)၊ ကျမ်းကျိန်ဆိုချက်၊ ဦးနေဇော်ထက်၏ သေဆုံးကြောင်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ကျွန်းကလေးပိုင်း၊ ဦးပိုင်အမှတ်(၃၆က)၊ မြေကွက်အမှတ်(၇၄A)၊ မြေဧရိယာ(၀ဒသမ၁၁၅၅) ဧကခန့်ရှိသော မြေကို ဦးအောင်ကျော်ဦးပါ(၂)ဦးအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကိုလက်ခံစဉ်းစားမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၃၆/ပြည်တော်သာရပ်)၊ ဦးပိုင်အမှတ်(၁၈၃)၊ မြေယာအမှတ် (304)၊ မြေဧရိယာ(၀ဒသမ၀၅၃)ကေရှိ ဂရန်မြေကွက်အား ဒေါ်စိန်စိန်အမည်ဖြင့်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်တွင် အဆောက်အအုံဆောက်လုပ်ခြင်းဆောင်ရွက်နိုင်ရေး ဒေါ်ဝင့်ဝင့်ကြည် ၁၂/အလန(နိုင်) ၀၀၀၃၇၁မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးရုံးသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ဝင့်ကြည် ၁၂/အလန(နိုင်) ၀၀၀၃၇၁**
**အိမ်အမှတ်(၁၅၅)၊ မန္တလေး-လားရှိုးလမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

### အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ ကွင်းအမှတ်(၂၂၇)၊ ငှက်ပျောတောတောင်ကွင်း၊ ဦးပိုင်အမှတ် (၂၇/၂ခ)၊ မြေကွက်အမှတ်(၁၁၈၁)၊ မြေဧရိယာ ၀ဒသမ၀၇ ဧကခန့်ရှိသော မြေကို ဦးတင်သိန်း အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

စာအုပ်စာပေ
လှူမိတ်ဆွေ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လေးယု(ခ)Ruth Samual
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်ပြည်သာယာရိပ်သာ၊ ပြည်တော်အေးလမ်း၊ အမှတ်(၃)နေ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ(ငြိမ်း)၏ချစ်ဇနီး ဒေါ်ခင်လေးယု(ခ)Ruth Samual သည် ၂၈-၄-၂၀၂၀ ရက် ည ၉:၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မာမီကောင်းကင်ဘုံ၌ အေးချမ်းစွာ အနားယူနိုင်ပါစေ။

**ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်းမိသားစု**
**ပြည်ထောင်စုရှေ့နေချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လေးယု(ခ)Ruth Samual
### အသက်(၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ(ငြိမ်း)၏ဇနီး၊ သူငယ်ချင်း ဦးနိုင်နိုင်ဦး-ဒေါ်မေနီအောင်တို့၏ မိခင် ဒေါ်ခင်လေးယု(ခ)Ruth Samual သည် ၂၈-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်မြင့်မြင့်မေ
### အသက်(၈၅)နှစ်

ပါမောက္ခချုပ် Dr. ဦးအေးထွန်း(ဆေး-၂)-ဒုဗိုလ်မှူးကြီး ဒေါ်ယုယုခင်(ငြိမ်း)တို့၏ ချစ်လှစွာသောမိခင်သည် ၂၆-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အနန္တကောင်းရာသုဂတိလားပါစေ။

**တပ်မှူး၊ ဗိုလ်မှူးကြီး ဒေါ်အေးအေးနှင့် သားဖွားမီးယပ်ပါရဂူများ**
**တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ၊ နေပြည်တော်**

## ဒေါ်ဖြူဖြူဝင်း (သရက်)
### အသက်(၇၁)နှစ်

သရက်မြို့နေ (ဦးပု-ဒေါ်ကြည်ညွန့်) တို့၏သမီး၊ (ဦးတင်ဝင်း)(ဆောက်လုပ်ရေး)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးဝင်းမောင်)- ဒေါ်ခင်ဆွေချစ်၊ (ဦးတင်ဝင်း)-ဒေါ်ဝင်းဝင်းမြိုင်တို့၏ညီမ၊ သရက်မြို့နေ (ဦးကြည်ဝင်း)-ဒေါ်တင်တင်ထွေး၊ ဦးနီဝင်း-ဒေါ်တင်တင်ဝင်း၊ ဒေါက်တာညိုဝင်း(တိ/ကု)-ဒေါ်ယဉ်ယဉ်ထွန်း၊ မကွေးမြို့နေ ဦးမိုးဝင်း(ဆောက်လုပ်ရေး)-ဒေါ်စန္ဒာတို့၏အစ်မ၊ သရက်မြို့နေ ဦးသန်းနိုင်ဝင်း-ဒေါ်မို့မို့ထွေး၊ ရန်ကုန်မြို့နေ ဦးနေလင်းထွန်း-ဒေါ်ဝင်းယုမော်တို့၏မိခင်၊ မြေး လေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၅:၄၀ နာရီတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၂၀/ခ) (လေးလွှာ)နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ထွေး
### ဟဲဟိုးလေဆိပ်စားသောက်ဆိုင်
### အသက်(၆၄)နှစ်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အလယ်ပိုင်း(၃)ရပ်ကွက်နေ(ဦးသန်းမောင်-ဒေါ်ညွန့်)တို့၏သမီး၊ ဒေါ်ခင်စန်း၊ ဒေါ်ရင်စန်း၊ ဒေါ်တင်တင်လှိုင်၊ ဦးသန်းညွန့်တို့၏ညီမ၊ ဦးတင်ထွန်း၊ ဦးသိန်းထွန်းကျော်၊ ဦးသိန်းငွေး၊ ဦးဆန်းထွေး၊ မခင်မမတို့၏အစ်မ၊ တူ၊ တူမ ၂၃ယောက် တို့၏အဒေါ်သည် ၂၉-၄-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ဟဲဟိုးမြို့ သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၀ရက်တွင် ဟဲဟိုးမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နုနု
### အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၄)နေ (ဦးအုန်းညွန့်-ဒေါ်စိမ်းမြ)တို့၏သမီး၊ (ဦးထွန်းလွင်)၏ဇနီး၊ ဦးကျော်ထိုက်-(ဒေါ်မြင့်မြင့်)တို့၏ညီမ၊ ဦးဝင်းမြင့်-ဒေါ်အေးလှ၊ ဦးဝင်းတင့်(ချောကို-စာပေ)တို့၏အစ်မ၊ ကိုသိန်းထိုက်(မြို့/ရာ)-ဒေါ်အေးအေးစမ်း(ဆေး-၁)၊ ကိုအောင်ဖြိုးလွင်၊ မထွေးထွေးနု(The Solution Co.,Ltd)တို့၏မိခင်၊ မခင်ချောချောကို၊ မောင်ကောင်းခန့်ကိုတို့၏အဘွားသည် ၂၈-၄-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ခင်
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက် ၂လမ်း၊ အမှတ် ၂၁(က)နေ ဦးဘသိန်း-ဒေါ်သိန်းတင်တို့၏သား၊ ဦးဆွဲ-ဒေါ်လှရွှေတို့၏သားသမက်၊ ဒေါ်တင်အေး၏ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်မင်းမင်းသက်၊ ဒေါက်တာ မိမိအောင်ခင်-(ဦးထင်အောင်)၊ ဒေါ်သီသီခင်၊ (ဒေါက်တာနီနီခင်-ဦးဇင်မင်း)၊ ဦးဇော်လင်း-ဒေါ်မြင့်ရီ တို့၏ချစ်လှစွာသောဖခင်၊ မြေး ရှစ်ယောက်တို့၏ အဘိုး၊ မြစ် သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၈-၄-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ခင်
### အသက်(၉၂)နှစ်

ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဌာနတွင် ၁၉၇၇မှ ၁၉၈၅ခုနှစ်ထိ ပထမဆုံးအကြီးအကဲတာဝန် ထမ်းဆောင်ခဲ့သော ဆရာကြီး ဦးအောင်ခင်သည် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့) ၁၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း**

### ဘုရား၊ ရဟန်း၊ သိမ်ဒါယကာကြီး
## ဦးဟန်ထွန်း
### မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး(အငြိမ်းစား)
### အသက်(၈၆)နှစ်

ပခုက္ကူမြို့နေ (ဦးစိုး-ဒေါ်လေးချယ်)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်လှ)တို့၏သားသမက်၊ (ဦးဆင်ပေါက်-ဒေါ်ချစ်စိန်)တို့၏မောင်၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသိန်းမြင့်ထွန်း(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်သင်းမြင့်သူ၊ (ဦးကျော်ဇော ထွန်း)(WFP)-ဒေါက်တာကေသီအေး(ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဦးရန်နိုင်ထွန်း-ဒေါ်ဝေဝေနု(ဖြူစင်စတိုး၊ ပခုက္ကူမြို့)၊ ဗိုလ်ကြီးရဲမြတ်ထွေးအောင်၊ ဒေါ်နုရည်ထွန်း(မြဝတီဘဏ်၊ ရန်ကုန်မြို့)တို့၏ဖခင်၊ မောင်အောင်ဇော်ထွန်း၊ မရင်ဖြူဖြူလှိုင်၊ မဖြူစင်ကို၊ မောင်နေမင်းလွင်တို့၏အဘိုးသည် ၁၈-၄-၂၀၂၀ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ဒုမိုင်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လေးယု (ခ) Ruth Samual
### အသက် (၈၄)နှစ်

သူငယ်ချင်းမင်းမင်းဦး၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်လေးယု (ခ) Ruth Samual အသက်(၈၄)နှစ်သည် ၂၈-၄-၂၀၂၀ ရက် ည ၉:၂၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၉)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဦးမောင်မောင်တာ အသက်(၆၀)
### (ကျောင်းဆရာ-ငြိမ်း)
### ရန်ကုန်ပညာရေးတက္ကသိုလ်
### လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC)(ပြည်လမ်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၃)လမ်း၊ တိုက်အမှတ် (၁၃/စ-5)နေ (ဦးသန်းဦး-ဒေါ်သောင်း)တို့၏သား၊ (ဦးလှစိန်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ကိုဖြိုးကျော်သက်(သိဒ္ဓိအောင်-Express)-ဒေါက်တာမြတ်သူဇာမောင်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာဉာဏ်လင်းမောင်မောင်(သွားဆေးတက္ကသိုလ်)တို့၏ဖခင်၊ ဒေါ်အေးအေးသွင်(အထက-၅၊ ကမာရွတ်)၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၄-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ရက်(ကြာသပတေး နေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၀ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါလှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ထွေးစိန်
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်၊ ပိုက်လုံးလမ်း၊ အမှတ် (67, A)၊ အခန်း(3)နေဦးလှကြည်၏ဇနီး၊ (ဦးကျော်ကျော်ဦး)-ဒေါ်ကြည်ကြည်လွင်၊ (ဦးအောင်စိုးမိုး-ဒေါ်ကြည်ကြည်ဟန်)တို့၏မိခင်၊ မြေး သုံးယောက်တို့၏အဘွားသည် ၂၅-၄-၂၀၂၀ ရက် (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ပင်ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## အမီနာဘီဘီ(ခ)ဒေါ်မေမေသန်း
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်း၊ အမှတ် ၁၆၀၊ ဒုတိယထပ်(ယာ)နေ (ဦးမောင်သန်း)-ဒေါ်တင်မြင့်တို့၏သမီး၊ ဒေါ်ဝင်းဝင်းသန်း၊ ဦးအောင်မင်း-ဒေါ်မြမြသန်း၊(ဦးမောင်မောင်သန်း)-ဒေါ်လှလှသန်း၊ ဒေါ်သန်းသန်းတို့၏ညီမ၊ (ဦးဖေသန်း)၊(ဒေါ်ဆွေဆွေသန်း)၊ ဒေါ်ယဉ်ယဉ်သန်း၊ ဒေါ်ဥမ္မာသန်း၊ (ဒေါ်အေးအေးသန်း)၊ ဦးကျော်ကျော်သန်း-ဒေါ်ပွင့်ဖြူမြင့်တို့၏အစ်မ၊ ဦးဇာနည်မောင်မောင်-ဒေါ်မေသဇင်ဝင်း၊ ဦးဝင်းခိုင်-ဒေါ်မေစံပယ်ဝင်းတို့၏ချစ်လှစွာသောမိခင်၊ ကိုမျိုးဇေယျာမင်း-မချောစုမာ၊ မလှကေသီမောင်၊ မလှချယ်ရီမောင်တို့၏အဒေါ်၊ မေဇာနည်မောင်၊ ခန့်ဇာနည်မောင်၊ မေသော်ကြည်ဖြူတို့၏အဘွား၊ ဦးချစ်ရင်၏ဇနီး သည် ၂၉-၄-၂၀၂၀ရက် နံနက် ၇:၃၅နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၅နာရီတွင် မန္တလေးမြို့၊ ကြာနီကန် ကာဗရ်စတန်၌ ဒွါဖွာနာပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကြည်မောင်
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ Twin(B)၊ အခန်း(၀၀၁)နေ ဒေါ်တင်ကြည်၏ ခင်ပွန်း၊ ကိုလှကြည်-မနှင်းမိုးခင်၊ ကိုလှနိုင်-မလွင်လွင်မြင့်၊ ကိုအေးကြည်-မချိုချိုသန်း၊ ကိုခင်မောင်ထွန်း-မသင်းသင်းအေး၊ ကိုထွန်းကျော်-မနေဇာခြည်လင်းတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်စန်းစန်းဝင်း
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ညောင်တစ်ပင်လမ်း၊ အမှတ်(က/၆၂၉)နေ ဦးကျော်ထွန်း-(ဒေါ်ညို)တို့၏သမီး၊ ဗိုလ်ကြီးစိုးမင်း(ငြိမ်း)သူရ(၇၈)၏ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဟိန်းမင်းစိုး၊ မကြူကြူခိုင်စိုး၊ မောင်အောင်ဖုန်းမြတ်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဟိန်းသန့်ဝေယံတို့၏အဘွား၊ (ဒေါ်ခင်မေသန်း)-ဦးထွန်းဦး၊ (ဦးလှရွှေ-ဒေါ်ကြင်မြိုင်)၊ (ဦးလှဖေ)-ဒေါ်စန်း၊ (ဦးတင်ထွန်း-ဒေါ်သေး)၊ (ဦးခင်ထွန်း)-ဒေါ်စောလှိုင်တို့၏တူမ၊ (ဦးမြင့်သန်း)-ဒေါ်သန်းလှတို့၏ညီမ၊ (ဦးသန်းထွန်း-ဒေါ်ဝင်းမြင့်)တို့၏အစ်မ၊ မတင်မိုးလှိုင်၊ မယဉ်မျိုးလှိုင်၊ မမြမြငြိမ်း၊ မောင်တင်ထွန်းနိုင်၊ မတိုးရတနာဝင်းတို့၏အဒေါ်သည် ၂၈-၄-၂၀၂၀ရက် ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရဟန်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်သိန်း
### အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးမြအောင်)-ဒေါ်လှမြင့် တို့၏သမီးချေးမ၊ (ဦးညွန့်ဆိုင်-ဒေါ်စိန်ဥ) တို့၏သမီးကြီး၊ ဒေါ်စန်းစန်းအေး၊ (ဦးသန်းဆွေ)-ဒေါ်သဇင်အေး၊ ဦးညွန့်ဆွေတို့၏အစ်မ၊ ဦးထွန်းလွင်(နန္ဒာအေး စက္ကူရောင်းဝယ်ရေး) ၏ချစ်လှစွာသောဇနီး၊ ကိုစိုင်းကျော်စိန်လင်း-မကြည်ကြည်ထွန်း၊ ကိုလင်းအောင်ထွန်း- ဒေါက်တာ မြကြည်ဇင်၊ ကိုကျော်ထွဋ်တို့၏ချစ်လှစွာသောမိခင်၊ မောင်စိုင်းဆိုင်ဇက်၏ ဘွားဘွားကြီး သည် ၂၇-၄-၂၀၂၀ရက် နံနက် ၃:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၀ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## Captain ဦးလှဦး (75/Eco) အသက်(၆၇)နှစ်
### MT SINGA BERLIAN ၊ အသင်းဝင်အမှတ်-၁၁၅၃

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်း၊ ဓမ္မဒါနလမ်း၊ E 3 နေ ဒေါ်ယုဇန ၏ခင်ပွန်းသည် ၂၅-၄-၂၀၂၀ရက်(စနေနေ့) နံနက် ၈နာရီတွင် မလေးရှားနိုင်ငံ MT SINGA BERLIAN သင်္ဘောပေါ်၌ ကွယ်လွန်သွားပါကြောင်း။

အမှုဆောင်အဖွဲ့

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ငါးမွေးမြူရေးကန်များ
## အပူချိန် ပြင်းထန်လွန်ကဲမှုဒဏ်မှ
## ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများ ခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့် နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ကန်ရေ အရည်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နူန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသောအခြေအနေ ရှိရပါ မည်)။
- ကန်ရေအပူချိန် မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှု ဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှု အခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမိန့်ကြော်ငြာစာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၀)**
**နေပြည်တော် ၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်**
**( ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂၈ ရက် )**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် Corona Virus Disease (COVID–19) ကာကွယ်၊ ထိန်းချုပ်ရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ချက်များနှင့်ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း ၁၉–၄–၂၀၂၀ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

၂။ အထက်ပါကြေညာချက်အရ အချို့စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် ၂၀–၄–၂၀၂၀ ရက်နေ့တွင် ဖွင့်လှစ်ရန် စီစဉ်ထားပြီးဖြစ်သော်လည်း စစ်ဆေးခံရန် ယာယီပိတ်သိမ်းခဲ့ရပြီး အဆိုပါ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသော အာမခံ အလုပ်သမားများအနေဖြင့် ၂၀–၄–၂၀၂၀ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်သည့်နေ့အထိ အလုပ်လုပ်ကိုင်ရခြင်းမရှိဘဲ ယာယီရပ်နားခဲ့ရပါသည်။

၃။ ထိုသို့ ယာယီရပ်နားခဲ့ရသော လူမှုဖူလုံရေးအကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် ရပ်နားထားရသည့် ရက်များအလိုက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေပုဒ်မ ၁၃ (ခ) (၂)နှင့် ဥပဒေပုဒ်မ ၁၀၀ တို့အရ (၁/၂၀၂၀) လအတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် လုပ်ခလစာ ၏ ၄၀ % ကို ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် အဖြစ် ထုတ်ယူခံစားခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၄။ အပိုဒ် ၃ ပါ ဖော်ပြချက်များနှင့် ကိုက်ညီမှုရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၏ အလုပ်ရှင်များသည် လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့မည့် ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များကို ရရှိနိုင်ရန် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ လျှောက်ထားရမည်ဖြစ်သည်။

၅။ အထက်ပါ ပြဋ္ဌာန်းချက်များသည် ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှ စတင်၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

**ဦးသိန်းဆွေ**
**ပြည်ထောင်စုဝန်ကြီး**

## ဖာပွန်မြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း



ကြက်ခြေနီလူငယ်များက ကိုဗစ်–၁၉ အသိပညာပေး ပိုစတာများကို နေအိမ်များ၌ လိုက်လံကပ်ပေးစဉ်။

**ဖာပွန် ဧပြီ ၂၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ဗဟို)မှ ပေးပို့သော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ဧပြီ ၂၉ ရက်က စနစ်တကျ ပြန်လည်ဖြန့်ဝေလှူဒါန်းမှုများ ဆောင်ရွက်ကြသည်။


မြန်မာနိုင်ငံကြက်ခြေနီအသင်း (ဗဟို)မှ ပေးပို့သော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးဘူးများ၊ လက်အိတ်များနှင့် အသင့်သောက်သုံးရန်

*စာမျက်နှာ ၉ ကော်လံ ၄* ❍

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

အမျိုးသားလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက်များ အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## အာဆင်နယ်တိုက်စစ်မှူး အူဘာမီယန်ကို ပေါင်သန်း ၃၀ ဖြင့် ရောင်းချမည်



အာဆင်နယ်အသင်းသည် တိုက်စစ်မှူး အူဘာမီယန်ကို ပေါင်သန်း ၃၀ ဖြင့် ရောင်းထုတ်သွားဖွယ်ရှိနေကြောင်း ဗြိတိန်အခြေစိုက် သတင်းများတွင် ဖော်ပြထားသည်။ နည်းပြ အာတီတာသည် လာမည့်နှစ်တွင် အူဘာမီယန်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုရန် ဆန္ဒမရှိဘဲ အဆိုပါ ပြောင်းရွှေ့ကြေးဖြင့် ရောင်းထုတ်လိုနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနှင့် ဂါဘွန်တိုက်စစ်ကစားသမားတို့၏ လက်ရှိ စာချုပ်သက်တမ်းသည် လာမည့်နှစ်တွင် ကုန်ဆုံးတော့မည်ဖြစ်ကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် အူဘာမီယန်ကို ခေါ်ယူခဲ့စဉ်က ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အပြောင်းအရွှေ့ဈေးကွက် မတည်မငြိမ်ဖြစ်လာနိုင်သည့်အတွက် အာဆင်နယ်အသင်း တာဝန်ရှိသူများကလည်း ဒေါ့မွန်အသင်းထံမှ အူဘာမီယန်ကို ဝယ်ယူခဲ့စဉ်က ပြောင်းရွှေ့ကြေး၏ ထက်ဝက်ဖြင့် ရောင်းချနိုင်လျှင်ပင် ကျေနပ်ဖွယ်ရှိနေသည်။

အာဆင်နယ် ကစားသမားအများစုသည် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကြောင့် လုပ်ခလစာကို ၁၂ ဒသမ ၅ ရာခိုင်နှုန်း လျှော့ယူရန် သဘောတူထားကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ❑

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ပြီး မေ ၃ ရက်တွင် မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်


**နေပြည်တော် ဧပြီ ၂၉**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် (နောက် ၄၈ နာရီအတွင်း) မေ ၁ ရက်ခန့်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ (နောက် ၉၆ နာရီအတွင်း) မေ ၃ ရက်ခန့်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

### ကုန်းကြောင်း၊ လေကြောင်းနှင့် ရေကြောင်းမှ နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှု ၂၀၁၉ ခုနှစ် (ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ)

(ဦးရေ)




မှတ်ချက် : နယ်စပ်ဖြတ်ကျော်တွင် ဗီဇာ၊ နေ့ချင်းပြန်(သို့မဟုတ်) ညအိပ်ခရီးသွားများပါဝင်ပါသည်။
ဓာတ်မြစ် : ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

### နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုအခြေအနေ ၂၀၁၉ ခုနှစ် (ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ)

(ဦးရေ)




မှတ်ချက် : နယ်စပ်ဖြတ်ကျော်တွင် ဗီဇာ၊ နေ့ချင်းပြန်(သို့မဟုတ်) ညအိပ်ခရီးသွားများပါဝင်ပါသည်။
ဓာတ်မြစ် : ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ ဧပြီ ၃၀၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## အမျိုးသားလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက်များ

### ——— ရှင်မင်း၊ ဓာတ်ပုံ – အေးသန်း ———

"ပြည်သူ့အသံ – လွှတ်တော်အသံ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူတို့၏ လိုအပ်ချက်များအတွက် ဆွေးနွေးမေးမြန်းခြင်းနဲ့ ဥပဒေပြဋ္ဌာန်းပေးရာ အမျိုးသားလွှတ်တော်သည် လွှတ်တော် ဒုတိယသက်တမ်း (၅) နှစ်တာအတွင်း ၄ နှစ်တာကာလကို အောင်မြင်စွာ ဖြတ်သန်းခဲ့ပြီး ဖြစ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်တွင် စတင်ကာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်မှ မတ်လ ၂၅ ရက်အထိ ကျင်းပခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ ဖြတ်သန်းခဲ့သည့် ၄ နှစ်တာကာလအတွင်း ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့၏ မျှော်လင့်ချက်များကို အဆိုများ၊ မေးခွန်းများအဖြစ် မေးမြန်းဆွေးနွေးခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်တို့ကို အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်း၊ ခေတ်နှင့်မလျော်ညီသည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို အမျိုးသားလွှတ်တော်အနေဖြင့် ဆောင်ရွက်ခဲ့သည်။

အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက "၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်က စတင်ခဲ့တဲ့ ဒုတိယအကြိမ် လွှတ်တော်များရဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ရွေးရှုချီတက်ရာ ခရီးလမ်း၌ ဥပဒေပြုရေးကဏ္ဍရဲ့ လုပ်ငန်းတွေကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်တဲ့အခါ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့ အမြဲတမ်းကော်မတီတွေ၊ ရေးရာကော်မတီတွေနဲ့ မဲဆန္ဒနယ်မြေအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဥပဒေပြုရေးကဏ္ဍကနေ ပြည်သူလူထုအကျိုးအတွက် ဥပဒေတွေကို ခေတ်စနစ်နဲ့အညီ ပြင်ဆင်၊ ဖြည့်စွက်၊ ရုပ်သိမ်း ပြဋ္ဌာန်းပေးခြင်းတွေအပြင် ဒေသခံပြည်သူတွေရဲ့ အသံတွေကို အစဉ်နားစွင့်ကာ တတ်စွမ်းနိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ပြောသည်။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၄၃၉ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၇၈၁ ခု စုစုပေါင်းမေးခွန်း ၁၂၂၀ မေးမြန်းခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက အဆို ၁၂ ခုတင်သွင်းခဲ့ရာ အဆို ၁၀ ခုကို အတည်ပြုနိုင်ခဲ့ပြီး အဆိုတစ်ခုကို မှတ်တမ်းတင်နိုင်ခဲ့၍ အဆိုတစ်ခုမှာ အတည်မပြုသေးကြောင်း သိရသည်။

လွှတ်တော်သက်တမ်း ၄ နှစ်တာ ကာလအတွင်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက "နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်ပေးနိုင်ရေးအတွက် ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ၄ နှစ်တာ ကာလအတွင်း အဆို

*အချပ်ပို (ခ) သို့*




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း



၁၁.၁၀.၂၀၁၉ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ သုခလမ်းဖွင့်ပွဲ တက်ရောက်စဉ်။

*အချပ်ပို (က) မှ*

၃၁ ခု တင်သွင်းခဲ့ရာ အဆို ၂၁ ခု အတည်ပြုနိုင်ခဲ့ပြီး အဆို ၅ ခု မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ကြယ် ပွင့်ပြမေးခွန်း ၁၆၂၁ ခုနဲ့ ကြယ်ပွင့်မပြမေးခွန်း ၂၁၄၅ ခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တွေက လွှတ်တော်ကို နှုတ်ဖြင့်ဖြေကြားခြင်း၊ စာနဲ့ပေးပို့ဖြေကြားခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်” ဟု ပြောသည်။

အမျိုးသားလွှတ်တော် အစည်းအဝေးများအတွင်း နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌမှ ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိအောင် ဆောင်ရွက်ရန်၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို ဖော်ဆောင်ရန်၊ အမျိုးသားလွှတ်တော် အစည်းအဝေးများကို အောင်မြင်စွာ ဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ရုံးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်တို့သည် အမျိုးသားလွှတ်တော်၏ ရည်မှန်းချက်များ ဖြစ်သည်။

“စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ နိုင်ငံတော်အတွင်း အလွန်အရေးကြီးတဲ့ ၂၁ ရာစု ပင်လုံညီလာခံကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်းတွင် မိမိတို့ ကိုယ်စားလှယ်တွေက ကျရာအခန်းကဏ္ဍမှ ပြည်သူကို ဗဟိုပြုကာ အကောင်းမွန်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်” ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။



၁၈-၁၁-၂၀၁၉ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr.Thomas Karl Neisinger တို့ တွေ့ဆုံစဉ်။

**တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိအောင် ဆောင်ရွက်ရန်၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို ဖော်ဆောင်ရန်၊ အမျိုးသားလွှတ်တော် အစည်းအဝေးများကို အောင်မြင်စွာဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ရုံးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်တို့သည် အမျိုးသားလွှတ်တော်၏ ရည်မှန်းချက်များဖြစ်”**

ထို့ပြင် ဗဟိုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဘတ်ဂျက်စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များမှ ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများကို သက်ဆိုင်ရာ ကော်မတီများအလိုက် ပူးပေါင်းဆောင်ရွက်ခြင်းများအပြင် ခေတ်စနစ်နှင့် ညီညွတ်သည့် ဒီမိုကရေစီ စံနှုန်းပြည့်ဝသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈) ပြင်ဆင်ရေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြောသည်။

အမျိုးသားလွှတ်တော်အနေဖြင့် နိုင်ငံတကာနယ်ပယ်မှ လွှတ်တော်/ပါလီမန်များနှင့် အပြန်အလှန် ချိတ်ဆက်၍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များ၊ ပြည်တွင်းအဖွဲ့အစည်းများအတွင်း လွှတ်တော်၏ ဆောင်ရွက်ချက်များကို ပိုမိုသိရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်လာနိုင်စေရန် အသိပညာဖလှယ်ခြင်းများနှင့် ပြည်တွင်း/ပြည်ပမှ လွှတ်တော်အတွင်း ပိုမိုလာရောက်လေ့လာနိုင်ရန်တို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။



၅-၁၂-၂၀၁၉ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mrs. Hana Mottlova တို့ တွေ့ဆုံစဉ်။

လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်းဖြင့် ပိုမိုအားကောင်းသည့် လွှတ်တော်တစ်ရပ် ဖြစ်လာရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ၎င်းထံသို့ တိုက်ရိုက်ပေးပို့လာသော ပြည်သူများ၏ ကြုံတွေ့နေရသော အခက်အခဲများနှင့် ဆုံးရှုံးနစ်နာနေမှုများကို ဖြေရှင်းပေးနိုင်ရန်နှင့် ကူညီဆောင်ရွက်ပေးနိုင်ရန် ကိစ္စရပ်တို့နှင့် စပ်လျဉ်းသည့် တင်ပြစာများ၊ တိုင်ကြားစာများနှင့် အသနားခံစာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ စဉ်ဆက်မပြတ် အလေးအနက်ထား ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် နိုင်ငံရပ်ခြားမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ နိုင်ငံ့အကြီးအကဲများ၊ ပြည်ပအဖွဲ့အစည်းများနှင့် အကြိမ် ၂၀ တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ဆုံမှုများတွင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုခိုင်မာရေး၊ လွှတ်တော်ပိုမိုအားကောင်းရေး၊ လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေးမြင့်မားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ထို့ပြင် ပြည်တွင်းမှ အသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် အခါအားလျော်စွာ တွေ့ဆုံခဲ့သည်။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့် အချိန်ကာလများတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့သွားရောက်၍ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံမှုကို (၁)နှစ်တာ ကာလအတွင်း (၁၄) ကြိမ် ကွင်းဆင်းလှည့်လည် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်တွင် ဥပဒေပြုလုပ်ငန်းများနှင့် မဏ္ဍိုင်ကြီး ၃ ရပ်အကြား အပြန်အလှန် ထိန်းကျောင်းသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမြဲတမ်းကော်မတီ လေးခုနှင့် ရေးရာကော်မတီ ၁၃ ခုတို့ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး အဆိုပါကော်မတီများမှ ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုလားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

### ဥပဒေကြမ်းကော်မတီ

အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း ၂၀ အနက် ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသော ဥပဒေကြမ်းတစ်ခု၊ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေကြမ်း ၁၁ ခုနှင့် ပြဋ္ဌာန်းပြီး ဥပဒေ ရှစ်ခုတို့ကို စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဥပဒေကြမ်းကော်မတီမှ ဆောင်ရွက်ခဲ့သည်။

ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ဥပဒေကြမ်း ၁၀ ခုအနက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သော ဥပဒေကြမ်း ငါးခုနှင့် ပြဋ္ဌာန်းပြီး ဥပဒေ ငါးခုရှိကြောင်း အဆိုပါကော်မတီမှ သိရသည်။

ထို့အတူ အမျိုးသားလွှတ်တော်မှ စတင်ဆောင်ရွက်သော ဥပဒေကြမ်း ၁၈ ခု၊ ပြည်သူ့လွှတ်တော်မှ စတင်ဆောင်ရွက်သော ဥပဒေကြမ်း ၁၁ ခု၊ ပြည်ထောင်စုလွှတ်တော်မှ တာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေ ခြောက်ခု စုစုပေါင်း ဥပဒေ ၃၅ ခု ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

*အချပ်ပို (ဂ) သို့*




၂၇-၉-၂၀၁၉ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကာဇက်စတန်သမ္မတနိုင်ငံ၊ Nur-sultan မြို့၌ ကျင်းပသည့် 4th Meeting of Speakers of Eurasian Countries' Parliaments ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို (ခ) မှ*

ထို့ပြင် ကော်မတီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်အထိ အစည်းအဝေး ၈၇ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။

**ပြည်သူ့ငွေစာရင်းကော်မတီ**

ကော်မတီသည် တစ်နှစ်တာကာလ အတွင်း ကော်မတီအနေဖြင့် အစည်းအဝေး ၁၅ ကြိမ်၊ ကြားနာခြင်း တစ်ကြိမ်နှင့် အစီရင်ခံစာတင်သွင်းခြင်း တစ်ကြိမ် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကော်မတီသည် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များနှင့် နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်ကျောင်းများ၏ ချိတ်ဆက်ဆောင်ရွက်ရာတွင် သုံးစွဲခဲ့သော အသုံးစရိတ်များအတွက် ငွေစာရင်းခေါင်းစဉ်အလိုက် အသေးစိတ်ဖော်ပြသည့် အချက်အလက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်၍ ကော်မတီအသီးသီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့နှင့် တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**လွှတ်တော်အခွင့်အရေးကော်မတီ**

ကော်မတီသည် လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များကို စိစစ်အတည်ပြုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရန် ကြပ်မတ်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သည့် အခွင့်အရေးများနှင့် ရပိုင်ခွင့်များ စသည့် တာဝန်များကို စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ပေးခဲ့သည်။

ကော်မတီအနေဖြင့် တာဝန်ယူရမည့်၊ လိုက်နာရမည့် လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများအပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိက တာဝန်(၃)ရပ် ဖြစ်သည့် ဥပဒေပြုတာဝန်၊ အစိုးရကို ထိန်းကျောင်းရမည့် တာဝန်နှင့် ပြည်သူကို ကိုယ်စားပြုသည့် တာဝန်များ ပြည်သူများ သိရှိအောင်ဆောင်ရွက်လျက်ရှိသည်။

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလ အတွင်း ညှိနှိုင်းအစည်းအဝေး ၆ ကြိမ်နှင့် ပြင်ပအဖွဲ့အစည်းများကို ၂ ကြိမ်တွေ့ဆုံခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ တိုင်စာများကို စိစစ်ဆောင်ရွက်ခဲ့ကာ လွှတ်တော်သို့ အစီရင်ခံစာ ၂ ကြိမ် တင်သွင်းခဲ့သည်။

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**

ကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက လွှတ်တော်အစည်းအဝေးများတွင် ဖြေကြားခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို သတ်မှတ်ကာလအတွင်း ကတိကဝတ်ပေးခဲ့သည့်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိ စိစစ်ရသည့် ကော်မတီတစ်ခု ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ပေးရန် ကတိပေးခဲ့သည့် မေးခွန်း ၆၅၄ ခုနှင့် အတည်ပြုအဆို ၁၀ ခု တို့ကို ကော်မတီမှ ဆောင်ရွက်ခဲ့သည်။

ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း/အဆိုများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန/အဖွဲ့အစည်းများကို ဖိတ်ကြားပြီး အတည်ပြုခြင်း၊ လုပ်ငန်းတိုးတက်မှုများကို လစဉ်အကြောင်းပြန်ကြားခြင်းနှင့် လုပ်ငန်းပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကော်မတီအနေဖြင့် အစိုးရ၏ ဆောင်ရွက်မှုများကို အပြန်အလှန်ထိန်းကျောင်း၍ အစိုးရနှင့် လွှတ်တော်အကြား ဟန်ချက်ညီညီဖြင့် ပြည်သူ့အကျိုးစီးပွားကို ရှေးရှုကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလ အတွင်း ကော်မတီအနေဖြင့် အစည်းအဝေး ၂၈ ကြိမ်၊ ဝန်ကြီးဌာန/ ပြည်နယ်/ တိုင်းဒေသကြီးတို့နှင့် အစည်းအဝေး ၂၂ ကြိမ်၊ ပြည်ပအဖွဲ့အစည်းနှင့် အစည်းအဝေး တစ်ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း ၃ ကြိမ် ပြုလုပ်ခဲ့ပြီး ပုံမှန်အစီရင်ခံစာ ၄ စောင် ပြုစုနိုင်ခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**

ကော်မတီသည် ကော်မတီအစည်းအဝေး ၁၉ ကြိမ်၊ ဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးခြင်း တစ်ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း (Debate) တစ်ကြိမ်၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဩ့တွေ့ခြင်း (၄) ကြိမ်တို့ကို စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်။

**အစိုးရ မဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလ အတွင်း ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၅ ကြိမ်၊ ဝန်ကြီးဌာနနှင့် တွေ့ဆုံမှု ၆ ကြိမ်၊ INGOs အဖွဲ့များနှင့် တွေ့ဆုံမှု ၄ ကြိမ်၊ ဩစတြေးလျနိုင်ငံရှိ Earth System Pty.Ltd နှင့် တွေ့ဆုံမှု တစ်ကြိမ် စုစုပေါင်း တွေ့ဆုံမှု ၁၆ ကြိမ် ပြုလုပ်ခဲ့သည်။

**ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ**

ကော်မတီသည် မန္တလေးမြို့နှင့် တောင်ကြီးမြို့ရှိ ပြည်သူ့ဆေးရုံများ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီးနှင့် ဇမ္ဗူသီရိဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့၌ ကင်ဆာရောဂါနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာခဲ့သည်။

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလ အတွင်း ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁၇ ကြိမ်၊ ဝန်ကြီးဌာနနှင့်တွေ့ဆုံမှု ၂ ကြိမ်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၁ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၂ ကြိမ်၊ အားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီး မြှင့်ပွဲများသို့ တက်ရောက်မှု ၁၆ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများနှင့် အစည်းအဝေးများ တက်ရောက်မှု ၇၈ ကြိမ်၊ ကွင်းဆင်းဆောင်ရွက်ခြင်း ၄ ကြိမ်နှင့် အပြန်အလှန် ဆွေးနွေးခြင်း(Debate) ၃ ကြိမ် ပြုလုပ်ခဲ့သည်။

**တိုင်းရင်းသားရေးရာကော်မတီ**

ကော်မတီသည် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ဒီမော့ဆိုမြို့တို့ရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား ဘာသာစာပေ သင်ကြားနေသော ဆရာ/ ဆရာမများ၏ လိုအပ်ချက်အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန် ကွင်းဆင်းသွားရောက်ခဲ့သည်။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၉ ကြိမ်၊ ဝန်ကြီးဌာန ၂ ခုနှင့် ဘတ်ဂျက်စိစစ်ရေး ပူးပေါင်းအစည်းအဝေး ၃ ကြိမ်၊ ပြည်ပတွေ့ဆုံမှု တစ်ကြိမ်၊ ပြည်တွင်းခရီးစဉ် တစ်ကြိမ်၊ တိုင်းရင်းသား စာပေသင်ကြားရေး ကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန ၂ ခုဖြင့် ညှိနှိုင်းအစည်းအဝေး ၂ ကြိမ်နှင့် တွေ့ဆုံကြားနာပွဲ ၂ ကြိမ် ပြုလုပ်ခဲ့ပြီး အစီရင်ခံစာ တစ်ကြိမ် တင်သွင်းခဲ့သည်။

**တောင်သူလယ်သမားရေးရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကော်မတီအနေဖြင့် အစည်းအဝေး ၂၂ ကြိမ်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တွေ့ဆုံမှု ၄ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၂ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၆ ကြိမ်နှင့် အပြန်အလှန်ဆွေးနွေးခြင်း (Debate) ၂ ကြိမ် ပြုလုပ်ခဲ့ပြီး အစီရင်ခံစာ ၃ ကြိမ် တင်သွင်းခဲ့သည်။

**အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂၅ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၆ ကြိမ်နှင့် ပြည်ပအဖွဲ့ အစည်းများနှင့်တွေ့ဆုံမှု ၄ ကြိမ် စုစုပေါင်း ၃၅ ကြိမ်ဆောင်ရွက်နိုင်ခဲ့သည်။

**ပညာရေးမြှင့်တင်မှုကော်မတီ**

ပညာရေးမြှင့်တင်မှု ကော်မတီသည် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကော်မတီ အစည်းအဝေး ၂၇ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများ နှင့်တွေ့ဆုံမှု တစ်ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၂ ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ၃ ကြိမ် ပြုလုပ်ခဲ့သည်။

ကော်မတီသည် အထူးဆောင်ရွက်ချက်အနေဖြင့် **"မိမိတို့ လူ့ဘောင်အဖွဲ့အစည်းနှင့် စီးပွားရေး၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သော သင်ရိုးညွှန်းတမ်းများအား ပြုစုခြင်း၊ သင်ကြားလေ့ကျင့်အကဲဖြတ်ခြင်း"** ခေါင်းစဉ်ဖြင့် စုံစမ်းလေ့လာမှု အစီရင်ခံစာပြုလုပ်ခဲ့သည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ**

ကော်မတီသည် မကွေးတိုင်းဒေသကြီး အမှတ် (၁၁) အထည်ချုပ်စက်ရုံ (ပခုက္ကူ) နေ့စား အလုပ်သမား ၃၇ ဦးကို အလုပ်မှ ထုတ်ပယ်ခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကော်မတီအနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ၂၀၁၉ ခုနှစ် ဇွန်လ ၃ ရက်တွင် ဥပဒေအမှတ် ၁၇ ဖြင့် ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းနိုင်အောင် ဆောင်ရွက်ခဲ့သည်။ ***အချပ်ပို (ဃ) သို့***



၃-၄-၂၀၁၉ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲ လေ့လာရေးအဖွဲ့ (EFM)၏ ခေါင်းဆောင် Mr. Alexander Graf Lambsdorff တို့ တွေ့ဆုံစဉ်။




၁၂-၁၀-၂၀၁၉ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ ဖလူးကျေးရွာ ပြည်သူလူထုနှင့် တွေ့ဆုံစဉ်။

- **မကွေးတိုင်းဒေသကြီး အမှတ် (၁၁) အထည်ချုပ်စက်ရုံ (ပခုက္ကူ) နေ့စားအလုပ်သမား ၃၇ ဦးကို အလုပ်မှ ထုတ်ပယ်ခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့**
- **နေပြည်တော် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၅၆ ဦးတို့၏ ဂျပန်ဟင်းနုနယ် စိုက်ပျိုးခြင်းတွင် နစ်နာဆုံးရှုံးမှုများအတွက် ကူညီဖြေရှင်းပေးနိုင်ပါရန် တင်ပြလာသည့်အပေါ် စိုက်ပျိုးသူ တောင်သူနှင့်** Myanmar Agri Food **ကုမ္ပဏီတို့အကြား ကျေအေးပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့**

*အချပ်ပို (ဂ) မှ*

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂၇ ကြိမ်၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစည်းအဝေး ၁၀ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု တစ်ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၆ ကြိမ်၊ ကွင်းဆင်းလေ့လာစိစစ်မှု တစ်ကြိမ်နှင့် ကြားနာတွေ့ဆုံမှု တစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ တစ်ကြိမ် တင်ပြဆောင်ရွက်ခဲ့သည်။

**နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ**

ကော်မတီသည် ထုံးဘို (၁)၊ ထုံးဘို (၂)နှင့် တမာတောင်(အမျိုးသမီး) ကျောက်ထုတ်စခန်းများနှင့် မန္တလေးဗဟိုအကျဉ်းထောင်များသို့ သွားရောက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အကျဉ်းသားများ၏ လူ့အခွင့်အရေး အခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် အလုပ်သမားရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ ကျားဖောင်လုပ်ငန်းများနှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်၊ မြိတ်ခရိုင် ကျွန်းစုမြို့နယ်တို့ရှိ ပင်လယ်ငါးဖမ်း လုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကော်မတီသည် တစ်နှစ်တာကာလအတွင်း ကော်မတီအနေဖြင့် အစည်းအဝေး ၂၆ ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း ၆ ကြိမ်၊ ပြည်တွင်းပညာရှင်များနှင့် တွေ့ဆုံမှု ၃ ကြိမ်နှင့် ပြည်ပတွေ့ဆုံမှု ၃ ကြိမ် ဆောင်ရွက်ခဲ့ပြီး တိုင်ကြားစာ ၁၆၂ စောင်ကို ဖြေရှင်းဆောင်ရွက်ခဲ့သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု တစ်ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၆ ကြိမ်၊ ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး ၂၇ ကြိမ်၊ ဝန်ကြီးဌာန/လုပ်ငန်းရှင်များနှင့် တွေ့ဆုံမှု ၆ ကြိမ်၊ Westminster Foundation for Democracy–WFD ၏ အစီအစဉ်ဖြင့် "၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေအား လက်ရှိပြည်သူများ ကျင့်သုံးနေမှုကို ပြန်လည်သုံးသပ်ရန်အတွက် စုံစမ်းလေ့လာမှု" အနေဖြင့် လေ့လာရေးခရီး(Site Visit) ၂ ကြိမ် စုစုပေါင်း ၄၂ ကြိမ်ပြုလုပ်ခဲ့သည်။

**ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း တိုင်ကြားစာပေါင်း ၁၄၈၇ စောင် လက်ခံရရှိခဲ့ပြီး ကွင်းဆင်းစစ်ဆေးခြင်းအမှုတွဲ ၆ တွဲကို ၄ ကြိမ်၊ ကြားနာမှု တစ်ကြိမ်၊ အာဏာပိုင်အဖွဲ့အစည်းများသို့ ၄၆ စောင်၊ ဝန်ကြီးဌာနများသို့ ၁၃၈ စောင်၊ ပြည်နယ်/တိုင်းဒေသကြီးများသို့ ၃၃၈ စောင်၊ ပြည်ပအဖွဲ့အစည်းနှင့်တွေ့ဆုံမှု တစ်ကြိမ်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ၂၂၅ စောင်၊ ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၈ ကြိမ်နှင့် ကာယကံရှင်ထံ ပြန်ကြားခြင်း ၃၄၉ စောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် အစီရင်ခံစာ ၂ ကြိမ် တင်သွင်းခဲ့သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီသည် United Nations Development Programme – UNDP နှင့်ပူးပေါင်း၍ ကော်မတီမှ မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများကို လျှော့ချရေးဆိုင်ရာ လေ့လာစိစစ်မှု (Inquiry)ကို ပြုလုပ်ခဲ့သည်။

ထို့ပြင် နေပြည်တော် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၅၆ ဦးတို့၏ ဂျပန်ဟင်းနုနယ်စိုက်ပျိုးခြင်းတွင် နစ်နာဆုံးရှုံးမှုများအတွက် ကူညီဖြေရှင်းပေးနိုင်ပါရန် တင်ပြလာသည့်အပေါ် စိုက်ပျိုးသူတောင်သူနှင့် Myanmar Agri Food ကုမ္ပဏီတို့အကြား ကျေအေးပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၇ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၃ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၂ ကြိမ်၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေး ၇ ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း(Debate) ၄ ကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း ၅ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

**ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ**

ကော်မတီသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအကြိမ် ၂၀၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေး ၆ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု တစ်ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၂ ကြိမ်၊ အပြန်အလှန် ဆွေးနွေးခြင်း(Debate) ၂ ကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း ၂ ကြိမ် ဆောင်ရွက်ခဲ့ပြီး တိုင်ကြားစာ ၁၈ စောင်ကို စိစစ်ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖတ်ရှုလေ့လာနိုင်ရေးအတွက် သုတေသနစာတမ်းတို့ အစောင် ၂၀၅၀ ရေးသားထုတ်ဝေခြင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းသည့် သုတေသနဆိုင်ရာ မေးခွန်း ၃၄၁ ခုကို ဖြေကြားပေးခြင်း၊ အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်တွင်းပြည်ပ ဧည့်သည်များကို ဧည့်ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်း၊ စာကြည့်တိုက်ဌာနခွဲမှ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လိုအပ်သည့် သတင်းအချက်အလက်များရရှိစေရန် ဝန်ဆောင်မှုများ ပေးခြင်းတို့ဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အမျိုးသားလွှတ်တော် ဝက်ဘ်ဆိုက်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် စတင်ထုတ်လွှင့်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ထပ်မံအဆင့်မြှင့်တင် ဆောင်ရွက်ခဲ့သည်။ အမျိုးသားလွှတ်တော် ကော်မတီများ၏ Facebook Page ကို ကော်မတီတစ်ခုချင်းအလိုက် ထည့်သွင်းထားရှိပြီး ဖြစ်သည်။

ထိုကဲ့သို့ ပြည်သူ့အကျိုး ကိုယ်စားပြုဖော်ဆောင်ရာ အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုစီမှ ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် ၄ ဦးစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး စုစုပေါင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ အများဆုံး ၂၂၄ ဦး ဖြင့် ဖွဲ့စည်းရမည် ဖြစ်သည်။ လက်ရှိတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂၂၃ ဦးက ပြည်သူ့ဆန္ဒများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ပြီးခဲ့သည့် လေးနှစ်တာအတွင်း ပြည်သူ့အတွက် ကြိုးပမ်းဖော်ဆောင်ခဲ့သလို ကျန်ရှိသည့် လွှတ်တော်သက်တမ်းအတွင်း ပြည်သူ့အကျိုးအတွက် ပြည်သူ့ထံမှလာသည့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ပေးနေမည် ဖြစ်သည်။

ကျန်ရှိသည့် လွှတ်တော်သက်တမ်းအတွင်း မိမိတို့ ကိုယ်စားလှယ်များအနေဖြင့် ပြည်သူမှအပ်နှင်းထားသည့် ဥပဒေပြုရေးအာဏာကို ပြည်သူများအတွက် အဓိကထား အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းထမ်းဆောင်ရင်း လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သည့် **"ပြည်သူ့ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဆိုသည့်အတိုင်း ပြည်သူတို့၏ မျှော်လင့်ချက်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ အမှာစကားကို ပြည်သူထံသို့ ထပ်ဆင့်တင်ပြရင်း ........။